# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၃၃၂)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ဆက်လက်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ **မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၁၄၅ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင်** က ၄၅ ဦးပါ ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ လုပ်ငန်းစဉ်များသည် ယနေ့အချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအတွက် လိုက်နာရမည့် ဥပဒေပုဒ်မများကို လိုက်နာနိုင်သည့်အဆင့်သို့ပင် မရောက်သေးသည်ကို တွေ့ရပါကြောင်း၊ ပြင်ဆင်ရန် အကြံပြုချက် ၃၇၆၅ ချက်ကို ဥပဒေမူကြမ်းအဖြစ် ပြုစုနိုင်ရန်လည်း အချိန်ယူညှိနှိုင်းကြရဦးမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁* ❖



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

**ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူ ၁ ဒသမ ၇ သန်း ရွှေ့ပြောင်းရန် အကြံပြုချက်ထုတ်ပြန်** စာမျက်နှာ » ၁၄

**ဂျွန်ဆင်လက်ထက် ဘရီးဇစ်အရေး ဘယ်လိုဆက်တွေးမလဲ** စာမျက်နှာ » ၁၅

**ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးမှာ ငွေကျပ် ၁၂၄၀၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်** စာမျက်နှာ » ၂၀

**မှတ်သားဖွယ်ရာ မိုးရေချိန်များ** ၂၈-၈-၂၀၁၉

| | | | |
|---|---|---|---|
| ရေးမြို့ | ၇ ဒသမ ၂၈ လက်မ | သံတွဲမြို့ | ၃ ဒသမ ၈၂ လက်မ |
| ကြာအင်းဆိပ်ကြီးမြို့ | ၅ ဒသမ ၅၈ လက်မ | စစ်ကိုင်းမြို့ | ၃ ဒသမ ၈၀ လက်မ |
| မော်လမြိုင်မြို့ | ၅ ဒသမ ၄၃ လက်မ | အမရပူရမြို့ | ၃ ဒသမ ၅၂ လက်မ |
| ပိုင်ကျုံမြို့ | ၅ ဒသမ ၀၀ လက်မ | ပုသိမ်မြို့ | ၃ ဒသမ ၃၄ လက်မ |
| ကျိုက်မရောမြို့ | ၄ ဒသမ ၆၅ လက်မ | ထားဝယ်မြို့ | ၃ ဒသမ ၁၉ လက်မ |
| ကျောက်ဆည်မြို့ | ၄ ဒသမ ၆၄ လက်မ | မြစ်သားမြို့ | ၃ ဒသမ ၁၄ လက်မ |
| ဘီးလင်းမြို့ | ၄ ဒသမ ၁၇ လက်မ | လပွတ္တာမြို့ | ၃ ဒသမ ၁၁ လက်မ |
| ရွှေဂွန်း | ၄ ဒသမ ၁၆ လက်မ | | |

မိုး/ဇလ




မြန်မာ့အလင်း

# မြို့ပြ ပြဿနာများ ဖြေရှင်းနိုင်ရေး

မြို့ကြီးများ ကြီးထွားလာသည်နှင့်အမျှ မြို့ပြ ပြဿနာများကလည်း များပြားရှုပ်ထွေးလာလေသည်။ မြို့ပြနေထိုင်သူများ၏ နေမှုဘဝ၊ သေမှုဘဝ အစစသော အခက်အခဲ အကျပ်အတည်းများ၊ ရှုပ်ထွေးပွေလီလှသော ပြဿနာကြီးငယ်များ အားလုံးကို ဖြေရှင်းရမည်ဆိုခြင်းမှာ လွယ်ကူသောကိစ္စမဟုတ်သည်မှာလည်း သေချာပါသည်။ သို့သော်လည်း မြို့ပြအရေး တာဝန်ယူထားရသူများအဖို့မူ သည်သို့သော အခက်အခဲ အကျပ်အတည်းများကြားကပင် မြို့ပြအရှုပ်အထွေးများကို အတတ်နိုင်ဆုံး ပြေလည်ရေးကို စီမံလုပ်ဆောင်ကြရပါသည်။

မြို့ပြစည်ပင်သာယာရေး၊ မြို့ပြနေချင့်စဖွယ်ဖြစ်ရေး၊ မြို့နေလူထု ကိုယ်စိတ်နှစ်ပါး လုံခြုံစွာ နေထိုင်နိုင်ကြရေး၊ မြို့ပြပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူတိုးတက်ကောင်းမွန်ရေး၊ မြို့ပြသားတို့အတွက် ပညာရေး၊ ကျန်းမာရေးကအစ၊ ရွှင်လန်းပျော်မွေ့စွာ ရှင်သန်ကြခြင်း အလယ်၊ လူမှုရေး ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားရေးအဆုံး အစစသော ပြည့်စုံမှုများ လိုအပ်ပါသည်။

လူတစ်ဦး မွေးဖွားချိန်မှစ၍ ကွယ်လွန်ချိန်အထိ ဘဝလမ်းတစ်လျှောက်သည် မြို့ပြလည်ပတ်မှု ယန္တရားတစ်ခုလုံး ချောမွေ့နေမှု၊ အဆင်ပြေလွယ်ကူနေမှုတို့အပေါ်တွင် လုံးလုံးလျားလျား တည်မှီနေသည်ဆိုခြင်းက အားလုံး၏ အနှစ်ချုပ်ဟု ဆိုရပါမည်။

အထက်ဆွေးနွေးချက်ပါ လုပ်ငန်းစဉ်တစ်ခုလုံးသည် မြို့တော်စည်ပင်သာယာရေးအဖွဲ့အစည်းနှင့် မြို့တော်ဝန်ဖြစ်သူတို့၏ ဦးဆောင်ဦးရွက်ပြုနိုင်မှုနှင့် မြို့ပြ ပြဿနာများ၏ အရင်းအမြစ်ကို သေသေချာချာ နားလည်မှု၊ ဖြေရှင်းနည်းလမ်းစုံကို ပညာရှင်အသီးသီးတို့၏ အကြံဉာဏ်များအား ခြုံငုံသုံးသပ်ဆန်းစစ်ကာ ထိုးထွင်းကြံဆနိုင်မှု၊ ခေတ်မီ၍ စိတ်ကူးတီထွင်ဖန်တီးနိုင်မှုတို့ဖြင့် စီမံကိန်းများကို စနစ်တကျ ချမှတ်ရေးဆွဲနိုင်မှု၊ ထိုစီမံကိန်းများကို မြို့ပြပြည်သူတို့ နားလည်သဘောပေါက်ကာ သဘောတူဝိုင်းဝန်းပါဝင်အောင် စည်းရုံးဆွဲဆောင်နိုင်မှု၊ အများကို အသိပေးတိုင်ပင်မှု၊ ရေးဆွဲထားသည့် စီမံကိန်းများ ရလဒ်ကောင်းများရရန် အကျိုးသက်ရောက်မှုရှိစွာ အကောင်အထည်ဖော်ဆောင်နိုင်မှု အစရှိသည့် အရည်အသွေးများမြင့်မားလေလေ မြို့ပြသားတို့၏ဘဝများ ပြေလည်ချောင်လည်လေလေ ဖြစ်ပါမည်။

အထွေထွေအခက်အခဲများကို ဘက်စုံထောင့်စုံမှ အလုံးစုံ မဖြေရှင်းနိုင်သေးသည့်တိုင် ဦးဆောင်သူတို့၏ နားလည်မှု၊ ဉာဏ်ရည်ကြီးမြင့်မှု၊ ရင့်ကျက်မြော်မြင်တတ်မှုတို့ဖြင့် မြို့ပြ ပြည်သူလူထုနှင့်အတူ တစ်သားတည်း ဖြစ်နေရေးက သော့ချက်ဖြစ်ပါသည်။ မြို့ပြစိမ်းလန်းရေး၊ မြို့လူထုမြတ်နိုးတန်ဖိုးထားသော မြို့ပြအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကာ ရေရှည်တည်တံ့အောင် စီမံနိုင်မှုတို့နှင့်အတူ မြို့သန့်ရှင်းရေး၊ လုံခြုံမှုရှိစေရေးတို့အတွက် မြို့ပြလူထု၏ အကူအညီများ ဝိုင်းဝန်းပါဝင်ကြရေးကို ပညာပေးရင်း၊ စည်းရုံးလှုံ့ဆော်ရင်း၊ နားလည်မှုရယူရင်း၊ ဥပဒေနှင့်အညီ ထိန်းကွပ်စရာရှိသည်များကို နိုင်နိုင်နင်းနင်း ထိန်းကွပ်ခြင်းတို့ဖြင့် နိုင်ငံတကာမြို့ကြီးများ စည်ပင်တိုးတက်လာနေသည်ကို နမူနာယူရမည်ဖြစ်ပါသည်။

ခေတ်မီ၍ နည်းပညာများ အဆင့်မြင့်မားလာသည်နှင့်အမျှ ပြောင်းလဲလာသော ခေတ်သစ်လူမှုအဖွဲ့အစည်း၏ ယဉ်ကျေးမှုများကလည်း ပြောင်းလဲလာနေသည်။ ထိုသို့ ပြောင်းလဲမှုများကြောင့်ပင် မြို့ကြီးများသည် မဟာမြို့ကြီးများ၊ မဟာ့မဟာမြို့ကြီးများအဖြစ်သို့ တိုးတက်ကြီးမားလာလေ့ရှိသည်။ သန်းပေါင်းများစွာ တိုးပွားမြင့်မားလာသော လူဦးရေနှင့်အညီ တိုးမြင့်လာနေသော လိုအပ်ချက်များ၊ မပြေလည်မှုများကို ဖြေရှင်းနိုင်အောင် ကြိုးစားနေကြခြင်းကပင် နိုင်ငံတကာမြို့ကြီးများ၏ အားရဖွယ် နမူနာများဟု ဆိုရပါမည်။

ယခုအခါ မြန်မာနိုင်ငံ မြို့ကြီးများသည်လည်း မဟာမြို့ကြီးများ၊ မဟာ့မဟာမြို့ကြီးများအဖြစ် တဖြည်းဖြည်းချင်း ပြောင်းလဲလာတော့မည် ဆိုသည်မှာ မုချကေန်ဖြစ်ပေသည်။ ယခုဆိုလျှင်ပင် မနိုင်မနင်းဖြစ်လာနေသော၊ မွန်းကျပ်သိပ်သည်းနေသော၊ အမွေအနှစ်တို့ လျော့ပါးဆုံးရှုံးလာနေသော၊ စိမ်းလန်းမှုတို့ နည်းပါးလာသော၊ အများပြည်သူသုံး မြေခင်းကွက်လပ်များ ကျဲပါးလာနေသော၊ ဥပဒေချိုးဖောက်မှုများ ရဲတင်းလာနေသော၊ ရာဇဝတ်မှုများက ပြက်ရယ်ပြုလာနေပြီဖြစ်သော မြို့ကြီးများကို စတင်ရရှိနေပြီဖြစ်ရာ ဦးဆောင်သူများ၊ မြို့ပြပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ ရင့်ကျက်မြော်မြင်ဉာဏ်ကြီးသည့်၊ ထက်ထက်မြက်မြက်လည်းရှိသည့် ကြိုးပမ်းအားထုတ်မှုဖြင့် အထူးတလည် မြန်မြန်ဆန်ဆန် စီမံဆောင်ရွက်ဖြေရှင်းကြရန်လိုအပ်နေပြီဟု နှိုးဆော်လိုက်ရပါသတည်း။ ။

# အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီပူဇော်ခံမည်



ယမန်နှစ်က ကျင်းပသည့် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီမှုကို စည်ကားစွာ တွေ့ရစဉ်။

**ညောင်ရွှေ သြဂုတ် ၂၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် ၁၃၈၁ ခု သီတင်းကျွတ်လဆန်း ၁ ရက် (စက်တင်ဘာ ၂၉ ရက်) မှစ၍ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံမည်ဖြစ်သည်။

ညောင်ရွှေမြို့သို့ အောက်တိုဘာ ၅ ရက်တွင် ရောက်ရှိတော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်အထိ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၁၆ ရက်) တွင် အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွမြန်း ကိန်းဝပ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရတနာပုံတက္ကသိုလ်၊ မြင်းခြံဒီဂရီကောလိပ်၊ မန္တလေးဒီဂရီကောလိပ်များတွင် (အဝေးသင် သင်တန်း) အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် သြဂုတ် ၂၈**

ရတနာပုံတက္ကသိုလ်၊ မြင်းခြံဒီဂရီကောလိပ်၊ မန္တလေးဒီဂရီကောလိပ်များတွင် (အဝေးသင် သင်တန်း) အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအသုတ်အနေဖြင့် သိပ္ပံအထူးပြုအားလုံး ပထမနှစ်မှ စတုတ္ထနှစ်အထိကို အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိ စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ၎င်းတို့အတွက် အနီးကပ်သင်တန်းမရှိကြောင်း သိရသည်။

ဒုတိယအသုတ်အနေဖြင့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာရပ်များ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေပညာ)ကို အောက်တိုဘာ ၁၀ ရက် မှ ၂၄ ရက်အထိ အနီးကပ်သင်တန်းပို့ချပြီး အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ စာမေးပွဲကျင်းပမည် ဖြစ်သည်။

တတိယအသုတ်အနေဖြင့် အထူးပြုဘာသာရပ် မြန်မာစာ၊ သမိုင်းပထမနှစ် ကျောင်းသား ကျောင်းသူများသည် လည်းကောင်း၊ အထူးပြုဘာသာရပ် မြန်မာစာ၊ သမိုင်း၊ စီးပွားရေး၊ စီးပွားစီမံ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်များကို နိုဝင်ဘာ ၆ ရက်မှ ၁၈ ရက်အထိ အနီးကပ်သင်တန်းများပို့ချပြီး နိုဝင်ဘာ ၂၀ရက်မှ ၂၈ရက်အထိ စာမေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ် (အဝေးသင် သင်တန်း)မှ သတင်းရရှိသည်။ **အေးသန်း**

# အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ပြည်မြို့၌ ကျင်းပ



၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ပြည်မြို့အ.ထ.က(၁) ၌ ကျင်းပစဉ်။

**ပြည် သြဂုတ် ၂၈**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့အ.ထ.က(၁)သုံးထပ်ဆောင်၌ သြဂုတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် “ပြည်သူ့ဘဝ ငြိမ်းချမ်းဖို့ ဒီမိုကရေစီဖော်ဆောင်စို့”၊ “ဒီမိုကရေစီအားကောင်းရေး တို့လူငယ်များ ဝန်းရံပေး”စသည့် ခေါင်းစဉ်များဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်နှင့် သာယာဝတီခရိုင်အတွင်း မြို့နယ် ၁၄ မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မိုးဆက်လက်ပိုနေမည်

**နေပြည်တော် သြဂုတ် ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီးနှင့် တွေ့ဆုံ

## ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ရန် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီး မစ္စတာ ဆုန့်ထောင်းနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ရန် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မစ္စတာ ဆုန့်ထောင်းတို့သည် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် လာမည့် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ် ၇၀ ပြည့် အခါသမယတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ယခုထက်ပိုမိုမြှင့်တင်ရန် နှစ်နိုင်ငံလုံးက ဆန္ဒရှိကြောင်းကိုလည်း ထပ်လောင်းအတည်ပြုပြောကြားကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မစ္စတာဆုန့်ထောင်း တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာ ဆုန့်ထောင်းနှင့် တွေ့ဆုံစဉ်။

# နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသား ဒုတိယ ၅ နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂)နှင့်စပ်လျဉ်း၍ ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ **Chief of Mission, Mr. Akio Nakayama** တို့ တွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ Chief of Mission, Mr. Akio Nakayama တို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသား ဒုတိယ ၅ နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂)၊ ခိုင်မာသော အုပ်ချုပ်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အလုပ်သမားရွှေ့ပြောင်းသွားလာခြင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးမြှင့်ရရှိစေခြင်း (တွဲလက်စီမံချက်)နှင့် MILDAS Project တို့အရ ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွှေ့ပြောင်းသွားလာသူများနှင့် ယင်းတို့၏ မိသားစုဝင်များအား ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးသင်တန်း၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းနှင့် ကျွမ်းကျင်မှုအရည်အသွေး တိုးတက်မှုဆိုင်ရာ သင်တန်းများနှင့် အလုပ်အကိုင်ချိတ်ဆက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များအား ရွှေ့ပြောင်းသွားလာခြင်းမှ ရရှိလာသည့် အကျိုးဖြစ်ထွန်းမှုစီမံခန့်ခွဲခြင်းတို့အပေါ် အသိပညာပေးခြင်းဆိုင်ရာ သင်တန်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု တတ်မြောက်ရေးသင်တန်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ IOM မှ ပေးပို့လာသည့် ၂၀၁၉ Work Plan အား မူအားဖြင့် သဘောတူထားရှိပြီး အသေးစိတ်အချက်အလက်များအား လုပ်ငန်းအဖွဲ့များဖြင့် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေ၊ MRC ရုံးများ၏ လုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းနိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းစီမံကိန်း အစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း စီမံကိန်းအစီအစဉ် ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် National Coordination Unit of Mekong-Lancang Cooperation , Vice Chair, ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ နိုင်ငံအလိုက် အတွေ့အကြုံမျှဝေနိုင်မည့် အခြေအနေများနှင့် အသိပညာဖလှယ်ရေး၊ လေ့လာရေးခရီးစဉ်များ စီစဉ်နိုင်ရေး ဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်အစီအစဉ်များကို ညှိနှိုင်းရေးဆွဲကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထူထောင်ပေးသည့် ဒုတိယအကြိမ် အထူးရန်ပုံငွေအရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းစုစုပေါင်း ၂၃ ခုကို အဆိုပြုခဲ့ရာ စီမံကိန်း ၁၂ ခု ရွေးချယ်ခံရသည့်အနက် ယခုအစီအစဉ်မှာတစ်ခုအပါအဝင်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Agriculture and Poverty Reduction) ကဏ္ဍတွင် ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရေးမြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ပြင်ဦးလွင် ဩဂုတ် ၂၈**

၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာပြီး ရေးမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးကြုံတွေ့ခဲ့ရသည့် အိမ်ထောင်စုဝင်မိသားစုများအတွက် အလှူငွေများနှင့်ပစ္စည်းများကို ပြင်ဦးလွင်မြို့ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဩဂုတ် ၂၈ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာ၌ ရေဘေးသင့်အိမ်ခြေ ၁၃၄ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းစီနှင့် ထီး၊ ခတ်ဆား၊ ခတ်မီး၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်မျိုးစုံ၊ ရေသန့်ဘူးတို့ကို လှူဒါန်းခဲ့ပြီး ရေးမြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကံဝင်းက လက်ခံ၍ ရေဘေးသင့်မိသားစုဝင်များသို့ ပြန်လည်ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ တတိယအကြိမ်စည်းဝေး

**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေး စီမံကိန်းအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး၊ ပါရမီလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်း တစ်လျှောက်၌ လိုအပ်သော မြေနေရာရရှိနိုင်ရေးနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်နိုင်ရေးတို့နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရန် ပြောကြားသည်။

ထို့နောက် JICA Study Team ကနဦးစီမံကိန်းတိုးတက်မှုများ၊ ဦးဆောင်ကော်မတီက ဆုံးဖြတ်ပေးရမည့်ကိစ္စရပ်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**



**ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ တတိယအကြိမ်အစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

# ရန်ကုန်မြေပုံရေးဆွဲရေးစီမံကိန်း၏ နောက်ဆုံးအကြိမ်မြောက် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြေပုံရေးဆွဲရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်မြေပုံရေးဆွဲရေး စီမံကိန်း၏ နောက်ဆုံးအကြိမ်မြောက် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပါခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ Deputy Chief Mission Mr. Toru Maeda နှင့် JICA Myanmar ရုံးမှ ဌာနကိုယ်စားလှယ် အရာရှိချုပ် မစ္စတာ မာစယူကိကာရဆာဝါတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်မြေပုံရေးဆွဲပြီးမြောက်ခြင်းနှင့် စဉ်ဆက်မပြတ် တိုင်းတာလျက်ရှိသော မြေတိုင်း ရည်ညွှန်းမှတ်တိုင်များ (CORS)နှင့် ပတ်သက်သည့် မှတ်တမ်းများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

"ဒီလုပ်ငန်းစဉ်ဟာ ဌာနဆိုင်ရာအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ရှေ့ဆက်လုပ်ဖို့များစွာ ကျန်ရှိနေသေးတယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ အဓိကကတော့ စီမံကိန်းကို ကျွန်တော်တို့ရပြီ။ ဒါပေမယ့် လုပ်ငန်းစဉ်ကတော့ မနက်ဖြန်ကနေစပြီး စတင်ရတော့မှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အခုမှစပြီး လုပ်ရမှာဖြစ်ပါတယ်။ ဒီမြေပုံကြီး ရပြီဆိုရင် ဒီမြေပုံမှာ ပါဝင်ရမယ့် အချက်အလက်တွေ အကုန်လုံးကို ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းဆောင်ရွက်ရမယ့် အစီအစဉ်တွေရှိပါတယ်။ မြို့တော်စည်ပင်သာယာဘက်ကတော့ မြို့တော်ရဲ့နယ်နိမိတ်အတွင်းမှာရှိနေတဲ့ အချက်အလက်တွေကို စပြီးထည့်မှာဖြစ်သလို ဌာနဆိုင်ရာတိုင်းမှာ အချက်အလက်တွေရှိမှာဖြစ်ပါတယ်။ ဥပမာ- ပညာရေး၊ ကျန်းမာရေး၊ အခြားသော ဝန်ကြီးဌာနတွေ တစ်ခုချင်းစီအလိုက် ပိုပြီးပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် မြေပုံကိုအခြေခံပြီး စနစ်တကျ ပြန်လည်သုံးသပ်နိုင်ရန်နှင့် အနာဂတ်ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အချက်အလက်များကို မြေပုံအခြေခံ၍ ရရှိနိုင်ရန်အတွက် ရန်ကုန်မြေပုံရေးဆွဲရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြေပုံရေးဆွဲရေး စီမံကိန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စီမံကိန်းကာလပြီးဆုံးကြောင်း သိရသည်။ ရန်ကုန်မြေပုံရေးဆွဲရေးလုပ်ငန်းစဉ်ကို စီမံချက်ဧရိယာနှစ်မျိုး သတ်မှတ်၍ မြေပုံရေးဆွဲရာတွင်လည်း စကေးနှစ်မျိုးဖြင့် ရေးဆွဲထားကြောင်း သိရသည်။

ရန်ကုန်မြေပုံရေးဆွဲရေး စီမံကိန်း၌ ၂၀၄၀ မဟာရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်းတွင် ရန်ကုန်မြို့ပြင် မြို့ပတ်လမ်းဟူ၍ လျာထားချက်ရှိပြီး ၎င်းအတွင်းပါဝင်သော မြို့နယ် ၃၃ မြို့နယ်နှင့် ရန်ကုန်အနောက်တောင် ဧရိယာဖြစ်သော တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်တို့တွင် မြေပုံရေးဆွဲခြင်း လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

**အချက်အလက်များထုတ်ယူနိုင်မည်**

ရန်ကုန်မြေပုံကို ကြည့်ခြင်းအားဖြင့် မြေအသုံးချမှုများနှင့် မြို့ပြစီမံကိန်းရေးဆွဲမှုများတွင် လူနေသိပ်သည်းမှုများ၊ အထပ်မြင့်အဆောက်အအုံ များပြားနေမှုများကို သိရှိနိုင်ပြီး နောက်ပိုင်း အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုရာတွင် မြေပုံကိုအသုံးချ၍ ရနိုင်မည်ဖြစ်သည်။ ထို့ပြင် မြေပြင်တွင် တည်ရှိနေသော လူမှုအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များဖြစ်သော ပန်းခြံများ၊ အားကစားကွင်းများ၊ ဆေးရုံများ၊ ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေအဆောက်အအုံများ စသည်ဖြင့် မြေပြင်တွင် တည်ရှိနေသော အဆောက်အအုံဆိုင်ရာ အခြေခံ အချက်အလက်များကိုလည်း မြေပုံမှ ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသည့် ကမ္ဘာ့မြေမျက်နှာပြင် အခြေအနေ၊ ရန်ကုန်မြို့တွင် တည်ရှိနေသော အဆောက်အအုံများ၏ အခြေအနေနှင့် မြေမျက်နှာသွင်ပြင်ပြောင်းလဲမှု အခြေအနေများကို CORS (စဉ်ဆက်မပြတ် တိုင်းတာနေသော မြေတိုင်းအညွှန်းမှတ်တိုင်)များဖြင့် တိုင်းတာမည်ဖြစ်ပြီး မဟာရန်ကုန်ကို ခြုံငုံမိနိုင်သောနေရာများဖြစ်သည့် ငွေယားတောင်နေရာ၊ လှည်းကူးမြို့နယ် စည်ပင်သာယာရုံးဝင်းအတွင်း၊ ထန်းတပင်မြို့နယ် အားကစားကွင်းအတွင်း၊ သန်လျင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် တွံတေးမြို့နယ် စည်ပင်သာယာဝင်းအတွင်း နေရာများတွင် CORS စတေရှင်များ တည်ဆောက်ထားကြောင်း သိရသည်။

**ချိတ်ဆက်ဖမ်းယူမည်**

CORS စတေရှင် ငါးခုအနေဖြင့် ဂြိုဟ်တုမှလွှင့်ထုတ်လိုက်သော အချက်အလက်များကို ချိတ်ဆက်ဖမ်းယူမည်ဖြစ်ပြီး ရန်ကုန်မြို့ မြန်မာနိုင်ငံမြေတိုင်းရုံးဝင်းအတွင်းရှိ ဒေတာစင်တာသို့ ပေးပို့မည်ဖြစ်သည်။ အဆိုပါ ဒေတာစင်တာတွင် ရရှိလာသော အချက်အလက်များကို အခြေခံ၍ မြေပုံပြောင်းလဲမှုများကို ပြင်ဆင်ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ မြေပုံများအား GIS နည်းပညာဖြင့် အချက်အလက်များ ရေးသွင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြေပုံရေးဆွဲရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးပြီး ရရှိလာသော အကူအညီ စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



**ရန်ကုန်မြို့တွင်းတစ်နေရာကို အပေါ်စီးမှ တွေ့မြင်ရစဉ်။** ဓာတ်ပုံ - အာကာစိုး

# နယ်စပ်ဒေသများရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ဂျပန်နိုင်ငံ Otsuma Women's University မှ ဒုတိယဥက္ကဋ္ဌ Professor Seiji Osawa နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ Otsuma Women's University မှ ပညာရှင်များနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပညာရှင်များ ပေါင်းစပ်ပြီး ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေး၊ ကိုယ်ခန္ဓာကြီးထွားမှုနှုန်းထား၊ ကြံ့ခိုင်သန်စွမ်းမှုဆိုင်ရာကဏ္ဍတွင် သုတေသနပြုနေမှု၊ တက္ကသိုလ်ပြတိုက်ကို အဆင့်မြှင့်တင်ရေးကိစ္စ၊ နယ်စပ်ဒေသများတွင် နေထိုင်ကြီးပြင်းသည့် လူငယ်များ၏ လူမှုဘဝတိုးတက်ဖြစ်ထွန်းမှုနှင့် နေထိုင်ရှင်သန်မှုများဆိုင်ရာ သုတေသနစာတမ်းများ ပြုစုနေမှု၊ နောင်တွင်တက္ကသိုလ်နှစ်ခု ပိုမိုပူးပေါင်း၍ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး၊ သုတေသနများ ပိုမိုဆောင်ရွက်ရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဂျပန်နိုင်ငံ Otsuma Women's University မှ ဒုတိယဥက္ကဋ္ဌ Professor Seiji Osawa နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် ဆွေးနွေးစဉ်။


တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင် ဆွေးနွေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရှင်းလင်းတင်ပြစဉ်။


သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးစဉ်။


ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင် ဆွေးနွေးစဉ်။


အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးစဉ်။

❖ *ရှေ့ဖုံးမှ*

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၃၊ ၄၃၅ ပါအတိုင်း ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်းလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်အုပ်လုံးကို ပြင်ဆင်ရန် လေ့လာစိစစ်ခြင်းလုပ်ငန်းစဉ်များသည် အနှစ်သာရရော လားရာပါမတူနိုင်သကဲ့သို့ ပြင်ရန်လွယ်ကူမှုနှုန်းလည်း မတူနိုင်သည့်အတွက် ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါ ပြင်ဆင်ခြင်း ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအတိုင်းသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်** က ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိတို့နိုင်ငံ၏ အဓိကလိုအပ်သည့်ဥပဒေဖြစ်ပြီး မိမိတို့ မိသားစုများ မှီတင်းနေထိုင်ကြသည့် အိမ်ကြီးနှင့် တူပါကြောင်း၊ မိမိတို့အိမ်ကို တစ်ပိုင်းပြီးတစ်ပိုင်း ပြုပြင်လိုပါက ပြုပြင်နိုင်ပါကြောင်း၊ အိမ်ဟောင်းကိုဖြိုပြီး အိမ်သစ်ဆောက်လိုပါက မိမိတို့မိသားစုက ယာယီရွှေ့ပြောင်းနေထိုင်ကြပြီးမှသာ အိမ်ဟောင်းဖြို၍ ရပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဥပဒေအခန်း(၁၂)ပါ ပြဋ္ဌာန်းချက်အတိုင်းသာ ပုဒ်မတစ်ခုပြီးမှတစ်ခု ပြင်စေလိုပါကြောင်း၊ ဥပဒေစာအုပ်တစ်အုပ်လုံးကို ပြင်ဆင်ရန်မှာ ကြားဖြတ်အစိုးရတစ်ရပ် ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုသာ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဒေါ်သူဇာရွှေတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်းအစီအစဉ် ပြီးဆုံးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အစီအစဉ်များ ဆက်လက်ဆောင်ရွက်မည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ**တွင် နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဒေါ်နန်းခမ်းအေး** အစား မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဦးစိုင်းဆိုင်မိုင်း** အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို တင်ပြ၍ လွှတ်တော်၏ သဘောတူညီချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က **၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာစာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာနောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ နောက်ဆက်တွဲစာချုပ်ကို အတည်ပြုပါဝင်ခြင်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေကြသည့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များ၏အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးအတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို အားသစ်လောင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကလေးသူငယ်များ၏အခွင့်အရေးကို နိုင်ငံတကာဥပဒေများနှင့်အညီ ပိုမိုကာကွယ်ပေးရေးအတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ပိုမိုပြသနိုင်ရေးအတွက် လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီကို နှစ်စဉ်တင်သွင်းလျက်ရှိသည့် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခအခြေအနေများဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အပြုသဘောထင်ဟပ်ဖော်ပြနိုင်ရေးအတွက်လည်းကောင်း များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အတွက် ယင်းအခြေပြစာချုပ်သို့ အတည်ပြုပါဝင်ရန်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများနှင့် စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်** က စီးပွားရေးတိုးတက်မှုကို အလျင်အမြန်လှုံ့ဆော်ရန်အတွက် အခွန်နှုန်းထားများ လျှော့ချခြင်းအားဖြင့် အခွန်ဆောင်နိုင်စွမ်းနှင့် အခွန်ဆောင်လိုစိတ်များ မြင့်တက်လာနိုင်သောကြောင့် အခွန်ထမ်းမှုအခြေအနေ ချဲ့ထွင်ရာရောက်သည့်အပြင် အခွန်ထမ်းပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အခွန်ကောက်ခံမှုပမာဏလည်း တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးမူဝါဒ နည်းလမ်းအပြင် ငွေရေးကြေးရေးမူဝါဒနည်းလမ်းဖြင့် စီးပွားရေးတိုးတက်မှုကို နှိုးဆွရန်အတွက် အတိုးနှုန်းများလျှော့ချခြင်း၊ လှည့်ပတ်စီးဆင်းငွေကြေးပမာဏ တိုးမြှင့်ခြင်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်မှသာ စီးပွားရေးလုပ်ငန်းဆောင်တာများ လျင်မြန်သွက်လက်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုကို ထိထိရောက်ရောက် လှုံ့ဆော်နိုင်မည် ဖြစ်ပါကြောင်း။

တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် စီးပွားရေးအခြေအနေကို အရှိအတိုင်း သုံးသပ်ပြီး မူဝါဒတုံ့ပြန်မှုများအဖြစ် အစိုးရကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ အခွန်နှုန်းထားများ လျှော့ချခြင်း၊ လည်ပတ်စီးဆင်းငွေပမာဏ တိုးမြှင့်ခြင်းနှင့် အတိုးနှုန်းလျှော့ချခြင်းတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပြီး စီးပွားရေးနှေးကွေးမှုကို ထိထိရောက်ရောက်နှင့် အလျင်အမြန်ကုစားရန် အလေးနက်ထား တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး** က ပြည်ထောင်စုလွှတ်တော်အနေဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် ဖွံ့ဖြိုးမှုရည်မှန်းချက်၊ လျာထားချက်များကို ပကတိအခြေအနေနှင့်လိုက်လျောညီထွေဖြစ်ရန် စိစစ်သုံးသပ်ခွင့်ပြုရသည့် လုပ်ငန်းများ ရှိသကဲ့သို့ လျာထားချက်မမီသော၊ လျော့နည်းသော၊ မအောင်မြင်သော၊ မပြီးပြတ်သော၊ မဆောင်ရွက်နိုင်သော အနုတ်လက္ခဏာရှိသည့် လုပ်ငန်းများကိုလည်း ဖော်ပြစိစစ်သုံးသပ်ရန် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့သည့် ဂျီဒီပီ လျာထားချက်နှင့် အမှန်တကယ်အကောင်အထည်ဖော်နိုင်မှု ကွာခြားချက် ကြီးမားမှုများကို သက်ဆိုင်ရာက ဖော်ထုတ်ပြင်ဆင်ရန်နှင့် မအောင်မြင်မှု၊ မပြီးစီးမှုများကို နည်းလမ်းများရှာဖွေပြင်ဆင်ပြီးမှသာ အတည်ပြုနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို** က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း(မူလခန့်မှန်းခြေ)တွင် ပါဝင်သည့် အဖွဲ့အစည်းများအလိုက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းမှာ ၂၅ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်ပြီး အားလုံးထဲတွင် အများဆုံးသုံးစွဲခွင့်ပြုနေသည်ကို တွေ့ရပါကြောင်း။

## ထောက်ပြဆွေးနွေးအကြံပေးမှုများကို အတတ်နိုင်ဆုံး ပြုပြင်ဖြည့်ဆည်းကာ ရည်မှန်းထားသည့် စီမံကိန်းများကို ပြည့်မီအောင် အကောင်အထည်ဖော်ရန် အရေးကြီး

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာရရှိရန် ယခုကဲ့သို့ အသုံးပြုထားခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ယခင်အတွေ့အကြုံများကို နမူနာယူပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ပြဆွေးနွေးအကြံပေးမှုများကို အတတ်နိုင်ဆုံး ပြုပြင်ဖြည့်ဆည်းကာ ရည်မှန်းထားသည့် စီမံကိန်းများကို ပြည့်မီအောင် အကောင်အထည်ဖော်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် လျာထားခွင့်ပြုထားသည့် ရန်ပုံငွေများကို ထိထိရောက်ရောက် အချိန်နှင့်တစ်ပြေးညီ သုံးစွဲ၍ လုပ်ငန်းများ အောင်မြင်ပြီးစီးအောင် လုပ်ဆောင်ရန် လိုအပ်သည်ကို အကြံပြုလိုပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားခများကို တစ်ဖက်သတ် အဆတိုးမြှင့်သင့်သည်ထက်ပို၍ ကောက်ခံလိုက်ခြင်းသည် ရာနှုန်းပြည့်အဖြေမှန် မဟုတ်သဖြင့် ဌာနအနေဖြင့် ခိုးယူသုံးစွဲမှုကြောင့် ပျောက်ဆုံးယူနစ်များနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူရန် ယခုထက် ပိုမိုလုပ်ဆောင်စေလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများနှင့် စပ်လျဉ်း၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ပြန်ကြားရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ပြန်ကြားရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာ အဆောင်အမှတ် (I-18) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလက်စ်တေနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထူးသံတမန်အဖြစ် တီမောလက်စ်တေနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ် (၂၀) ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**တီမောလက်စ်တေနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့် အခမ်းအနားသို့ တက်ရောက်မည်**

ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တို့မှတစ်ဆင့် တီမောလက်စ်တေနိုင်ငံ ဒီလီမြို့သို့ သွားရောက်ခြင်းဖြစ်ပြီး ဩဂုတ် ၃၀ ရက်တွင် ဒီလီမြို့၌ ကျင်းပမည့် တီမောလက်စ်တေဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် လိုက်ပါသွားသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ဥပဒေဘာသာပြန်ကော်မရှင် ပဉ္စမအကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

**ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဥပဒေဘာသာပြန်ကော်မရှင်၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



**ဘာသာပြန်ဆို ထုတ်ပြန်**

ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ထို့နောက် ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် အမိန့်အမှတ်၊ ၁/၂၀၁၈ ထုတ်ပြန်ခဲ့ပြီး ဥပဒေ ၉ ခု၏ ဘာသာပြန်ဆိုချက်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် ဥပဒေ ၆ ခု ဆွေးနွေးနိုင်ခဲ့ပြီး အမိန့်အမှတ်၊၉/၂၀၁၉ ထုတ်ပြန်ပြီး ယင်းဥပဒေ ၆ ခု၏ ဘာသာပြန်ဆိုချက်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ် ၂၈ မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း။

**ဘာသာပြန်ဆိုဆဲ ဥပဒေ ၁၃ ခု ရှိ**

ယင်းအစည်းအဝေးတွင် ဥပဒေ ၅ ခု ဆွေးနွေးခဲ့ပြီး မကြာမီ စာအုပ်အဖြစ် ထုတ်ဝေနိုင်တော့မည် ဖြစ်ပါကြောင်း၊ ဘာသာပြန်လုပ်ငန်းသည် လွယ်ကူသည့် လုပ်ငန်းမဟုတ်ပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များအားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြသဖြင့် ဘာသာပြန်အမှားအယွင်းမရှိအောင် အကြိမ်ကြိမ် ဆွေးနွေးစိစစ်မှုများ ပြုလုပ်ကြသဖြင့် လုပ်ငန်းများထိုက်သင့်သလောက် ပြီးစီးအောင်မြင်ရခြင်းဖြစ်ပါကြောင်း၊ ဘာသာပြန် ဥပဒေစာအုပ် အမှတ် ၁ နှင့် ၂ တို့ ထုတ်ပြန်ပြီး ယခုအခါ အမှတ် ၃ နှင့် ၄ တို့ ဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် စတုတ္ထအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဥပဒေ ၅ ခု၏ ဘာသာပြန်ဆိုချက်များကို ထုတ်ဝေနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနသို့ အပ်နှံထားပြီးဖြစ်ပါကြောင်း၊ လက်ရှိ ဘာသာပြန်ဆိုဆောင်ရွက်နေဆဲ ဥပဒေ ၁၃ ခု ရှိပါကြောင်း၊ ၎င်းဥပဒေများ ပြီးစီးပါကဘာသာပြန်ဆိုရန် ဥပဒေ ၄၃ ခုသာ ကျန်ရှိမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ကျန်ရှိသည့်ဥပဒေများကိုလည်း အမှားအယွင်းမရှိအောင် သင့်လျော်သည့် အချိန်ကာလအတွင်း ပြီးစီးအောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

**ဩဂုတ် ၂၉ ရက်အထိ ကျင်းပမည်**

အစည်းအဝေးသို့ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို ဩဂုတ် ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၂၈**

မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် ပတ်သက်၍ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၃ နာရီက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။



**မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် ပတ်သက်၍ တွေ့ဆုံပွဲကျင်းပစဉ်။**

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး Neighbouring Countries Economic Development Cooperation Agency (NEDA) မှ တာဝန်ရှိသူများက ကားလမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ထားဝယ်အထူးစီးပွားရေးဇုန်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ မကြာမီရရှိလိမ့်မည်ဟု မျှော်လင့်ထားသလို တစ်ဖက်ကလည်း ထီးခီးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဆက်သွယ်ထားသည့်လမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားနိုင်မည်ဟု မျှော်လင့်ထားကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ဒေသ၊ ထီးခီးဒေသလမ်းပန်းဆက်သွယ်မှုများ ပြီးစီးသွားပါက အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ခရီးသွားလုပ်ငန်းများနှင့် အခြားဆက်စပ်သော လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးနှင့် အားသာချက်၊ အားနည်းချက်များကို သေသေချာချာ ချပြရှင်းလင်းဆောင်ရွက်သွားမည်ဆိုပါက အခက်အခဲများ နည်းပါးသွားမည် ဖြစ်ကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်သည့်လမ်းနှင့် ပတ်သက်၍ ရရှိမည့်အကျိုးကျေးဇူးများကို ပထမဆုံးခံစားရမည်မှာဒေသခံပြည်သူများဖြစ်ကြောင်း၊ မြန်မြန်ဆန်ဆန်နှင့် အောင်အောင်မြင်မြင် ပြီးစီးနိုင်ရေးအတွက် ပေါ်ပေါက်လာသည့် အခက်အခဲများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NEDA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆွီဒင်နိုင်ငံရှိ သဗ္ဗဇယမင်္ဂလာစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်လှူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ဆွီဒင်သာသနာပြုဆရာတော်များ ဖြစ်ကြသော အရှင်သောဘန၊ အရှင်သုနန္ဒာလင်္ကာရနှင့် နော်ဝေ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံတို့မှ ဆရာတော် သံဃာတော် ၁၉ ပါးတို့အား အမှူးပြု၍ ဆွီဒင်နိုင်ငံရှိ တိရတနာ ဘုန်းတော်ကြီးကျောင်းအတွင်း တည်ထားကိုးကွယ်အပ်သော သဗ္ဗဇယမင်္ဂလာစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပိတ်ပွဲနှင့် ထီးတော်လှည့်လည် အပူဇော်ခံခြင်း၊ ထီးတော်တင်ခြင်း၊ စေတီတော်အား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း အခမ်းအနား(**ယာပုံ**)တို့ကို ဇူလိုင်လအတွင်း ဆွီဒင်နိုင်ငံ Hjortkvarn ၌ ကျင်းပခဲ့ရာ ဆွီဒင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ သီရိလင်္ကာသံအမတ်ကြီး Mr. Sudantha Ganegama နှင့် ဘုရားဒါယကာ ဆွီဒင်ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ဟောင်း ဒေါက်တာမြင့်ဟန်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် သာသနာပြုဆရာတော် သံဃာတော် ၁၉ ပါး၊ Stockholm Buddhist Vihara မှ သီရိလင်္ကာဆရာတော် Bhante K.Siri Dhammaratana Maha Thera၊ ဆွီဒင်ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဒေါ်ပွင့်မာဟန် အပါအဝင် မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများမှ ဘုရားဒါယကာ၊ ဒါယိကာမများ တက်ရောက်ခဲ့ကြသည်။

**သာသနာတော်ပြန့်ပွားရေး**

ဆွီဒင်နိုင်ငံ၌ သီတင်းသုံးတော်မူသော ဆရာတော် ဦးသောဘနသည် ဆွီဒင်နိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးနှင့် ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း တည်ထောင်ရန် ဆန္ဒပြင်းပြခဲ့ရာမှ မြန်မာနိုင်ငံနှင့် ဆွီဒင်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးစေတနာရှင်များ၏ လှူဒါန်းမှုများဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းအား ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ မြေနေရာရှာဖွေခဲ့ပြီး ဆွီဒင်နိုင်ငံ Hjortkvarn မြို့သည် မြန်မာလူမျိုး အများစုနေထိုင်လျက်ရှိခြင်း၊ ခရီးလမ်းဆုံ အချက်အချာကျသည့် Orebro မြို့နှင့် မဝေးကွာခြင်းတို့ကြောင့် အဆိုပါနေရာတွင် တိရတနာမြန်မာဘုန်းတော်ကြီး ကျောင်းအား ၂၀၁၃ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**စေတီတည်ထားကိုးကွယ်ရန်**

ဆွီဒင်နိုင်ငံ Hjortkvarn မြို့ မြန်မာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ပင် ထေရဝါဒဗုဒ္ဓဘာသာ စေတီတော်တစ်ဆူ (သဗ္ဗဇယမင်္ဂလာစေတီတော်) အား တည်ထားကိုးကွယ်ရန် ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်၍ မြေသန့်မင်္ဂလာပြုခြင်းအား စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အလုပ်သမားသမဂ္ဂ ပညာရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ အလုပ်သမားသမဂ္ဂများ ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ အလုပ်သမားသမဂ္ဂ ပညာရေးဆွေးနွေးပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်၌ ဩဂုတ် ၂၇ ရက် နှင့် ၂၈ ရက် နှစ်ရက်တာ ကျင်းပခဲ့သည်။ (**ယာပုံ**)




**အလုပ်သမားထု ၂၂ သန်းရှိ**

"ကျွန်တော်တို့ ပူးပေါင်းလုပ်နေတာက ဒိန်းမတ်နိုင်ငံ အလုပ်သမားသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပံ့ပိုးရေးအဖွဲ့နဲ့ပါ။ အလုပ်သမားတွေကို ဘယ်လိုသင်ကြားရမယ်ဆိုတဲ့ စနစ်တကျသင်ကြားမှုမရှိသေးတဲ့အတွက် သင်ကြားမှုနည်းစနစ်အပိုင်း၊ အလုပ်ရှင်အလုပ်သမား ချုပ်ဆိုတဲ့စာချုပ်၊ လုပ်ငန်းခွင်ဘေးကင်းရေးနဲ့ ပတ်သက်ပြီး ဘယ်လိုသင်မလဲဆိုတာတွေ ဒီသင်တန်းမှာ ဆွေးနွေးမယ်။ နောက်ပိုင်းမှာ အခု သင်တန်းသားတွေထဲကနေ Trainers of Training အတွက် လူ ၂၀ လောက် ရွေးထုတ်ပြီး သင်တန်းတွေ ထပ်ပေးသွားမယ်။ မြန်မာနိုင်ငံမှာ အလုပ်လုပ်နိုင်တဲ့ အလုပ်သမားထုက ၂၂ သန်း ရှိတယ်။ ဒီအတွက် ဘယ်လို ဆင့်ပွားသင်တန်းတွေပေးမလဲ၊ သင်ရမယ့်ဆရာတစ်ယောက်ရဲ့ ကျွမ်းကျင်မှုနဲ့ ဘယ်လို လိုက်နာရမလဲဆိုတာတွေ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

**ကူညီဆောင်ရွက်မှုရှင်းလင်း**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ အလုပ်သမားရေးရာ ကောင်စစ်ဝန် Ms. Nanna Sars Schewitsch က မြန်မာနိုင်ငံအတွင်း ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့ပြင် တက်ရောက်သူများက CTUM အဖွဲ့ချုပ်များအပေါ် သမဂ္ဂ ပညာရေး၏ အကျိုးသက်ရောက်မှုနှင့် ဒေသဆိုင်ရာ သမဂ္ဂရုံးတာဝန်ခံများ၏ အနာဂတ်အလားအလာ မျှော်မှန်းချက်၊ သမဂ္ဂပညာပေးလုပ်ငန်းများ၏ လက်ရှိ အခြေအနေအားသုံးသပ်ခြင်း၊ သမဂ္ဂများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

"အလုပ်သမားအဖွဲ့ဝင်တွေ၊ စက်ရုံ၊ အလုပ်ရုံက အလုပ်သမားတွေ၊ သမဂ္ဂတွေကို ဥပဒေပိုင်းဆိုင်ရာ သင်တန်းတွေ တစ်ပတ်တစ်ခါ အပတ်စဉ်ပေးတယ်။ အဖွဲ့ချုပ်က ခွင့်ရက်၊ ပိတ်ရက်ဥပဒေ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်၊ ကျား၊ မ တန်းတူညီမျှရေး ဒါတွေနဲ့ပတ်သက်တဲ့ သင်တန်းတွေကို အပတ်စဉ် စင်တာမှာ သင်ကြားပေးနေပါတယ်။ အလုပ်သမားတွေကို သင်တန်းပေးနိုင်ဖို့အတွက် သင်ရိုးညွှန်းတမ်းဆွဲနိုင်ဖို့ သင်တန်းမှာ ပါဝင်မယ့် ပစ္စည်းတွေ၊ သင်တန်းမှာ သုံးရမယ့် နည်းဗျူဟာ၊ ရှင်းလင်းတင်ပြတဲ့ စွမ်းရည်တွေကို မော်ကျူး (၁၊ ၂၊ ၃) ဆင့်အထိ တက်ပြီး လက်တွေ့ဆင်းရတယ်။ သင်တန်းတစ်ခုပေးရမယ်ဆိုရင် တစ်နေ့တာ အစီအစဉ်ကိုတိုင်ပင်ပြီး ကိုယ့်ဘာသာ ရေးဆွဲတင်ပြရပါတယ်"ဟု လှိုင်သာယာမြို့နယ် IWFM စည်းရုံးရေးမှူး ကိုမျိုးမင်းဝင်းက သင်တန်းနှင့် ပတ်သက်၍ ပြောသည်။

**ဆင့်ပွားသင်ကြားပေး**

ဆွေးနွေးပွဲမှ ဆွေးနွေးရရှိသည့် ရလဒ်များဖြင့် သင်ရိုးညွှန်းတမ်းများ ပြန်လည်ရေးဆွဲကာ သက်ဆိုင်ရာ မြို့နယ်များ၊ အဖွဲ့အစည်းများတွင် ဆင့်ပွားသင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

# မူဆယ်မြို့တွင် ဆင်တုပ်ကွေးဖြစ်ပွားမှု ပိုမိုများပြားလာ

**မူဆယ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ရာသီတုပ်ကွေးဖြစ်သည့် ဆင်တုပ်ကွေး ဖြစ်ပွားမှုများ ပိုမိုများပြားလာကြောင်း ဆင်တုပ်ကွေးဖြစ်ပွားမှု များပြားနေသော်လည်း မူဆယ်မြို့ ပြည်သူ့ဆေးရုံသို့ ဆင်တုပ်ကွေးဖြစ်ပွားသည့် လူနာများ လာရောက်ပြသခြင်းနှင့် ကုသခြင်းများ မရှိကြောင်းသိရသည်။

"မူဆယ်မြို့မှာ ဆင်တုပ်ကွေးဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး လူမှုကွန်ရက်တွေပေါ်ကနေ ဖြစ်ပွားမှုတွေ များပြားနေတယ်လို့ ကြားသိရပါတယ်။ ဒါပေမယ့် မူဆယ်မြို့ ပြည်သူ့ဆေးရုံကို အခုချိန်ထိ လာရောက်ကုသပြီးတော့ ဆေးရုံတက်ရောက်တာတွေ မရှိသေးပါဘူး။ ဆင်တုပ်ကွေးဟာ သေစေနိုင်တဲ့ ရောဂါမျိုးတော့ မဟုတ်ပါဘူး။ နှစ်တိုင်း မြန်မာနိုင်ငံမှာ အဖြစ်များပြီး အသေနှုန်းတွေရှိနေတဲ့ သွေးလွန်တုပ်ကွေးရောဂါတွေကို ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ လုပ်ရင်းနဲ့ပဲ ဆင်တုပ်ကွေးရောဂါတွေကို အလိုလိုကာကွယ်ပြီးသား ဖြစ်သွားမှာပါ" ဟု မူဆယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးဇော်က ဆင်တုပ်ကွေးရောဂါ၏ ဖြစ်ပွားမှု အခြေအနေများကို ပြောကြားသည်။

ဆင်တုပ်ကွေးရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအတူတကွ ပူးပေါင်းမှသာလျှင် အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် ပြည်သူများလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း ဒေါက်တာ မျိုးဇော်က ပြောကြားသည်။

မူဆယ်မြို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ လူနာငါးဦး ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မျိုးဇော်၏ ပြောကြားချက်အရ သိရသည်။ လူနာငါးဦးထဲတွင် ကလေးသုံးဦးနှင့် လူကြီးနှစ်ဦး (မစိုးရိမ်ရ) ဖြစ်ပြီး လူကြီးနှစ်ဦးကို မူဆယ်မြို့ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးနှင့်ဆင်တုပ်ကွေးရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မူဆယ်မြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဩဂုတ် ၂၈ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မူဆယ်မြို့ ဟိုနားရပ်ကွက်နှင့် ရပ်ကွက်တချို့တို့တွင် ခြင်ကာကွယ်ဆေး ပက်ဖျန်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်**

# အုတ်တွင်းမြို့နယ်တွင် ခြေတုလက်တု အသေးစားပြင်ဆင်မှုများ ပြုလုပ်ပေး

**အုတ်တွင်း ဩဂုတ် ၂၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ ခြေတုလက်တုပညာရှင်များနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ခြေတုလက်တု အသေးစားပြင်ဆင်မှုများ ပြုလုပ်ပေးသည်။



အဆိုပါအစီအစဉ်တွင် ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ ကွင်းဆင်းအရာရှိ ဦးဇော်ဇော်၊ အုတ်တွင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ချိုနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင် သုံးဦးတို့သည် ခြေတုလက်တုတပ်ဆင်ရန် လိုအပ်သူ ၄၇ ဦးကို လိုအပ်သည့် အသေးစား ပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

# သာပေါင်း၌ လေပြင်းတိုက်၍ နေအိမ်ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**သာပေါင်း ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သာပေါင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သာပေါင်းမြို့နယ် သစ်စိမ့်ကုန်းကျေးရွာတွင် ဩဂုတ် ၂၃ ရက်က ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးနေအိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၊ လူခုနစ်ဦးအတွက် ဆန်ရိက္ခာခုနစ်ရက်စာ ရန်ပုံငွေကျပ် ၁၄၇၀၀ စုစုပေါင်းရန်ပုံငွေကျပ် ၁၁၄၇၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး အပါအဝင် တစ်အိမ်ထောင်စာငွေကျပ် ၃၂၃၅၃ တို့ကို ဩဂုတ် ၂၇ ရက်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သာပေါင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက လေဘေးသင့်မိသားစု၏ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း (မြန်/ဆက်)**

# ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုရန် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုကဲ့သို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရာကျော်ပရဟိတ အသင်းသူ အသင်းသားများက စုပေါင်းလှူဒါန်းငွေကျပ် ၂၅ သိန်း ၊ ဩစတြေးလျနိုင်ငံ ဒါဝင်မြို့ရှိ မြန်မာပြည်ဖွားတိုင်းရင်းသားများနှင့်မိတ်ဆွေအသင်းအဖွဲ့များက စုပေါင်းလှူဒါန်းငွေကျပ် ၂၅သိန်း၊ ကနေဒါနိုင်ငံမှ Mr. Charles Brent Penner က လှူဒါန်းငွေကျပ် ၅ သိန်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းလှူဒါန်းငွေကျပ် ၆ သိန်း ၁ သောင်းနှင့် နှလုံးလှလက်များ စေတနာရှင်အဖွဲ့(လူ/ကယ်/ပြန်) က စုပေါင်းလှူဒါန်းငွေကျပ် ၃ သိန်း ၄ သောင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး အလှူရှင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ကျောက်ဆည်မြို့တွင် မိုးသည်းထန်စွာရွာသဖြင့် အနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်အချို့နှင့် လမ်းများတွင် ရေလွှမ်း

**ကျောက်ဆည် ဩဂုတ် ၂၈**

ကျောက်ဆည်မြို့တွင် ဩဂုတ် ၂၈ ရက် နံနက် ၂ နာရီမှ စတင်ပြီး လေးနာရီခန့်ကြာ မိုးအဆက်မပြတ် ရွာသွန်းခဲ့သောကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်အချို့နှင့်လမ်းများတွင် ရေလွှမ်းခဲ့ကြောင်း သိရသည်။



ရေလျှံလျက်ရှိသည့် လမ်းအချို့

အဆိုပါ မိုးရွာသွန်းမှုကြောင့် ကြက်မင်းတွန်ရပ်ကွက်၊ မင်းရပ် ရပ်ကွက်၊ ပေါက်တောရပ်ကွက်၊ အေးမြကြည်လင်ရပ်ကွက်၊ ဖောင်ရွာရပ်ကွက်၊ ပြည်လုံးနိုင်ရပ်ကွက်၊ တံစိုးဂိတ်ရပ်ကွက်၊ အေးမြကြည်လင်ဈေးကြီး အနောက်ဘက်ခြမ်းလမ်းမကြီး မြေနိမ့်ပိုင်းလူနေအိမ်များနှင့်လမ်းများတွင် ရေများဝင်လျက်ရှိပြီး တချို့လူနေအိမ်များတွင် ရေစုပ်စက်များဖြင့် စုပ်ထုတ်နေရကြောင်း သိရသည်။

ထို့အပြင် ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေများ အဓိကထားပေးဝေလျက်ရှိသော မြို့ကြီးဆည်နှင့် ဇီးတောဆည်များတွင် အဆိုပါ မိုးရွာသွန်းမှုကြောင့် ကန်ရေပြည့် ရေလှောင်ပမာဏသို့ မရောက်ကြောင်း ခရိုင်ရေအသုံးချမှုနှင့်စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပန်းချီပြပွဲပြသမည်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာ့ပန်းချီဆရာကြီးများနှင့် အနော်ရထာပန်းချီပြခန်းကော်မတီတို့ပူးပေါင်းစီစဉ်မည့် ရေဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပန်းချီပြပွဲကို စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် VIP(1) သုဝဏ္ဏအမှတ် (၅၀) သစ်ယာပင်လမ်းရှိ အနော်ရထာ ပန်းချီပြခန်း၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ နာမည်ကျော်ပန်းချီဆရာကြီးများ၏ လက်ရာမြောက်ပန်းချီကားများကို တန်ဖိုးသင့်စွာ လေလံတင်ပေးသွားမည်ဖြစ်ပြီး ကျန်ပန်းချီကားများကိုလည်း ပုံမှန်နှုန်းထားထက် သင့်တင့်မျှတစွာလှူဒါန်းနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြပွဲတွင် လေလံတင်ရောင်းချခဲ့သော ပန်းချီကားရောင်းရငွေများကို ရေဘေးသင့်ပြည်သူများထံ Saviours ဖောင်ဒေးရှင်းက ဦးဆောင်ပြီး သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# ကမ်းပြိုပြောင်းရွှေ့ခဲ့ရသော အိမ်ခြေ ၅၅ လုံးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်

**ကသာ ဩဂုတ် ၂၈**

ယခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေတက်မှုကြောင့် ကမ်းပြိုပြောင်းရွှေ့ခဲ့ရသော အိမ်ခြေ ၅၅ လုံးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ကသာမြို့နယ် ပုလွေရွှေအုပ်စု ရေလယ်ကျွန်းကျေးရွာသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်သူက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေလယ်ကျွန်းကျေးရွာနေပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးတို့အတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ်းပြိုပြောင်းရွှေ့ခဲ့ရသော အိမ်ခြေ ၅၅ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၅ သိန်းအား သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာသူ ကျေးရွာသားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သောက်ရေကန်များ ပြုလုပ်ရန်အတွက် မိုးကာစများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်မျိုးကျော် (ကသာ)**



# မိုးရွာသွန်းမှုကြောင့် လမ်းဘေးမြေသားများ ပြိုကျရာမှ လူနေအိမ်လေးလုံးပျက်စီး လူထိခိုက်မှုမရှိ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ညောင်ဝိုင်းကျေးရွာအနီး ပုသိမ်-မော်တင်ကားလမ်းဘေး (ဒေသအခေါ် အလုံစု)တွင် ယနေ့နံနက် ၉ နာရီခွဲက မိုးရွာသွန်းမှုများပြီး လမ်းဘေးမြေသားများ အက်ကွဲ၍ ပြိုကျမှုဖြစ်ရာ လူနေအိမ်လေးလုံး ထိခိုက်ပျက်စီးပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

မြေကြီးပြိုကျမှုကြောင့် ထိခိုက်ပျက်စီးသွားသော နေအိမ်များမှာ ဒေသခံ ဦးအောင်နိုင်စိုး၊ ဦးစိန်ထွန်းရီ၊ ဦးကိုနိုင်၊ ဦးထွန်းအောင်တို့၏ နေအိမ်များ ဖြစ်ကြပြီး ကာလတန်ဖိုးငွေကျပ်တစ်သိန်းခန့်ရှိ ဓနိမိုး၊ ဓနိကာ၊ ပျဉ်ခင်း နေအိမ်နှစ်လုံး၊ ကာလတန်ဖိုးငွေကျပ်ခြောက်သိန်းခန့်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက် နေအိမ်တစ်လုံး၊ ကာလတန်ဖိုး လေးသိန်းခန့်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း နေအိမ်တစ်လုံး ထိခိုက်ပျက်စီးသွားကြောင်း ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ဒီနေ့မနက် မြေပြိုတယ်လို့ ကြားတယ်။ လူတွေတော့ထိခိုက်မှုမရှိဘူးလို့ သိရပါတယ်။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေကို နီးစပ်ရာနေရာတွေမှာ နေရာချပေးထားဖို့ ပြောထားတယ်။ မိုးရွာတာများပြီး မြေကြီးတွေ အက်ကွဲလာတာ ဖြစ်နိုင်တယ်။ နောက်ထပ်ပြိုကျတာတွေ ရှိမရှိတော့ မသိရသေးပါဘူး"ဟု ညောင်ဝိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းက ပြောသည်။

နေအိမ်ထိခိုက်ပျက်စီးသွားသည့် အိမ်ထောင်စုလေးစုနှင့် စုစုပေါင်းလူဦးရေ ၁၇ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့က ၎င်းတို့၏ ဆွေမျိုးများနေအိမ်များ၌ ခေတ္တပြောင်းရွှေ့နေရာချပေးထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# အဖျောက်မြို့၌ မြစ်ကမ်းပါးပြိုကျသဖြင့် ကျေးရွာအိမ်ခြေများ ပြောင်းရွှေ့ပေး



**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ ရေပေါ်သောင်ကျေးရွာနှင့် အေးရွာကျေးရွာတို့တွင် ဇူလိုင် ၃၁ ရက် မှစတင်၍ ဧရာဝတီမြစ်ကမ်းပါးများ တဖြည်းဖြည်း ရေတိုက်စားပြိုကျလာပြီး လူနေအိမ်များနှင့် နီးကပ်မှုရှိလာသည့်အတွက် အသက်အန္တရာယ်စိုးရိမ်မှုများ ရှိလာနိုင်သဖြင့် ကြိုတင်၍ မြစ်ကမ်းပါးနှင့်ဝေးရာ ရွာအနောက်ဘက်သို့ လူနေအိမ်များ၊ မိသားစုများ၊ အိမ်ထောင်စုအလိုက် ပြောင်းရွှေ့ပြီး ဆောက်လုပ်နေထိုင်လျက်ရှိကြကြောင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ထိုသို့ ပြောင်းရွှေ့ရသည့် အိမ်ခြေအလုံး ၄၀ ကို ဩဂုတ် ၂၆ ရက်က တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကို ဦးဆောင်သည့် အဖျောက်နယ်မြေ ရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ် သန်းကျော်ဇောနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းပြီး နေအိမ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ (ဝဲပုံ)

**ဉာဏ်လင်း**

# ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ဘားအံ ဩဂုတ် ၂၈**

ကရင်ပြည်နယ်အတွင်း ဩဂုတ်လဆန်းပိုင်းက မိုးသည်းထန်စွာရွာခြင်း၊ တောင်ကျရေများစီးဆင်းခြင်းနှင့် မြစ်ရေချောင်းရေများ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ်သိန်းတစ်ထောင်၊ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ အချိုရည် အစရှိသည့် စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများက လက်ခံရယူပြီး**(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်း ဥတ္တရသီရိမြို့နယ်တွင် ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်လဝကဦးစီးမှူး ဦးမြင့်ဇော်၊ နေပြည်တော် အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူး ကျော်မျိုးသိန်းနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးအောင်ခန့်မင်းဌေးတို့က လူကုန်ကူးသူတို့ အသုံးပြုပုံနည်းလမ်းများ၊ လူကုန်ကူးမှု ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများနှင့် လူကုန်ကူးခံရပါက ဆောင်ရွက်ရန် နည်းလမ်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါပုံတို့ကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်းများ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်းများကို ဥတ္တရခရိုင်အတွင်း၌ (၂၉)ကြိမ်၊ ဥတ္တရသီရိမြို့နယ်အနေဖြင့် ခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ပြည်သူ့စကားဝိုင်းသို့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဥတ္တရခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ဆွေဆွေမိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမွန်သင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဥတ္တရခရိုင် (ပြန်/ဆက်)**

# မန္တလေးအဆင့်မြင့်ဈေးချိုတော် စက်လှေကားနှင့် ဓာတ်လှေကားအသစ် တပ်ဆင်ပြီးစီး



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အဆင့်မြင့်ဈေးချိုတော်တွင် ၁၉၉၄ ခုနှစ် ဈေးချိုတော် စတင်ဖွင့်လှစ်စဉ်ကတည်းက တပ်ဆင်ထားရှိသည့် စက်လှေကားများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အသစ်တပ်ဆင်ရေး လုပ်ငန်းများကို ဇွန်လအတွင်းက ဆောင်ရွက်ခဲ့ရာ ယခုအခါ တောင်ဘက်အခြမ်းတွင် တပ်ဆင်ထားသည့် စက်လှေကား သုံးစင်းမှာ အသစ်တပ်ဆင်ပြီးစီးပြီဖြစ်၍ ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်အသုံးပြုနိုင်ပြီဖြစ်သည်။

ထိုသို့ စက်လှေကားအသစ် စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် နံနက် ၉ နာရီက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မိုးကောင်းတိုက် အလယ်ရွှေကျောင်းဆရာတော်ဘဒ္ဒန္တဓမ္မဒီပတျာလင်္ကာရ အမှူးပြုသည့် ပင့်သံဃာတော်ငါးပါးတို့မှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးတော်မူကြသည်။

အဆိုပါ စက်လှေကားများကို အဆင့်မြင့်ဈေးချိုတော် အဆောက်အဦအသစ်ဖွင့်လှစ်စဉ်ကတည်းက အသုံးပြုခဲ့ရာ ကာလရှည်ကြာ၍ ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၄၇၉၀ အကုန်အကျခံ၍ ဂျာမနီနိုင်ငံထုတ် စက်လှေကားအသစ်ခြောက်စင်းနှင့် ဈေးချိုတော်အလယ်ပိုင်း အရှေ့ဘက်ခြမ်းရှိ ဓာတ်လှေကားအသစ်တစ်စင်းတို့ကို Myanmar Jardine Schindler ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ခဲ့ပြီး ကျန်ရှိသည့် မြောက်ဘက်ခြမ်း စက်လှေကားအဟောင်း သုံးစင်းကိုလည်း ဖြုတ်ချခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ တစ်လအတွင်း လုပ်ငန်းများအပြီးဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

အဆင့်မြင့်ဈေးချိုတော်တွင် အထပ်လေးထပ်ရှိပြီး စက်လှေကားများ အသစ်လဲလှယ်တပ်ဆင်ပြီး ပုံမှန်မောင်းနှင်နိုင်ပါက ဈေးသည်၊ ဈေးဝယ်များ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်၍ အရောင်းအဝယ် ပိုမိုကောင်းမွန်လာစေရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်စံမောင်**

# စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ် အာဆီယံချစ်ကြည်ရေးဝတ္ထုတိုစာမူခများ မွန်ပြည်နယ်ရေဘေးသို့ လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၂၈**

ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစာရေးဆရာအသင်းတို့၏ အစီအစဉ်ဖြင့် အာဆီယံ ၁၀ နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသော "I Was Born To Be Yours" အမည်ရှိ The 2019 Anthology of ASEAN Short Stories စာအုပ်ထုတ်ဝေနိုင်ရန်အတွက် အာဆီယံ ၁၀ နိုင်ငံမှ တစ်နိုင်ငံလျှင် နိုင်ငံကိုယ်စားပြု စာရေးဆရာတစ်ဦးစီ ရွေးချယ်ခဲ့သည်။ ထိုစာရေးဆရာများ၏ လက်ရွေးစင် ဝတ္ထုတိုတစ်ပုဒ်စီကို ရွေးချယ်ထည့်သွင်းဖော်ပြခဲ့သည်။ ထိုင်းနိုင်ငံစာရေးဆရာအသင်းမှ တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်ကာ မြန်မာနိုင်ငံမှဆရာဝန်စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်၏ ဝတ္ထုတိုကို ရွေးချယ်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါစာအုပ်မိတ်ဆက်ပွဲနှင့် အာဆီယံစာရေးဆရာများအား ဂုဏ်ပြုပွဲကို ဗန်ကောက်မြို့ရှိ Ratchadamnoen Art Center ခန်းမ၌ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၃ နာရီက ကျင်းပရာ ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီး တက်ရောက်ဖွင့်လှစ်ပေးပြီး အာဆီယံစာရေးဆရာများအား ဂုဏ်ပြုဆုငွေနှင့် ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်၍ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့အပြင် ထိုင်းနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ယင်းစာအုပ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့ကလည်း အာဆီယံစာရေးဆရာများအား ဆုလက်ဆောင်များ ထပ်မံချီးမြှင့်ပြီး ဂုဏ်ပြုစကားများပြောကြားပေးခဲ့သည်။ နိုင်ငံကိုယ်စားပြု အာဆီယံ စာရေးဆရာများကလည်း တစ်ဦးချင်း ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ထိုင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

မြန်မာနိုင်ငံမှ ရွေးချယ်ခံရသည့် ဆရာဝန်စာရေးဆရာမ မီးအိမ်ရှင်ဒေါက်တာနိုက်တင်ဂေးလ်က ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော စာမူခငွေများနှင့် ဂုဏ်ပြုဆုလက်ဆောင်များကို မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



ဩဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာ အ.ထ.က ခွဲ သရက်ပင်ချောင်ကျောင်း၌ နယ်မြေရဲစခန်းမှူး ရဲအုပ်ယဉ်ထွေးက ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ ၀၀၇

# ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နောက်ဆုံးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

ဟားခါး ဩဂုတ် ၂၈

**ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၂၀-၂၀၂၅ ရေးဆွဲခြင်း နောက်ဆုံးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဟားခါးမြို့ Carson Hall ၌ ကျင်းပရာ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့ တက်ရောက် အမှာစကား ပြောကြားသည်။** (အောက်ပုံ)



ထို့နောက် ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များကို ဒေသခံပြည်သူများ လက်တွေ့ခံစားနိုင်စေရေး၊ ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင်လည်း အစိုးရ၊ ပြည်သူနှင့် ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းပါဝင်နေသူများအားလုံး အတူလက်တွဲအကောင်အထည်ဖော်နိုင်ရေး ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၂၀-၂၀၂၅ ကို ချင်းပြည်နယ်အကျိုးကို ရှေးရှုကာ ရေးဆွဲခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအောင်ဖြိုးက ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဦးက ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအား အစုအဖွဲ့လိုက် ဆွေးနွေးကြသည်။

ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၂၀-၂၀၂၅ ရေးဆွဲခြင်းအတွက် ပထမအကြိမ် ကြိုတင်ညှိနှိုင်း အစည်းအဝေးများကို ဖလမ်းမြို့၊ တီးတိန်မြို့၊ မင်းတပ်မြို့နှင့် ကန်ပက်လက်မြို့များတွင် ကျင်းပခဲ့ပြီး နောက်ဆုံးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဟားခါးမြို့၌ ကျင်းပခဲ့ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်တာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်တွင်ဆောင်ရွက်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပ

**ထန်းတပင် ဩဂုတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ထန်းတပင်စက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လွှတ်တော်၏ သဘောထားရယူပြီး လွှတ်တော်တစ်ခုလုံး ကန့်ကွက်သူမရှိ ၁၀၀ ရာခိုင်နှုန်းပြည့် ထောက်ခံလိုက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရသက်တမ်းတွင် လွှတ်တော်မှ ၁၀၀ ရာခိုင်နှုန်း ပထမအကြိမ်အဖြစ် ထောက်ခံအတည်ပြုပေးလိုက်သည့် စီမံကိန်းကြီးဖြစ်ကြောင်းနှင့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြီးစီးမှုအခြေအနေများနှင့် ကျန်ရှိနေမှုအခြေအနေများကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံတောင်သူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ကြရာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုး၊ တိုင်းဒေသကြီး တာဝန်ရှိသူများ၊ ထန်းတပင်မြို့နယ် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဧရာဝတီတိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် မြို့နယ်အဆင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် မြို့နယ်အဆင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့ရှောရွှေဝါခန်းမ၌ ဩဂုတ် ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသန်းဆွေဝင်းက အမှာစကားပြောကြားသည်။ **(အောက်ယာပုံ)**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျောင်းတွင်း မူလတန်းပညာရေးကို အကြောင်းအမျိုးမျိုးကြောင့် လုံးဝသင်ယူခွင့်မရရှိခဲ့သူ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် သက်ငယ်အုပ်စုဝင်ကလေးများအတွက် အနိမ့်ဆုံးအားဖြင့် မူလတန်းအဆင့် ပညာသင်ယူခွင့်ရရှိစေရန်၊ ကျောင်းတွင်းပညာရေးကို ပြီးဆုံးအောင် သင်ယူခွင့်မရရှိဘဲ တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရသူကလေးများ ဒုတိယအကြိမ် မူလတန်းအဆင့် ပညာပြီးဆုံးအောင် သင်ယူခွင့်ရရှိစေရန်၊ ကျောင်းပြင်ပမူလတန်းပညာရေး အဆင့်နှစ်ဆင့်ပြီးမြောက်သွားပါက အလယ်တန်းပညာ ဆက်လက်သင်ယူခွင့် ရရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်၍ပုသိမ်မြို့နယ်တွင် အခြေစိုက်စခန်းကိုးခုဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မြို့နယ် ၁၄ မြို့နယ်၌ အခြေစိုက်စခန်း ၇၆ ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က နာယကအဖြစ် ဦးစီးပြီး ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်ကို တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီကိုအဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စုစုပေါင်းစခန်း ၇၆ ခု၊ ဆရာဦးရေ ၁၃၂ ဦးဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၂၀ ဦးနှင့်အတူ ဟင်္သာတစခန်း၌ ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်တစ်ခုတွင် ကျောင်းသား ကျောင်းသူ ၂၆ ဦးဖြင့် တက်ရောက်သင်ကြားလျက်ရှိသည်။

ထို့နောက် မြို့နယ်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ (မြို့နယ်အုပ်ချုပ်ရေးမှူးများ)က ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ကျောင်းပြင်ပ မူလတန်းပညာရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး(ပညာ) ဦးဖြူဝင်းက ဆက်လက်ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သုံးသပ်ဆွေးနွေးကြသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသားကျောင်းသူ ကိုးဦး အောင်မြင်ခဲ့ပြီး ဒုတိယနှစ်ဝက်ဆုံး ထူးချွန်သင်တန်းသားသင်တန်းသူ ငါးဦး မွေးထုတ်ပညာသင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**




## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ကွတ်ခိုင်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား စားသောက်ကုန်နှင့် ငွေကြေးများ ထောက်ပံ့ပေးအပ်

**ကွတ်ခိုင် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား အမှတ်(၂)ရပ်ကွက်ရှိ တအာင်းစာပေယဉ်ကျေးမှုခန်းမဆောင်၌ ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၈၅၇၀၀၀၀ တန်ဖိုးရှိ စားသောက်ကုနပစ္စည်းများနှင့် ငွေကြေးများ သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကချင်တိုင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်က တိုက်ပွဲရှောင်ပြည်သူများအား အားပေးစကားများ ပြောကြားခြင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်က ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများအား ဆွေးနွေးတင်ပြသည်။

ထို့နောက် ယာယီတိုက်ပွဲရှောင်ပြည်သူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်အိတ် ၈၀၊ ခေါက်ဆွဲခြောက် ဖာ ၁၀၀ နှင့် တိုက်ပွဲရှောင်စခန်းများရှိ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦး၊ တစ်နှစ်အောက်ကလေးငယ် ၅၂ ဦးနှင့် တိုက်ပွဲအတွင်း ထိခိုက်၊ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများကို ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့ရာ တိုက်ပွဲရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**

# ပန်ဆောင်မြို့၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**ပန်ဆောင် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့တွင် နန်းယွန်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း နန်းယွန်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့ အတွင်းရေးမှူး ဦးကျိုင်းဆက်ထံမှ သိရသည်။

ရပ်ကွက်နေပြည်သူများအနေဖြင့် ယခင်က သောက်သုံးရေကို နောင်ယမ်းအင်းဘေးရှိ ချောင်းများနှင့် အင်းများမှ ပိုက်များဖြင့်သွယ်တန်းပြီး အသုံးပြုလျက်ရှိရာ နန်းယွန်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့က ရေစုကန်ဖြင့် စနစ်တကျအသုံးပြုနိုင်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတွင် အရှည် ၄ မိုင် ၅ ဒသမ ၂၃ ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ အလျား ၁၆ ပေ၊ အနံ ၂ ပေ ၆ လက်မ၊ အမြင့် ၄ ပေရှိ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

ပန်ဆောင်မြို့နယ် အောက်ရပ်ကွက်သို့ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ပိုလျှံရန်ပုံငွေကျပ် သန်း ၅၀ ဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ၎င်းလုပ်ငန်းကို ဩဂုတ် ၁၈ ရက်မှ စတင်လုပ်ဆောင်ပေးလျက်ရှိရာ ယခုအခါတွင် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။**ဝင်းဦး(ဇေယျာတိုင်း)**



သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## ၂၀၁၉ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်

**The motto for the Anti-trafficking in Persons Day of 2019**

## “လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ်”

**Let’s join the fight to prevent Trafficking in Persons.**

## ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။

၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။

၄။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ခန္တီးမြို့၌ ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်၊ ဂျိုက်သိုးအပိုဆောင်းထိုးနှံတိုက်ကျွေး

**ခန္တီး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်၊ ဂျိုက်သိုးအပိုဆောင်းထိုးနှံတိုက်ကျွေးခြင်း အခမ်းအနားကို ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် နာဂရိုးရာကွင်း၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ကာကွယ်ဆေး တိုက်ကျွေးခြင်းအခမ်းအနားတွင် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ကာကွယ်ဆေးများ တိုက်ကျွေးပေးပြီး ခန္တီးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်အား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကြိုတင်ကာကွယ်ဆေးနှင့် ကလေးသူငယ် နားအကြောသေရောဂါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ်လအတွင်း ဆက်လက်တိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မိုး/ဇလ**

# ကျောက်ပန်းတောင်းမြို့မှ မကွေးဆေးတက္ကသိုလ်သို့ ခန္ဓာကိုယ်လာရောက်လှူဒါန်း

**ကျောက်ပန်းတောင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ဒေသခံအလှူရှင်များက သုဂတိရှင် နာရေးကူညီမှုအသင်းနှင့် ချိတ်ဆက်၍ မကွေးဆေးတက္ကသိုလ် (ခန္ဓာဗေဒဌာန)သို့ ခန္ဓာကိုယ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါ အသင်းရုံး အခမဲ့ဆေးခန်း၌ ကျင်းပသည်။

ခန္ဓာကိုယ်လှူဒါန်းပွဲတွင် မကွေးဆေးတက္ကသိုလ် (ခန္ဓာဗေဒဌာန)မှ (ပါမောက္ခ/ဌာနမှူး) ဒေါက်တာ သစ္စာအေးမောင်သန်းက ခန္ဓာကိုယ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် မိမိတို့လှူဒါန်းလိုက်သည့် သက်မဲ့ခန္ဓာကိုယ်များကို သင်ကြားရေးဌာနတွင် ဝိညာဉ်မဲ့ဆရာများအဖြစ် ရှိသေစွာ ကိုင်တွယ်အသုံးပြုကြခြင်းဖြစ်ပါကြောင်း၊ သေဆုံးသွားလျှင် တန်ဖိုးမဲ့သွားပြီဟု မှတ်ယူထားခဲ့ကြသော်လည်း ဆေးတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိကြသည့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် ဒုတိယနှစ် အမ်ဘီဘီအက်စ် ဆေးကျောင်းသားကျောင်းသူများအတွက် လက်တွေ့သင်ကြားမှုပြုသည့်နေရာ၌ အလွန်အဖိုးတန်လှသည့်အတွက် ဆေးပညာသင်ကြားရေးတွင် အလွန်ပင်မွန်မြတ်သော အလှူဖြစ်ပါကြောင်းနှင့် ယခုလိုအားတက်သရော လာရောက်လှူဒါန်းကြသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့မှ မကွေးဆေးတက္ကသိုလ် (ခန္ဓာဗေဒဌာန)သို့ ခန္ဓာကိုယ်လာရောက်လှူဒါန်းသူ စုစုပေါင်း ၅၀တို့အား (ပါမောက္ခ/ဌာနမှူး) ဒေါက်တာ သစ္စာအေးမောင်သန်းနှင့် သုဂတိရှင် နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**







# ဂျီတီအိုင်ပညာရေးခရီး (၁၂၅)နှစ်မြောက် ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၂၀ ပြည့်နှစ်တွင် ဂျီတီအိုင်ပညာရေးခရီး (၁၂၅)နှစ်မြောက် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ (၁၂၅)နှစ်မြောက် အခမ်းအနားကို ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူးပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တွေ့ဆုံ၍ အကြံပြုချက်များကို ရယူလိုပါသဖြင့် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန် ဂျီတီအိုင်ကျောင်းဝင်း (ဆာကူရာ-အင်းစိန်ခန်းမ) ရွာမရပ်ကွက် အင်းစိန်တွင် ညှိနှိုင်းအစည်းအဝေးကျင်းပမည်ဖြစ်၍ ဂျီတီအိုင်ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့၌ သစ်ပင်လဲကျပြီး ဓာတ်တိုင်လေးတိုင်ပြိုလဲ

**ကျောက်ဆည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ယနေ့ညနေ ၅ နာရီခွဲခန့်က ရဲစုရပ်ကွက် မြို့အထွက်လမ်းနှင့် နည်းပညာလမ်းဆုံတွင် စိန်ပန်းပင်ကြီးမှာ ၁၁ ကေဗွီ ဓာတ်အားလိုင်းပေါ်သို့ လဲကျမှုကြောင့် ဓာတ်တိုင်လေးတိုင် ပြိုလဲခဲ့ပြီး အဆိုပါလိုင်းမှ လျှပ်စစ်မီးပေးနေမှုများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်တိုင်ပြိုလဲရာသို့ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးအောင်ကြည် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လျှပ်စစ်မီး အမြန်ဆုံးပြန်လည်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းသည် ကျောက်ဆည်မြို့ ကြက်မင်းတွန် ဓာတ်အားခွဲရုံမှ ရဲစု၊ ဆူးကုန်း၊ အေးမြကြည်လင်၊ တံစိုးဂိတ်၊ တံတားလည် ရပ်ကွက်များနှင့် ကျောက်ဆည်မြို့ အနောက်ဘက်ခြမ်းရှိ ကျေးရွာများ၊ မြို့၏တောင်ဘက်ပိုင်း ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်ခြမ်း အင်းကုန်းကျေးရွာအထိ လျှပ်စစ်မီးပေးထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်း ဖြစ်ကြောင်းလည်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်လင်းထံမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကဗျာ့သဘော ကဗျာ့အရသာ စကားဝိုင်းကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့က ကြီးမှူးကျင်းပသော ကဗျာ့သဘော ကဗျာ့အရသာစကားဝိုင်းကို ဩဂုတ် ၃၁ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းတွင် မြဝင်း (ဒဿန)၊ မြင့်စိုးလှိုင်၊ ဒေါက်တာအောင်ကြီးနှင့် မောင်လင်းရိပ်တို့ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**




# ပေါင်းတည်မြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ပေါင်းတည် ဩဂုတ် ၂၈

**ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အားကစားကွင်းတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်းမိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။**



ပြိုင်ပွဲသို့မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ဘောလုံးအသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ နောက်ဆုံးဗိုလ်လုပွဲတွင် ပေါက်တောအသင်းနှင့် အုပ်ဖို(၁/၂)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ အုပ်ဖို(၁/၂)အသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရပြီး ပထမဆုရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှမြင့်တို့က ပထမဒိုင်းဆု **(ဝဲပုံ)**နှင့် ဆုငွေကျပ် ငါးသိန်းနှင့် ရွှေဆုကလပ်များ၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးရန်နိုင်မြင့်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဒုတိယဆု ငွေကျပ်သုံးသိန်း၊ ငွေဆုကလပ်များနှင့် တာဝန်ရှိများက တစ်ဦးချင်းနေရာအလိုက် အကောင်းဆုံးဆုရရှိသူများကို ဆုကလပ်များဖြင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်လုပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး ဒေါ်နီလာဝင်းနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဒေသခံပြည်သူများ တစ်ခဲနက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**




❑ *ကျော့ဖုံးမှ*

မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့၌ ကစားသည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် ငါးဂိုးပြတ်အနိုင်ရထားသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၉ ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်ဆင့်ကစားပြီးမှ နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာတွင် ပထမအဆင့်ခြေစစ်ပွဲ၊ ၂၀၁၉ ခုနှစ် ဧပြီတွင် ဒုတိယအဆင့်ခြေစစ်ပွဲတို့ ကစားခဲ့ပြီး အာရှဒေသတွင်းအသင်းများကို ကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှယူ-၁၉ ပြိုင်ပွဲတွင် အုပ်စု (ခ) ၌ လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားတို့နှင့် ကျရောက်နေပြီး အာရှထိပ်သီးအသင်းများနှင့် ကျရောက်နေသောကြောင့် ပြိုင်ပွဲအကြိုပြင်ဆင်မှုများ စနစ်တကျပြုလုပ်ကာ ထိပ်သီးအသင်းများနှင့် ခြေစမ်းပွဲများစွာ ကစားရန် လိုအပ်နေသည်။

**ညီမြတ်သော်တာ**

# ဒေသအချို့၌ နေရာကွက်၍ မိုးကြီးခဲ့

**နေပြည်တော် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### လန်ဇီနီကို စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိရန် နီးစပ်လာ

ဝက်စ်ဟမ်းအသင်းသည် အာဂျင်တီးနားကွင်းလယ်ကစားသမား လန်ဇီနီ (၂၆နှစ်)ကို စာချုပ်သစ်ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### အိုးထရက်ဖို့ဒ်မှာ ငြီးငွေ့စရာကောင်းသည့်အတွက် လူကာကူ ထွက်ခွာချင်ခဲ့

ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ်၏ အဆိုအရ အင်တာမီလန်တိုက်စစ်ကစားသမား လူကာကူ (၂၆နှစ်) သည် အိုးထရက်ဖို့ဒ်၌ ငြီးငွေ့စရာကောင်းသည့်အတွက် မန်ယူအသင်းမှ ထွက်ခွာချင်ခဲ့ကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### အဲဗာတန်မှ ဆန့်တိုဆန် အသင်း၌ ဆက်လက်နေလို

အဲဗာတန်နှင့် တူရကီတိုက်စစ်ကစားသမား ဆန့်တိုဆန် (၂၈နှစ်) သည် ဖရန့်ဖတ်အသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်းခံနေရသော်လည်း အသင်း၌ ဆက်လက်နေလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဒွန်ကန်ကို လီဗာပူးအသင်း ရောင်းထုတ်ရန် ဆန္ဒမရှိ

လီဗာပူးအသင်းသည် ၎င်းတို့အနေဖြင့် တိုက်စစ်ကစားသမား ဒွန်ကန် (၁၈နှစ်)ကို ရောင်းထုတ်ရန် ဆန္ဒမရှိကြောင်း၊ ဖီအိုရင်တီးနားအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း ပြောကြားလိုက်သည်။

### နေမာကို ပြန်လည်ခေါ်ယူနိုင်ရန် နှစ်ဖက်အသင်းတာဝန်ရှိသူများ ဆွေးနွေး

ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်း တာဝန်ရှိသူများသည် နေမာကို ဘာစီလိုနာအသင်းထံသို့ ပြန်လည်ခေါ်ယူနိုင်ရန်အတွက် ပဲရစ်တွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ နေမာသည် ပီအက်စ်ဂျီအသင်းအတွက် ပြိုင်ပွဲစုံ ၅၈ ပွဲတွင် ၅၁ ဂိုးအထိ သွင်းယူပေးထားနိုင်ကြောင်း ဖော်ပြထားသည်။

### အင်တာမီလန်အသင်း ဆန်းချက်ဇ်ကို အငှားခေါ်ရန် သဘောတူညီမှုရရှိ



အင်တာမီလန်အသင်းသည် မန်ယူအသင်းမှ တိုက်စစ်ကစားသမား ဆန်းချက်ဇ်ကို အငှားခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ နည်းပြကွန်တီသည် ဥရောပအပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီတွင် အဆိုပါ ကစားသမားကို ခေါ်ယူလိုနေကြောင်း ဖော်ပြထားသည်။ အင်တာမီလန်အသင်းအနေဖြင့် အငှားသက်တမ်းကုန်ဆုံးပါက ဆန်းချက်ဇ်ကို အမြဲတမ်းခေါ်ယူခွင့်သဘောတူညီချက် မရရှိကြောင်းလည်း ဖော်ပြထားသည်။

**အောင်ဇော်**

❖ *ကျော့ဖုံးမှ*

နိုင်ငံတကာပြိုင်ပွဲတွေပြိုင်ရင် အတွေ့အကြုံနည်းလို့ ရှုံးရတယ်မျိုး မဖြစ်အောင်ပွဲတွေ အများကြီးလွှတ်ပါတယ်။ ဒီလိုလွှတ်တဲ့ပွဲတိုင်းကိုလည်း ဝန်ကြီးဌာနက ပံ့ပိုးကူညီပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောချင်တယ်။ ဆီးဂိမ်းပြိုင်ပွဲဟာ စိတ်လှုပ်ရှားစရာပြိုင်ပွဲလည်း ဖြစ်တယ်။ အနိုင်ရဖို့ ဆိုတာလည်း အင်မတန်ခက်ပါတယ်။ အနိုင်ရဖို့ဆိုရင် ကံကောင်းဖို့လည်း လိုပါတယ်။ ဒီနှစ်သွားမယ့် ဆီးဂိမ်းမှာဆုတံဆိပ်အမြောက်အမြားယူနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ဒီနှစ်ဆီးဂိမ်းမှာရွှေတံဆိပ် စုစုပေါင်း ၁၀ ခုပေးမယ်။ အိမ်ရှင်ဖိလစ်ပိုင်က သူတို့အားသာတဲ့ပူးလ်ကို ခြောက်မျိုးထည့်ထားပါတယ်။ ပူးလ်ပြိုင်ပွဲမှာလည်း ကျွန်တော်တို့ ဝင်ပြိုင်မှာပါ။ ပူးလ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့မှာ အားကစားသမားကောင်းရှိပါတယ်။ မြန်မာပြည်မှာရှိတဲ့ အောင်မျိုးသူနဲ့ ကျော်ဇင်ထက်တို့ ကစားသမားတွေ ပူးလ်ကို ဆီးဂိမ်းမှာ အောင်မြင်မှုရအောင် ကြိုးစားမှာပါ။ စနူကာ ကိုထက်နဲ့ ဝင်းကိုကို နှစ်ယောက်က ပြီးခဲ့တဲ့ ကာတာနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာရှစနူကာပြိုင်ပွဲမှာအသင်းလိုက်ပြိုင်ပွဲ တတိယဆုရခဲ့ပါတယ်။ ကျွန်တော်တို့နဲ့အတူ ပူးတွဲတတိယက ထိုင်းကစားသမားပါ။ ဒုတိယဆုကို အိန္ဒိယကရပြီး ပထမဆုကို ပါကစ္စတန်က ရခဲ့ပါတယ်။ ထိုင်းကတော့ ကျွန်တော်တို့နဲ့ ဆီးဂိမ်းမှာ ပြိုင်ရမယ့်အသင်းပါ'' ဟု ၎င်းက ဆက်လက်ပြောသည်။

ဘိလိယက်နှင့် စနူကာအားကစားသမားများသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အာကာစိုး**

အားကစားမြှင့်တင် စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၈-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ - "ကောင်းကင်မှာထွန်းတောက်နေတဲ့ သာသနာ့အာဇာနည် တိပိဋကပါဠိပါရဂူ ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထေရုပ္ပတ္တိ" (စတုတ္ထပိုင်း)
- ၇း၀၀ - Breakfast News
- ၇း၃၅ - သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ
- ၇း၄၀ - NRC အစီအစဉ် "ကန်ပက်လက်မြို့နယ် ညီအစ်ကိုများ၏ ပုလွေဂီတ"
- ၉း၁၀ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနရပတိ သဲဖြူပရိယတ္တိစာသင်တိုက်၊ ငါန်းဇွန်မြို့ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၁၀း၃၀ - ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရန်များ
- ၁၀း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အမြတ်"
- ၁၂း၃၅ - "စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာသဘင်တရားပွဲတွင်(ဘဒ္ဒန္တနာရဒါဘိဝံသ (လုရတနာဆရာတော်) ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်) ဆရာတော်ဟောကြားတော်မူအပ်သော "ရတနာသုံးပါးကာရံထားတရားတော်"
- ၁၄း၂၀ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ"(အပိုင်း-၁၄)

**ညပိုင်း**

- ၁၆း၂၅ - ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်း လူသားအားလုံးအန္တရာယ်ကင်း
- ၁၆း၃၅ - Soccer View
- ၁၇း၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၀ - သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်
- ၂၀း၃၅ - "မြွေဆိပ်ဖြေဆေးအဆင့်ဆင့် ထုတ်လုပ်ပုံ" (BPI)
- \- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃)
- \- "တစ်ပါးသီလ-၂"

# ရန်ကုန်၊ အမ်းနှင့် မင်းပြားမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်၊ အမ်းနှင့် မင်းပြားမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များသည် ရန်ကုန်မြို့ မြန်မာပလာဇာရှေ့တွင် ထွင့်အောင်လွင်နှင့် ကြည်ခိုင်ဆိုသူနှစ်ဦးအား သတင်းအရ ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ဖမ်းဆီးရမိပြီး ထွက်ဆိုချက်များအရ ၎င်းတို့ မူးယစ်ဆေးဝါး ဝယ်ယူခဲ့သည့် စမ်းချောင်းမြို့နယ် ဇလွန်လမ်းနေ မအေးအေးဝင်း (ခ) စုလှိုင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် မအေးအေးဝင်း(ခ) စုလှိုင်၏ ထွက်ဆိုချက်အရ ၎င်းမူးယစ်ဆေးဝါးဝယ်ယူခဲ့သော ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာအိမ်ရာ(၁)ရှိ မခိုင်ခိုင်နှင့် နိုင်နိုင်ထွန်း မောင်နှမနှစ်ဦး ငှားရမ်းနေထိုင်သောနေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၈၀ ကို လည်းကောင်း၊ ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရန်ကုန်-စစ်တွေ ခရီးသည်တင် မင်းထက်သာယာဉ်လိုင်း ယာဉ်အမှတ် 6C / .... ၏ ယာဉ်ပစ္စည်းတင် အကန့်အတွင်းမှ စစ်တွေသို့ပို့ဆောင်ရန် အပ်နှံထားသော အဝတ်အထည်များနှင့် ရောနှောထားသည့် ဆာလာအိတ် ခုနစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကို လည်းကောင်း၊ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် အမ်းမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်တွေသို့ ထွက်ခွာလာသည့် မင်းထက်သာယာဉ် အမှတ် 6C/ .... ယာဉ်ပေါ်မှ ဆာလာအိတ် ငါးအိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅ သိန်းနှင့် မင်းပြားမြို့ရာမောင်တံတားကူးနေရာ၌ လေးဝတီယာဉ် 5Q /.... ပေါ်တွင် **(ယာပုံ)** ဆာလာအိတ် ငါးအိတ်ဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၉၉၇၅ ပြားကို လည်းကောင်း ရှာဖွေတွေ့ရှိခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၀၂၇၈ သိန်း





ကျော်တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၆ သိန်းကျော် သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ မခိုင်ခိုင်၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ၂၀၁၅ ခုနှစ် ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်စဉ် AA အဖွဲ့၏စည်းရုံးမှုကြောင့် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး စည်းရုံးလူသစ်စုဆောင်းခြင်း၊ ရန်ပုံငွေရရှိရေးအတွက် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးခြင်းများကို လုပ်ကိုင်လျက်ရှိကြောင်း၊ ရန်ကုန်-စစ်တွေ ခရီးသည်တင် ယာဉ်များကို အသုံးပြု၍ ယခင်ကလည်း မူးယစ်ဆေးဝါး ငါးကြိမ်ခန့် သယ်ယူပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး ကွင်းဆက်တရားခံများဖမ်းဆီးရမိရေး၊ တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ဒလမြို့နယ် ခနောင်မီးခြစ်စက်ကျေးရွာ မြတ်မေတ္တာမွန်သင်္ဘောကျင်း၌ မီးလောင်ပေါက်ကွဲမှုဖြစ်



ပေါက်ကွဲမှုဖြစ်ပွားသည့် သင်္ဘောပေါ်တွင် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန် ဩဂုတ် ၂၈

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနောင်ရွာမကျေးရွာအုပ်စု ခနောင်မီးခြစ်စက်ကျေးရွာရှိ မြတ်မေတ္တာမွန်သင်္ဘောကျင်းတွင် ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က အောက်တိန်းဆီတင် တွဲသင်္ဘောပေါ်၌ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရသည်။**

**မီးလောင်ပေါက်ကွဲ**

ဖြစ်စဉ်မှာ စုရတနာထွန်းအမည်ရှိ အောက်တိန်းဆီတင်တွဲသင်္ဘော ဘက်တွဲအမှတ် OB 562 ၏ ရေယာဉ်ကုန်းဘတ်ရှိကြမ်းခင်း(ဆင်ဆာ)အား ပြင်ဆင်ရန် ဝရိန်စက်ဖြင့် ဖြတ်တောက်စဉ် ၎င်းနှင့် ပေ ၂၀ ခန့်အကွာရှိ ဆီထည့်ထားခြင်းမရှိသည့် ဆီသိုလှောင်ကန်သို့ အပူကူးပြောင်းပြီး မီးလောင်ပေါက်ကွဲခဲ့ရာ ရေယာဉ်၏ ယာဘက်ပဲ့ပိုင်းရှိ အလျား ၂၄ ပေ၊ အနံ ပေ ၂၀၊ ထု ၇ မီလီမီတာရှိ သံပြားပွင့်ထွက် ပေါက်ကွဲခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဆီတင်သင်္ဘောတွင် ဝရိန် ဆော်သူ ကိုစိန်ထွန်း(၂၈ နှစ်)နှင့် ကိုဇေယျာမင်း (၂၉ နှစ်) တို့မှာ သေဆုံးပြီး သက်တင်ဖြိုး(၂၃ နှစ်)မှာ ဒဏ်ရာ (မစိုးရိမ်ရ)ရရှိသဖြင့် ဒလမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး တင်လှခိုင် (၄၅ နှစ်) (သင်္ဘောကျင်းတွင် အထွေထွေလုပ်ကိုင်သူ)မှာ သံပြားဖြတ်စများ ထိမှန်ကာ ပြတ်ရှဒဏ်ရာများရရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိသည်။ ပေါက်ကွဲမှုကြောင့် ခနောင်မီးခြစ်စက်ကျေးရွာအတွင်းရှိ နေအိမ်တဲ နှစ်လုံး ပျက်စီးပြီး အဆိုပါနေအိမ်မှ မဖြူဖြူဝင်း (၄၂ နှစ်)မှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိ၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်နှင့် ပတ်သက်၍ ဆိပ်ကမ်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဇန်းမောက်မြို့နယ်အတွင်း ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ်နှင့် တမလန်းသစ်များ ဖမ်းမိ

**ဇန်းမောက် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ရဲဝင်းနိုင် ဦးစီးသောအဖွဲ့သည် ဩဂုတ် ၂၆ ရက်က ဇန်းမောက်-အင်းတော်သွားကားလမ်း ကျောက်မဲတောင်အနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အင်းတော်မြို့နယ် မန်လည်ကျေးရွာနေ စိုင်းသီဟ မောင်းနှင်လာသော 2A / .... ယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် ကျွန်းသစ်လုံး လေးလုံး(၀ ဒသမ ၈၅၄ တန်) ဖမ်းမိသဖြင့် ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဩဂုတ် ၂၇ ရက်က ဇန်းမောက်မြို့နယ် သစ်တောအဖွဲ့နှင့် အင်းတော်မြို့နယ် သစ်တောအဖွဲ့တို့သည် ဇန်းမောက်-အင်းတော်သွားကားလမ်း နန့်ဆင်ကျွန်းတောကျေးရွာအနီး သတင်းအရ စောင့်ဆိုင်းနေစဉ် တောစပ်တစ်နေရာတွင် ရပ်ထားသော 4C/ .... ယာဉ်အား မသင်္ကာ၍ သွားရောက် ရှာဖွေစစ်ဆေးရာ ယာဉ်အတွင်းမှ တရားမဝင် တမလန်းသစ်ခြောက်လုံး (၀ ဒသမ ၅၀၆တန်) ကို စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်နှင့် ပစ္စည်းပိုင်ရှင်များအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဇီးကုန်းမြို့နယ်၌ ခြင်ဆေးခွေ ထွန်းထားရာမှတစ်ဆင့် မီးလောင်

**ဇီးကုန်း ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဂုံးလမ်းရှိ မသီတာထက်၏နေအိမ်တွင် ဩဂုတ် ၂၇ ရက် ည ၁၀ နာရီခွဲခန့်က ခြင်ဆေးခွေထွန်းထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာသို့ ဇီးကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းထွေးဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ် ၁၂၂ ဒသမ ၂၅၀၂ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ဖမ်းဆီးရမိသည့် စာရင်းများအရ ကျွန်း ၃၄ ဒသမ ၅၄၄၁ တန်၊ သစ်မာ ၃၈ ဒသမ ၈၉၀၂ တန်နှင့် အခြားသစ် ၄၈ ဒသမ ၈၁၅၉ တန် စုစုပေါင်း ၁၂၂ ဒသမ ၂၅၀၂ တန်၊ ပြစ်မှုကျူးလွန်သူ ၅၂ ဦးနှင့် ယာဉ်/ယန္တရား ၂၇ စီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုများတွင် ဩဂုတ် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ/ယင်းမာပင်ခရိုင် ကနီမြို့နယ် ညောင်ပင်ဝန်းကျေးရွာအတွင်းမှ အင်ခွဲသားမျိုးစုံ ၄၇၂ ချောင်း (၆ ဒသမ ၄၈၃၄)တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူ ၁ ဒသမ ၇ သန်းရွှေ့ပြောင်းရန် အကြံပြုချက်ထုတ်ပြန်

**တိုကျို ဩဂုတ် ၂၈**

ဂျပန်နိုင်ငံအနောက်ပိုင်း စာဂါ၊ ဖူကူအိုကာနှင့် နာဂါဆာကီ ခရိုင်သုံးခုတွင် မိုးသည်းထန်စွာရွာသွန်းနေသည့်အတွက် ဂျပန်မိုးလေဝသအရာရှိများက အမြင့်ဆုံးသတိပေးချက် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

**တိုက်တွန်းပြောကြား**

အဆင့် ၁ မှ အဆင့် ၅ ထိရှိသည့် ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ် အဆင့်အမြင့်ဆုံးသတိပေးချက်ကို ဩဂုတ် ၂၈ ရက် နံနက် ၅ နာရီ မိနစ် ၅၀တွင် ထုတ်ပြန်လိုက်သည်။ သက်ဆိုင်ရာအရာရှိများက ဒေသခံများကို ချက်ချင်းတိမ်းရှောင်ရန် သတိပေးထားပြီး တိမ်းရှောင်လျှင် အသက်အန္တရာယ်ရှိပါက ယခုရှိသည့် အဆောက်အအုံထဲတွင် ပိုပြီးလုံခြုံသည့်နေရာ ရွှေ့ပြောင်းရန်လည်း တိုက်တွန်းပြောကြားထားသည်။

ထို့အပြင် လူပေါင်း ၁ ဒသမ ၇ သန်းခန့်ကို ပြောင်းရွှေ့မှုများပြုလုပ်ရန် အကြံပြုချက်များထုတ်ပြန်ထားသည်။ စာဂါခရိုင်၏ တချို့နေရာများတွင် ဩဂုတ် ၂၈ ရက် အစောပိုင်း တစ်နာရီခြားတစ်ခါ တိုင်းထွာချက်အရ မိုးရေချိန်သည် ၁၀၀ မီလီမီတာကျော်ရှိကြောင်း သိရသည်။

ယခုမိုးသည် ဆက်လက်ပြီး ရွာသွန်းနေဦးမည်ဟုလည်း ယူဆရသည်။ ထို့အပြင် တချို့ မြစ်ကမ်းပါးများတွင် ရေကြီးရေလျှံမှုဖြစ်ပြီး မြေပြိုမှုများလည်း ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

**အဝေးပြေး လမ်းပိုင်းတချို့ကို ပိတ်ထားခဲ့ရ**

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် သယ်ယူ ပို့ဆောင်ရေးများတွင်လည်း အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း၊ ကျူရှူးကျွန်းမြောက်ပိုင်းတွင် ရထားဝန်ဆောင်မှုလုပ်ငန်းတချို့ကို ရပ်ဆိုင်းထားခဲ့ရကြောင်း၊ တချို့နေရာများတွင်လည်း အဝေးပြေးလမ်းပိုင်းတချို့ကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအနည်းငယ်ရှိကြောင်း၊ ကယ်ဆယ်ရေးအရာရှိများက မိမိတို့သည် ဒုက္ခရောက်နေသူများထံမှ ဖုန်းခေါ်ဆိုမှု အမြောက်အမြားကို လက်ခံရရှိခဲ့ကြောင်း၊ တချို့မှာ ကားထဲတွင်ပိတ်မိနေသူများဖြစ်ကြောင်း၊ တချို့မှာ ရေကြီးမှုမှထွက်ပြေးလွတ်မြောက်ရန် ခဲယဉ်းသူများဖြစ်ကြောင်း ပြောသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၄၀ ခန့်သည်လည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေပြီး ရေကြီးမှုဖြစ်စဉ်များကြောင့် ကုန်စုံဆိုင်များလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ရေကြီးနစ်မြုပ်နေသည်ကို တွေ့ရစဉ်။

# သင်္ဘောသား ၂၄ ဦးလိုက်ပါလာသည့် ကုန်တင်သင်္ဘောကြီးတစ်စင်း အင်ဒိုနီးရှားကမ်းလွန်တွင် ပျောက်ဆုံး

**ဂျကာတာ ဩဂုတ် ၂၈**

ကုန်တင် သင်္ဘောတစ်စင်းနှင့်အတူ သင်္ဘောသား ၂၄ ဦး အင်ဒိုနီးရှားကမ်းလွန် မာလူကူကျွန်းတွင် ပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ဩဂုတ် ၂၈ ရက်က ပြောသည်။

လွန်ခဲ့သော ရက်သတ္တပတ်က မီတာ ၁၉၀ (ပေ ၆၂၀)ရှိသော သင်္ဘောသည် နီကယ်သတ္တုရိုင်းများ တင်ဆောင်လာပြီး ဟယ်မာဟီးရားကျွန်းမှ ဆူလာဝေစီကျွန်းသို့ သွားနေစဉ် ရေဒီယိုအချက်ပြစနစ် ပျောက်ကွယ်မသွားခင် အရေးပေါ်ဖုန်းခေါ်ဆိုခဲ့ကြောင်း သိရသည်။

သင်္ဘောကို နောက်ဆုံးခြေရာကောက်နိုင်သော ဝေးလံခေါင်သီ ကျယ်ပြောလှသည့် ကျွန်းစုများအနီးသို့ သွားရောက်ရန်ကြိုးပမ်းမှုကို ပင်လယ်လှိုင်းထန်မှုများက အဟန့်အတားဖြစ်နေကြောင်း ဒေသတွင်းရှာဖွေရေးနှင့် ကယ်ဆယ်ရေးအကြီးအကဲ မူဆလီမင်ဆာမိုင်လာက ပြောသည်။

မိမိတို့ အဆိုပါနေရာသို့ ရောက်ရှိခဲ့သော်လည်း မည်သည့်သဲလွန်စမျှ မတွေ့ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။ "သင်္ဘောရဲ့အရိပ်အယောင်လည်းမတွေ့ရသလို သင်္ဘောသားတွေရဲ့ အခြေအနေကိုလည်း မသိရပါဘူး။



ပျောက်ဆုံးသွားသည့် ကုန်တင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

သင်္ဘောကြီးနဲ့ သင်္ဘောသားတွေ ဘယ်ပျောက်နေသလဲဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်ဟု"၎င်းက ပြောသည်။

အင်ဒိုနီးရှား ဒုတိယအကြီးဆုံးမြို့တော် ဆူရာဘာရာမှ ဘော်နီယိုကျွန်းရှိ ဘာလိခ်ပါပန်သို့ သွားရောက်စဉ် ပေါက်ကွဲမှုဖြစ်ပြီး လူသုံးဦးသေဆုံးခဲ့ကာ ၃၀၀ ကျော် ကယ်တင်ခဲ့ရသည့် ဝမ်းနည်းဖွယ်ဖြစ်ရပ် ဖြစ်ပြီးနောက် ယခုဖြစ်ရပ် ထပ်မံပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်း ၁၇၀၀၀ ကျော်တည်ရှိနေသည့်အတွက် အဓိကအားဖြင့် ရေကြောင်းသွားလာမှုကို မှီခိုနေရသေးသော်လည်း လုံခြုံရေးဆိုင်ရာ အဆင့်အတန်းမှာမူ လျော့ရဲလျက်ရှိပြီး အသက်သေဆုံးစေနိုင်သည့် ရေကြောင်းဆိုင်ရာ မတော်တဆမှုများမှာ ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်တစ်ခုဖြစ်သည်။

ဇွန်လကလည်း ဂျာဗားမြောက်ပိုင်းကမ်းရိုးတန်းတွင် တန်ပိုတင်ဆောင်မှုကြောင့် ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်မှုဖြစ်ပြီး လူ ၂၁ ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ လွန်ခဲ့သောနှစ်ကလည်း ဆူမားတြားကျွန်းပေါ်ရှိ ကမ္ဘာ့အနက်ဆုံးရေကန်ထဲတွင် အင်ဒိုနီးရှားကူးတို့သင်္ဘောနစ်မြုပ်ရာ လူ ၁၆၀ သေဆုံးခဲ့သည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ဖြစ်ပွားသော သင်္ဘောမီးလောင်မှုတွင် လူသုံးဦးသေဆုံး

**မနီလာ ဩဂုတ် ၂၈**

ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘိုအန်ဂါဒဲလ်နော်တီပြည်နယ် ဒါပီတန်မြို့ကမ်းရိုးတန်း၌ ဩဂုတ် ၂၈ ရက်အစောပိုင်းက သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

သင်္ဘောပေါ်တွင် တင်ဆောင်လာသော ခရီးသည်နှင့် ကုန်ပစ္စည်းစာရင်းအရ အဆိုပါ အမ်ဗီလိုက်တ်ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၁၃၆ ဦးနှင့် ဝန်ထမ်း ၃၆ ဦးပါရှိကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် ဆိုက်ကပ်ရန်စီစဉ်ထားသော ဒါပီတန်မြို့ ပူလွန်အန်ဆိပ်ကမ်းမှ ရေမိုင် ၁ ဒသမ ၅မိုင်ခန့်အကွာတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်္ဘောသည် စီဘူးမြို့ ဆမ်ဆွန်ဆိပ်ကမ်းမှ ဩဂုတ် ၂၇ ရက်ကထွက်ခွာလာပြီး ဒါပီတန်မြို့ရှိ ဆိပ်ကမ်းအနီးတွင် မီးလောင်ခဲ့ကြောင်း သိရသည်။

နံနက် ၈ နာရီတွင် မိမိတို့ခရီးသည် ၁၀၂ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း မိမိတို့ကယ်ဆယ်ရေးအဖွဲ့နှင့် တခြားသင်္ဘောကုမ္ပဏီမှလူများသည် သင်္ဘောမီးလောင်သည့်နေရာတွင် ယခုအချိန်အထိရှိနေသေးကြောင်း ဒါပီတန်မြို့ သဘာဝဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှုအရာရှိ နယ်လ်ဆင်န်ကွီမီဂွန်က ပြောသည်။

သင်္ဘောမီးလောင်မှုတွင် လူအရေအတွက် မည်မျှပျောက်ဆုံးနေကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးချေ။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ မီးသည် သင်္ဘော၏ အင်ဂျင်ခန်းမှ စတင်လောင်လာခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းတင်းမာမှုများ ယခုထက်မပိုနိုင်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးပြော

**တီဟီရန် ဩဂုတ် ၂၈**

အရှေ့အလယ်ပိုင်း၌ဖြစ်ပေါ်နေသော တင်းမာမှုများသည်ယခုထက်အရှိန်မြင့်လာမည်မဟုတ်ဟု ထင်မြင်ယူဆမိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗစ်ဇာရစ်ဖ်က ဩဂုတ် ၂၈ ရက်က ပြောကြားလိုက်သည်။

၂၀၁၅ နျူကလီးယားသဘောတူစာချုပ်မှ လွန်ခဲ့သောနှစ်က အမေရိကန်ပြည်ထောင်စု ထွက်ခွာသွားပြီးနောက် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဇာရစ်ဖ်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ယိုကိုဟားမားတွင်ကျင်းပသော အစည်းအဝေး၌ အလွတ်သဘောဆွေးနွေးခဲ့သည်။

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများလျှော့ချရန် ကြိုးစားနေသည့် ဂျပန်အစိုးရ၏ အခန်းကဏ္ဍကိုလည်းကြိုဆိုပါကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က ဆက်လက်ပြောကြားသည်။ အရှေ့အလယ်ပိုင်းတင်းမာမှု မြင့်တက်လာခြင်းကို ဂျပန်နိုင်ငံကလည်း သံတမန် နည်းလမ်းဖြင့် သက်သာလျော့နည်းအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လတ်တလောအခြေအနေကိုလည်း ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တုံ့ပြန်ပြောကြားသည်။

**ဆင်ဟွာ**

# ယီမင်အစိုးရတပ်ဖွဲ့များ အေဒင်မြို့တော်ကို ပြန်လည်သိမ်းပိုက်နိုင်ပြီ

**အေဒင် ဩဂုတ် ၂၈**

ယီမင်အစိုးရတပ်ဖွဲ့ဝင်များသည် အေဒင်မြို့တော်နှင့် သမ္မတအိမ်တော်ကို ဩဂုတ် ၂၈ ရက်က ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း အစိုးရအကြီးအကဲတစ်ဦးက ပြောကြားလိုက်သည်။ ထို့အပြင် အေဒင်မြို့ကိုသိမ်းပိုက်ထားသည့် ခွဲထွက်ရေးသမားများကိုလည်း ပြန်လည်မောင်းထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဟူသီသူပုန်တို့ မြောက်ပိုင်းမြို့တော် ဆာနားကို ၂၀၁၄ခုနှစ်တွင် သိမ်းပိုက်လိုက်သည့်အချိန်မှစကာ လွတ်လပ်ရေးထောက်ခံတောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီ (အက်စ်တီစီ) သည် အစိုးရခြေကုပ်ယူရာ အေဒင်မြို့ကို သိမ်းပိုက်ပြီးနောက် ခွဲထွက်ရေးသမားများသည် ရက်သတ္တပတ်သုံးပတ်ကြာ ရှုံးနိမ့်မှုများနှင့်ကြုံတွေ့နေရသည်။

နိုင်ငံတကာအသိအမှတ်ပြုယီမင်သမ္မတ မန်ဆောဟာဒီ သစ္စာခံတပ်ဖွဲ့များသည် အေဒင်ရှိ သမ္မတအိမ်တော်နှင့် အနီးဝန်းကျင်နေရာဒေသများကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီး မွမ်မာအယ်လ်အာယန်နီက တွစ်တာတွင် ဖော်ပြလိုက်သည်။

ထို့အပြင် အမျိုးသားတပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒေသအတော်များများကို အပြည့်အဝပြန်လည်ထိန်းချုပ်လာနိုင်ခဲ့ပြီဖြစ်သည်။

အက်စ်တီစီတပ်ဖွဲ့များနှင့် အစိုးရတပ်ဖွဲ့များကြားတိုက်ပွဲများဖြစ်ပွားမှုသည် ယီမင်နိုင်ငံ၏ အချုပ်အခြာပိုင်စိုးမှုကို ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားအရေး ထောက်ခံရန် ခေါင်းဆောင်များ သဘောတူခဲ့ကြောင်း အာဘေးပြောကြား

**တိုကျို ဩဂုတ် ၂၈**

ပြင်သစ်နိုင်ငံ အပန်းဖြေစခန်းမြို့ဖြစ်သည့် ဘာရစ်ဇ်တွင် ပြုလုပ်သည့် ဂျီ-၇ ထိပ်သီး ဆွေးနွေးပွဲကို တက်ရောက်ပြီးနောက် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်ပြီး အမေရိကန်-မြောက်ကိုရီးယားလုပ်ငန်းစဉ်များကို ထောက်ခံသွားရန်နှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေး ဆက်လက်လုပ်ဆောင်သွားရန် ခေါင်းဆောင်များ သဘောတူခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇို အာဘေးက ပြောကြားလိုက်သည်။

မြောက်ကိုရီးယားက ဖမ်းဆီးခေါ်ဆောင်သွားသည့် ဂျပန်နိုင်ငံသားများ အရေးနှင့် ပတ်သက်ပြီး နားလည်မှုနှင့် ထောက်ခံမှုများကို ခေါင်းဆောင်များဆီက ရရှိခဲ့ကြောင်း၊ စီးပွားရေးအပိုင်းတွင်လည်း ကမ္ဘာ့စီးပွားရေး အကျဘက် ဦးတည်လာသည့် အန္တရာယ်များကို မြန်မြန်ဆန်ဆန်နှင့် ကောင်းမွန်ပြည့်စုံသည့် နည်းလမ်းများဖြင့် ဖြေရှင်းရန် ခေါင်းဆောင်များက သဘောတူခဲ့သည်ဟု ၎င်းကပြောသည်။

ထို့အပြင် ဂျပန်နိုင်ငံသည် လွတ်လပ်သည့် ကုန်သွယ်ရေးကို အားပေးသွားမည်ဟု ဂျပန်ဝန်ကြီးချုပ်က အလေးပေးပြောကြားလိုက်သည်။ ဂျပန်နိုင်ငံက နောက်လတွင် အစိုးရအဖွဲ့နှင့် အာဏာရပါတီ၏ အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းမည့် အစီအစဉ်ကိုလည်း ထုတ်ဖော်ပြောကြားလိုက်သည်။

အာဘေးက ခက်ခဲသည့် စိန်ခေါ်မှုများကို အတွေးအမြင်သစ်များနှင့် ဖြေရှင်းရန်လိုအပ်သလို နိုင်ငံရေးစဉ်ဆက်မပြတ် ဖြစ်ထွန်းရေးနှင့် တည်ငြိမ်ရေး ဦးစားပေးရန် လိုကြောင်းလည်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

### ဂါဇာမြို့အနောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံး

**ဂါဇာ ဩဂုတ် ၂၈**

ဂါဇာမြို့အနောက်ပိုင်း၌ ယမန်နေ့ ညပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းလူမျိုးနှစ်ဦးသေဆုံးခဲ့ကြောင်း ဆရာဝန်များနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ဂါဇာကျန်းမာရေးဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ အာရှာရက်ဖ်အယ်လ်ကွီဒရာက သေဆုံးသွားသည့် ပါလက်စတိုင်းလူမျိုးနှစ်ဦးမှာ လုံခြုံရေးအရာရှိများ ဖြစ်ကြပြီး အခြားသုံးဦးမှာလည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုတွင် ယင်းပေါက်ကွဲမှုဖြစ်စဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဖော်ပြထားသည်။

**ဆင်ဟွာ**

---

# ဂျွန်ဆင်လက်ထက် ဘရီးဇစ်အရေး ဘယ်လိုဆက်တွေးမလဲ

**ထွန်းသစ်စ**

**ဘရီးဇစ်ပါတီခေါင်းဆောင် နိုင်ဂျယ်ဖာရက်ဂ်က ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကို သဘောတူညီချက်မရဘဲ အီးယူမှ ဗြိတိန်ထွက်ခွာဖို့ တိုက်တွန်းလိုက်ပါတယ်။ အကယ်လို့ ပြောသလိုသာ မလုပ်ဘူးဆိုပါက သူ့ရဲ့ကွန်ဆာဗေးတစ်ပါတီကို တိုက်ခိုက်မှုတွေ လုပ်ဆောင်သွားမယ်လို့လည်း အနည်းငယ် ခြိမ်းခြောက်ထားပါတယ်။**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

**သန့်ရှင်းစွာနဲ့ ဘရီးဇစ်လမ်းခွဲဖို့ တိုက်တွန်း**

"ကျွန်တော်တို့ ရောက်တဲ့နေရာကပဲ ဆက်သွားရမှာ ဖြစ်ပါတယ်။ ဘာသဘောတူညီချက်မှုမရှိတာ အကောင်းဆုံး သဘောတူညီချက်ပဲ"လို့ နိုင်ဂျယ်ဖာရက်ဂ်က သူ့ပါတီမှာရှိတဲ့ အမတ်လောင်း ၅၀၀ ထက်မနည်းကို ပြောကြားလိုက်ပါတယ်။

အကယ်၍ မစ္စတာဂျွန်ဆင်အနေနဲ့ နုတ်ထွက်ရေး သဘောတူညီချက်ရအောင် ဇွတ်အတင်း လုပ်နေမယ်ဆိုပါက လာမယ့် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့က လွှတ်တော်နေရာတစ်ခုချင်းစီအတွက်တိုက်ခိုက်သွားမှာ ဖြစ်တယ်လို့ လတ်တလောမှာ ကမ်းလှမ်းထားတဲ့ အီးယူမှ ခွဲထွက်ရေးသဘောတူညီချက်ကို ရည်ရွယ်လျက် သူကပြောပါတယ်။

ဖာရက်ဂ်ဟာ ၂၀၁၆ ခုနှစ် ဗြိတိန်ရဲ့ ဘရီးဇစ်အရေးနဲ့ ပတ်သက်ပြီး နောက်ကွယ်က ဦးဆောင်မောင်းနှင်သူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ထို့အတူ ထွက်ခွာဖို့ သဘောတူညီချက်တွေကို ဘရပ်ဆဲလ်နဲ့ ပြင်ဆင်ညှိနှိုင်းနေတာမျိုးတွေနဲ့ ပတ်သက်ပြီးတော့လည်း သူက ဘောရစ်ဂျွန်ဆင်ကို သတိပေးမှုတွေ ပြုလုပ်နေတဲ့သူလည်း ဖြစ်ပါတယ်။ သန့်ရှင်းစွာနဲ့ ဘရီးဇစ်လမ်းခွဲဖို့ကိုလည်း သူကတိုက်တွန်းလျက်ရှိပါတယ်။

**အဆိုးဆုံးရန်သူ၊ အကောင်းဆုံးမိတ်ဆွေ**

အကယ်၍ ဝန်ကြီးချုပ်ဟာ သဘောတူညီချက်မရဘဲ ထွက်ခွာမယ့် နည်းလမ်းကို ရွေးချယ်ခဲ့မယ်ဆိုရင်တော့ ဘရီးဇစ်ပါတီဟာ အထွေထွေရွေးကောက်ပွဲတိုင်းမှာ ဂျွန်ဆင်ရဲ့ ကွန်ဆာဗေးတစ်ကို ငြိမ်းအေးပြီး ရန်မလိုတဲ့နည်းလမ်းနဲ့ ရင်ဆိုင်သွားဖို့ ပြင်ဆင်ထားပါတယ်လို့ ဖာရက်ဂ်က ပြောပါတယ်။ ဒါမှမဟုတ်ပါက ကွန်ဆာဗေးတစ်တွေဟာ အပြတ်အသတ် ချေမှုန်းခံရမှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်လို့ ဖာရက်ဂ်က သတိပေးလိုက်ပါတယ်။

အထွေထွေရွေးကောက်ပွဲကို အောင်နိုင်ခြေရှိဖို့ တစ်ခုတည်းသောနည်းလမ်းကတော့ ကျွန်တော်တို့ရဲ့ထောက်ခံမှုပဲ ဖြစ်ပါတယ်လို့လည်း သူက ဆက်လက်ပြောလိုက်ပါသေးတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ကျွန်တော်တို့ဟာ သူတို့ရဲ့ အဆိုးဆုံးရန်သူလည်း ဖြစ်လာနိုင်သလို အကောင်းဆုံးမိတ်ဆွေလည်း ဖြစ်လာနိုင်ပါတယ်လို့သူက ထပ်မံပြောကြားလိုက်ပါတယ်။

**သဘောတူညီမှု မရနိုင်သေး**

ဗြိတိန်နိုင်ငံရေးသမားတွေဟာ ဥရောပသမဂ္ဂက ဘယ်လိုခွဲထွက်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး အခုအချိန်အထိ နက်နက်နဲနဲကို ကွဲပြားမှုတွေ ရှိနေပါသေးတယ်။ အခုလို ဘရီးဇစ်အရေး ခဏတာ ငြိမ်သက်နေတဲ့အချိန်ဟာလည်း အထွေထွေရွေးကောက်ပွဲ ကျင်းပလုဆဲဆဲမှာ သံသယတွေကို ပွားများစေနိုင်ပါတယ်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ရဲ့အစိုးရဟာ လွှတ်တော်မှာ အများဆုံး တစ်နေရာသာ ရရှိထားပါတယ်။ အစိုးရရဲ့ဘရီးဇစ်အကြံပေး ဒေးဗစ်ဖရိုစ့်ဟာ ဩဂုတ် ၂၇ ရက်မှာ ဆွေးနွေးပွဲကိစ္စနဲ့ ပတ်သက်ပြီး ဘရပ်ဆဲလ်ကို ထွက်ခွာဖို့ရှိနေချိန်မှာ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ ဩဂုတ် ၂၆ ရက်က ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျန်ကလောဒီဂျန်ကာကို ဖုန်းဖြင့် ဆက်သွယ်ပြောကြားထားတာမျိုး ရှိပါတယ်။

သို့သော်လည်း နှစ်ဖက်အဖွဲ့တွေအနေနဲ့ ဘယ်လိုမှ ဘရီးဇစ်အရေးနဲ့ပတ်သက်ပြီး ယေဘုယျသဘောတူညီမှုမျိုး မပေးနိုင်သေးတဲ့ အနေအထား ဖြစ်နေပါတယ်။

**အီးယူရဲ့ဆုံးဖြတ်ချက်မဟုတ်**

ဗြိတိန်ဝန်ကြီးချုပ်ရုံးပြောရေးဆိုခွင့်ရှိသူက ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ရဲ့ ဖုန်းနဲ့ဆက်သွယ်ပြောဆိုမှုဟာ အပြုသဘောဆောင်ပြီး စစ်မှန်ခိုင်မာတဲ့သဘောကို ပြသရာရောက်ကြောင်း ပြောကြားခဲ့သော်လည်း ဘောရစ်ဂျွန်ဆင်က အရင်ဝန်ကြီးချုပ်ထရီဆာမေ ပြုလုပ်ခဲ့တဲ့ နုတ်ထွက်ဖို့ သဘောတူညီချက်ဟာ ပြောင်းလဲမှုတစ်စုံတစ်ရာ မရှိဘူးဆိုရင် အထမြောက် အောင်မြင်လာမှာ မဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဥရောပကော်မရှင်က ဂျန်ကာအနေနဲ့ နုတ်ထွက်ရေးနဲ့ပတ်သက်ပြီး အသေးစိတ် ညှိနှိုင်းမှုတွေဟာ သဘောတူညီမှု ရရှိနိုင်တယ်ဆိုတာ ပြောပြီးဖြစ်တယ်လို့လည်း ဆိုပါတယ်။ သဘောတူညီချက်မရဘဲ နုတ်ထွက်ခြင်းဖြစ်စဉ်ဟာ ဗြိတိန်ရဲ့ဆုံးဖြတ်ချက်သာဖြစ်ပြီး အီးယူရဲ့ ဆုံးဖြတ်ချက်မဟုတ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်တဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

**အရေးပေါ်ကာကွယ်မှုတွေ လုပ်သွားမယ်**

အချိန်တွေဟာ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သလို သဘောတူညီချက်မရဘဲ နုတ်ထွက်မှုမှ ကာကွယ်ဖို့ဆိုတဲ့ အစီအစဉ်ကို စွန့်လွှတ်ဖို့ အလုပ်သမားခေါင်းဆောင် ဂျရယ်မီကော်ဗျန်းဟာ အီးယူထောက်ခံသူ အတိုက်အခံခေါင်းဆောင် ငါးယောက်နဲ့လည်း တွေ့ဆုံပြီး ဖြစ်ပါတယ်။ ပေါက်ကြားလာတဲ့ တရားဝင်အစီအစဉ်မှာ သဘောတူညီချက်မရဘဲ နုတ်ထွက်တာဟာ အစားအစာ၊ လောင်စာနဲ့ ဆေးဝါး ပြတ်တောက်မှုတွေ ဖြစ်ပေါ်စေနိုင်တယ်ဆိုပြီး သတင်းတွေထွက်ပေါ်လာပြီးနောက်မှာ ဂျရယ်မီကော်ဗျန်းဟာ အခုလို အီးယူထောက်ခံသူ ငါးယောက်နဲ့ တွေ့ဆုံခဲ့တာလည်း ဖြစ်ပါတယ်။

တွေ့ဆုံပွဲကို တက်ရောက်လာသူတွေဟာ သဘောတူညီချက်မရဘဲ နုတ်ထွက်မယ့်အရေးကနေ အရေးပေါ်ကာကွယ်မှုတွေ လုပ်ဆောင်ဖို့ အတူတကွ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်ဖို့ သဘောတူခဲ့ကြပါတယ်။ သဘောတူခဲ့ကြတဲ့အထဲမှာ အယုံအကြည်မရှိ အဆိုတင်သွင်းဖို့နဲ့ ဥပဒေအတည်ပြုရေးတွေလည်း ပါဝင်လာတယ်လို့ သူတို့က ပူးတွဲကြေညာချက်ထဲမှာ ဖော်ပြခဲ့ကြပါတယ်။ အဲဒီကြေညာချက်ထွက်ပေါ်လာပြီးနောက်မှာ ပေါင်ငွေကြေးတန်ဖိုးဟာ ဒေါ်လာနဲ့ ယူရိုငွေကြေးတန်ဖိုးထက် သိသိသာသာမြင့်တက်လာခဲ့ပါတယ်။

**အစီအစဉ်များဆွေးနွေးခဲ့**

ကော်ဗျန်းအနေနဲ့လာမယ့်ရက်သတ္တပတ်ထဲမှာ ဂျွန်ဆင်အစိုးရကို အယုံအကြည်မရှိ အဆိုတင်သွင်းဖို့ တိုက်တွန်းချင်နေကြောင်း သိရပြီး အကယ်၍ အောင်မြင်ခဲ့ပါက အဲဒါက ဘရီးဇစ်အရေးစိုးရိမ်တဲ့ အစိုးရကို ဘရီးဇစ်အရေးကို ယာယီရွှေ့ဆိုင်းထားနိုင်ပြီး အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ လုပ်ဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

သို့သော်လည်း အတိုက်အခံပါတီအစည်းအဝေးမှာတော့ ပထမဆုံးအနေနဲ့ ဘရီးဇစ်အရေး အချိန်ဆွဲထားဖို့ အီးယူကို အစိုးရအနေနဲ့ တောင်းဆိုမှုတွေလုပ်နိုင်ဖို့ ဥပဒေတစ်ခု အတည်ပြုပေးဖို့ ကြိုးစားရမှာ ဖြစ်တယ်လို့ သဘောတူခဲ့ကြပါတယ်။ ဗြိတိန်ပါလီမန်ကို စက်တင်ဘာ ၃ ရက်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

သို့သော်လည်း ဘရီးဇစ်ဆန့်ကျင်သူ နိုင်ငံရေးသမားများက လွန်ခဲ့တဲ့လက ဘောရစ်ဂျွန်ဆင်ဝန်ကြီးချုပ်ဖြစ်လာတဲ့ အချိန်ကတည်းက ခွဲထွက်ရေးသဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေအောက်တိုဘာ ၃၁ ရက်မှာ အီးယူမှ ဗြိတိန်ခွဲထွက်နိုင်ဖို့ အစီအစဉ်များကို ဆွေးနွေးခဲ့ကြပါတယ်။

**စောင့်ကြည့်ရမယ်**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကတော့ အီးယူခေါင်းဆောင်တွေနဲ့ သဘောတူညီချက်တစ်ရပ်ရရှိဖို့ မျှော်လင့်ထားပါတယ်။ ရနိုင်ဖို့အခွင့်အရေးကတော့ ၅၀-၅၀ ပါပဲလို့ ပြောကြားလိုက်ပါတယ်။ သို့သော်လည်း သူ့အနေနဲ့ ပါလီမန်ကို ရပ်ဆိုင်းဖို့တော့ အမိန့်ထုတ်ပြန်ခြင်းမျိုး မတွေ့ရသေးပါဘူး။ အကယ်၍များ သူ့အနေနဲ့ ရှေ့လာမယ့် အပတ်တွေထဲမှာ အီးယူနဲ့ သဘောတူညီချက် မရခဲ့ပါက အီးယူမှ ဗြိတိန်သဘောတူညီချက်မရဘဲ ထွက်ခွာနိုင်ဖို့ ခွင့်ပြုပေးရနိုင်ချေလည်း ရှိနေပါတယ်။ ဗြိတိန်ရဲ့အမတ် ၆၅၀ လောက်မှာ ၁၆၀ လောက်ဟာ ပါလီမန်ဖျက်သိမ်းတာကို ဆန့်ကျင်တဲ့ ချာ့စ်ဟောက်စ် ကြေညာစာတမ်းကို လက်မှတ်ရေးထိုးထားကြပါတယ်။ ပါလီမန်ကို ဖျက်သိမ်းလိုက်တာက အခုလို အရေးကြီးကာလမှာ ဒီမိုကရေစီနဲ့မညီတဲ့ကိစ္စရပ်တွေ ဖြစ်သွားစေနိုင်သလို အကျပ်အတည်းတွေဖြစ်ကာ သမိုင်းဝင်ဖြစ်ရပ် အသွင်ပေါ်ပေါက်သွားနိုင်တယ်လို့ သိရပါတယ်။

ဗြိတိန်နိုင်ငံဟာ ၂၀၁၆ လူထုဆန္ဒခံယူပွဲမှာ အီးယူက နုတ်ထွက်ဖို့ ဆန္ဒမဲပေးခဲ့ကြပါတယ်။ သို့သော်လည်း အခုအချိန်အထိ အဲဒီကိစ္စဟာ ရှော့ရှော့ရှူရှူ မဖြစ်သေးပါဘူး။ အီးယူမှ ဗြိတိန်နုတ်ထွက်ဖို့ ကိစ္စနဲ့ ပတ်သက်ပြီး ပါလီမန်က သုံးကြိမ်တိုင်တိုင် ပယ်ချခဲ့ပါတယ်။ အခု ဘောရစ်ဂျွန်ဆင်လက်ထက်မှာ ဘယ်လိုဆက်ဖြစ်လာဦးမလဲဆိုတာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"ဗြိတိန်နိုင်ငံရေးသမားတွေဟာ ဥရောပသမဂ္ဂက ဘယ်လိုခွဲထွက်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး အခုအချိန်အထိ နက်နက်နဲနဲကို ကွဲပြားမှုတွေ ရှိနေပါသေးတယ်။ အခုလို ဘရီးဇစ်အရေး ခဏတာငြိမ်သက်နေတဲ့ အချိန်ဟာလည်း အထွေထွေရွေးကောက်ပွဲ ကျင်းပလုဆဲဆဲမှာ သံသယတွေကို ပွားများစေနိုင်"**

# ကလောအနီးက ရှေးဟောင်း သူရဲဥမင်လိုဏ်ဂူ

## The Ancient Tha Yae Oo Min Cave

**Thiha, the Traveller @ သီဟလုလင်**

**ကျွန်တော့်ရဲ့ကလောခရီးစဉ်လေးမှာ စိတ်ဝင်စားစရာကောင်းတဲ့ လူသူကင်းရှင်းပြီး ရှေးဟောင်းဘုရားတွေရှိရာ ထုံးကျောက်လိုဏ်ဂူတစ်ခုကို ခြေဆန့်ဖြစ်ခဲ့တယ်။ ကလောမြို့ကနေ ၁၁ မိုင်လောက်ပဲ ဝေးတဲ့နေရာလေးမှာ ရှေးကတည်းက တည်ရှိလာခဲ့တဲ့ လိုဏ်ဂူနဲ့ ဘုရားတွေကို တွေ့မြင်ရပါတယ်။ ပြီးခဲ့တဲ့နှစ်က ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တစ်ခု ရိုက်ကွင်းရှာ လာရောက်ကြည့်ရှုရာကနေ တစ်ဖန်ပြန်ပြီး စိတ်ဝင်စားလာကြတယ်လို့ ဆိုရပါမယ်။ လူမှုကွန်ရက်တွေပေါ်ကနေလည်း ထိန်းသိမ်းသူကင်းမဲ့နေတဲ့ ဘုရားများဆိုပြီး တင်တဲ့သူတွေလည်း တင်ကြပါတယ်။ စနစ်တကျ ရှေးဟောင်းလက်ရာအတိုင်း ထိန်းသိမ်းပြုပြင်မှုမျိုးပဲ ဖြစ်ဖို့တော့ မျှော်လင့်မိပါတယ်။**

### သူရဲဥမင် ဆိုတာ

တကယ်တော့ ကျွန်တော်တို့ ရေးတော့သာ သူရဲ (သရဲ၊ အချို့ကလည်း တရဲ) လို့ရေးရပေမယ့် ဖတ်တဲ့အသံကတော့ မတူပါဘူး။ သလဲနဲ့ သရဲ အသံကြားထဲမှာ အသံလေးကို လှုပ်ပြီးဆိုရတာပါ။ စာဖတ်ရင်တော့ ရုတ်တရက်လန့်သွားမှာပေါ့။ သရဲတွေ ရှိတာလားဆိုပြီး...





သူက သူရဲရွာအနီးမှာ ရှိတာကြောင့်လည်း ဒီအမည်တွင်တာပါ။ သူရဲရွာ စာလုံးပေါင်းကို ဘုရားပြုပြင်တဲ့အလှူရှင် ကမ္ပည်းထိုးထားရာမှာ မြင်တွေ့တဲ့အတိုင်း ယူထားတာဖြစ်ပါတယ်။ ရှေးဟောင်းသဘာဝဂူဖြစ်လို့ အပြင်ဘက်ပိုင်းမှာ ဘုရားဆင်းတုတော်အချို့နဲ့ စေတီတစ်ဆူကလွဲရင် အတွင်းဘက်မှာ တကယ့်သဘာဝအတိုင်း ကျောက်စက်ပန်းဆွဲတွေနဲ့ စိတ်ဝင်စားစရာ ထုံးကျောက်ဂူအဖြစ် ရှိနေပါတယ်။ နှစ်ပေါင်းရာချီ ရှိနိုင်တယ်လို့ ခန့်မှန်းရတဲ့ ရှေးလက်ရာ ဗုဒ္ဓဆင်းတုတော်တွေနဲ့ ၂၀၀၅ ကနေ ၂၀၁၀ အတွင်း အသစ်ပြုပြင်ခဲ့တဲ့ ဘုရားဆင်းတုတော်တွေကို တောင်အတက် ဂူအဝနားမှာ အခြားလိုဏ်ဂူတွေလိုပဲ ဖူးမြင်ကြရပါတယ်။ ဂူကို အပြင်က ပတ်ကြည့်ရင်လည်း ချောက်ကမ်းပါးလေးအနားကပ်ပြီး လမ်းလျှောက်လို့ကြည့်နိုင်သလို အချို့နေရာတွေမှာ တောင်ကမ်းပါးယံက ခွက်ဝင်နေတဲ့နေရာတွေရှိပြီး ဘုရားဆင်းတုတွေ ထည့်သွင်းထားတတ်ပါတယ်။ သဘာဝလိုဏ်ဂူထဲဝင်ဖို့ကတော့ ဂူအတွင်းက ဘုရားတွေကြားထဲကနေ သွားရတာပါ။ ရုတ်တရက်ဆို မမြင်သာလို့ ကျွန်တော်တို့ အတော်ရှာယူလိုက်ရတယ်။ နောက်မှ တောင်ခြေနား တည်ဆောက်ထားတဲ့ ဘုန်းကြီးကျောင်းက ဆရာတော်တစ်ပါး မိန့်လို့ ဘုရားတွေ ကြားထဲကနေ ဂူအတွင်းကို ဆက်ဝင်ရတယ်ဆိုတာ သိရပါတယ်။

ဂူအတွင်းမှာ ငှက်သတ္တဝါအချို့လည်း ခိုအောင်းနေလို့ တစ်ယောက်တည်းဆိုရင်တော့ ရုတ်တရက်ချောက်ချားစရာပါ။ ဂူအတွင်းကို တစ်နာရီလောက် ဝင်ကြည့်တာတောင် အတော်ရှည်တယ်လို့ ဆိုပါတယ်။ အချို့လည်း ဂူအဆုံး ထွက်ပေါက်ဟာ ဟင်းခါးပင်ရွာကို ပေါက်တယ်လို့ ပြောပါတယ်။ ပင်းတယ ရွှေဥမင်နဲ့ ဒီသူရဲဥမင်တို့ဟာ နောင်တော်ဂူ၊ နှမတော်ဂူလို့ ဆိုကြပါတယ်။ ဘုရားပွဲတော်ရက်ကတော့ တစ်ရက်တည်း ကျင်းပလေ့ရှိပါတယ်။





### ဘယ်လိုသွားလဲ

အရောက်အပေါက် နည်းသေးတာမို့ ရုတ်တရက်တော့ လမ်းမသိနိုင်ပါဘူး။ ကလောကနေ အောင်ပန်း - ပင်းတယလမ်းမကြီး အတိုင်းသွားပြီး အောင်ပန်းက အမှိုက်ပုံအကြီးကြီး ကျော်လာရင် နှင်းရွှေရီ ဆီဆိုင်တွေ့ပါမယ်။ အဲဒီဆိုင်ဘေးက မြေလမ်းအတိုင်းဝင်သွားပြီး အတွင်းကို ၁၀ မိနစ်လောက် မောင်းဝင်ရပါတယ်။ ဖြတ်လမ်းရော၊ ရွာထဲဝင်ရတဲ့လမ်းရောရှိပြီး ကိုယ်နှစ်သက်သလို သွားလာနိုင်ပါတယ်။ ကျွန်တော်တို့လည်း လမ်းမှာတွေ့သမျှတောင်သူတွေကို မေးရင်းနဲ့ သွားခဲ့ရပါတယ်။ ပွင့်လင်းရာသီတော့ ကားအသေးကနေ အလတ်အထိ ကောင်းကောင်းသွားနိုင်ပါတယ်။ လမ်းလည်းကောင်းတယ်။ မြေသားလမ်းဖြစ်တာမို့ မိုးတွင်းဆိုရင်တော့ ရွှံ့ဖြစ်ပြီး ကားမရုန်းနိုင်မှာတော့ စိုးရပါတယ်။

### ကိုယ်တွေ့သူရဲဥမင်

သတင်းကြားနေတာ ကြာပေမယ့် ခုမှ ရောက်ဖူးတဲ့ ကျွန်တော့်အတွက် သူရဲဥမင်ရှိတဲ့ တောင်ခြေကို ရောက်တော့ ခြသေ့်နှစ်ကောင်နဲ့ ရှေးဟောင်းစောင်းတန်းလေးကို တွေ့ရင်း သဘောကျမိတယ်။ စောင်းတန်းဟောင်းဟောင်းလေးကိုက သဘောကျချင်စရာ ဆွဲဆောင်နေတယ်။ တောင်ပေါ်အလွန်တက်ရမလားဆိုပြီး စိတ်ထဲပူမိပေမယ့် နည်းနည်းလေးတက်လိုက်တာနဲ့ ဂူပေါက်ဝ ရောက်လာတယ်။ ရှေးဟောင်းဘုရားလက်ရာတွေ အများကြီးကို တွေ့လိုက်ရတယ်။ ဂူအတွင်းပိုင်းလေး အနည်းငယ် ဝင်ကြည့်တော့လည်း ဂူပတ်လည်မှာ ဘုရားဆင်းတုတွေ ကြီးငယ်မျိုးစုံ ပုံစံအစုံတွေ့ရဖူးကြရတယ်။ အဲဒီကနေ အတွင်းဘက်ဆက်ဝင်ရင်တော့ သဘာဝအတိုင်း ဖြစ်နေတဲ့ ထုံးကျောက်ဂူကို တွေ့ကြရမှာပါ။

ကျွန်တော့်ကို ဒီနေရာကို သွားလည်သင့်သလားလို့ လာမေးရင် ကိုယ်စိတ်ဝင်စားတဲ့ ခရီးသွားပုံစံက ဘယ်လိုမျိုးလဲလို့ ပြန်ဖြေဖြစ်မယ်။



ဒီနေရာရောက်ပြီး အဲဒီလောက်လာပြီးမှ ဒါလေးပဲလားလို့ ပြောတဲ့သူလည်း ရှိနိုင်သလို၊ ဒီလို သဘာဝဆန်တဲ့ ထုံးကျောက်ဂူနဲ့ ရှေးဟောင်းဘုရားလက်ရာတွေက အလွန်အဖိုးတန်လိုက်တာလို့ မြင်တဲ့သူကလည်း မြင်မှာပဲမို့ ကာယကံရှင်အပေါ်မှာပဲ မူတည်တယ်လို့ ဆိုရပါမယ်။

တစ်ခု သတိပြုစေချင်တာကတော့ ပြုပြင်မယ်ဆိုလည်း ရှေးဟောင်းသုတေသနတို့လို အဖွဲ့အစည်းတွေရဲ့ အကြံဉာဏ်ရယူတာမျိုး၊ အခြားသက်ဆိုင်ရာ ပညာရှင်တွေနဲ့ ရှေးမူမပျက် ပြင်ဆင်တာမျိုးပဲ လုပ်စေချင်မိသလို အလည်သွားတဲ့အခါမှာလည်း အမှိုက်စွန့်ပစ်မှုတွေကြောင့် အမြင်မတင့်တယ်တော့မှာ၊ အော်ဟစ်ဆူညံတာကြောင့် ဂူအတွင်းက နေထိုင်တဲ့ သတ္တဝါတွေရဲ့ ပုံမှန်ဖြစ်တည်မှု ဂေဟစနစ်ပျက်ယွင်းမှာတွေ မလိုလားပါဘူး။ ကျွန်တော်တို့အားလုံး ရေရှည်ထိန်းသိမ်းကြရမှာပါ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။ ။



## အောင်လံမြို့၌ ပြည်သူပူးပေါင်းပါဝင်သော ကွန်ကရစ်လမ်း ၁၅ ခုရှိပြီ

**အောင်လံ သြဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့အတွင်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လမ်းပေါင်း ၁၉ ခုကို ပြည်သူ ၄၀ ရာခိုင်နှုန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ၆၀ ရာခိုင်နှုန်းဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ် စည်ပင်သာယာရေး ကော်မတီသည် သြဂုတ် ၂၇ ရက်က ပြည်သူပူးပေါင်းပါဝင်သော ၁၅ ခုမြောက် ကွန်ကရစ်လမ်းဖြစ်သည့် ရွာထောင် ရပ်ကွက် ရွှေအုန်းသီးလမ်းအား မြေပြင် ပြီး၍ ကွန်ကရစ်လမ်း စတင်ခင်းနေမှုကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြပြီး လမ်း ကော်မတီဝင်များ၊ ဒေသခံပြည်သူများ နှင့် တွေ့ဆုံ၍ လုပ်ငန်းသဘောများကို ရှင်းလင်းဆွေးနွေးသည်။

ထို့အပြင် လမ်းသူလမ်းသားများ ကျေနပ်လက်ခံနိုင်သည့် အရည်အသွေး ပြည့်မီသော ကွန်ကရစ်လမ်းဖြစ်ပေါ်လာ စေရေးအတွက် အထူးကြိုးစားဆောင် ရွက်သွားကြရန်ကိုလည်း လုပ်ငန်းတာဝန် ခံအင်ဂျင်နီယာအား မှာကြားခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို မြို့နယ်စည်ပင် သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်း များက ဆောင်ရွက်လျက်ရှိရာ ပြည်သူ များ ပူးပေါင်းပါဝင်ခြင်းဖြင့် မြို့၏ ဖွံ့ဖြိုး တိုးတက်မှု လျင်မြန်လာမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင် (အောင်လံ)**

## ကရင်ပြည်နယ်၌ ဒေသခံ ၈၀ ခန့် အလုပ်အကိုင်ဖန်တီးပေးနိုင်မည့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ရရေးလျှောက်လွှာတင်ပြ

**ဘားအံ သြဂုတ် ၂၈**

ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် မြဝတီမြို့တွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတစ်ခု အား အတည်ပြုမိန့်ထုတ်ပေးရန် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ (၆/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့က ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတိုး၊ ပြည်နယ်အဆင့် ကော်မတီဝင်များနှင့် ရင်းနှီးမြှုပ်နှံမည့် ရွှေရည်လင်းပွင့်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကာ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်လွှာ တင်ပြလာခြင်း အခြေအနေများအား တင်ပြသည်။

အဆိုပါလုပ်ငန်းသည် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၅) ရပ်ကွက် ကွင်းအမှတ် (၅) ရွှေမြင်းဝန် ဦးပိုင်အမှတ် (၁/၈၊ ၇၊ ၃/၃) မြေ ၀ ဒသမ ၂၉၄ ဧကတွင် ဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသခံပြည်သူ ၈၀ ခန့်ကို အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး သြဂုတ် ၂၈**

ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့ စာကြည့်တိုက်၌ ပဲခူးတိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံများဖွံ့ဖြိုး တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကျင်းပသည်။

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက "တိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံများ အသစ် ပြန်လည်ထွန်းကားနိုင်ဖို့၊ ပြည်သူတွေ စိတ်အပန်းဖြေနိုင်ဖို့အတွက် ရုပ်ရှင်ရုံပိုင်ရှင်တွေနဲ့ အစည်းအဝေးခေါ်ရခြင်းဖြစ်ပြီး သူတို့တွေ အနေနဲ့ ဘာတွေလိုအပ်ချက်တွေရှိသလဲ၊ အခက်အခဲတွေရှိသလဲ စတဲ့အချက်လေးတွေ ကျွန်မတို့အစိုးရအဖွဲ့အနေနဲ့ ပေါင်းစပ်ပြီး တော့ အဖြေရှာဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့နောက် သာယာဝတီမဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်က "ပုဂ္ဂလိကပိုင် ရုပ်ရှင်ရုံပိုင်ရှင်တွေကို ဖိတ်ပြီးတော့ ရုပ်ရှင်ရုံအဆင့်မြှင့်တင်ဖို့ ဆွေးနွေးတိုင်ပင်ကြပါတယ်။ ရုပ်ရှင်ဆိုတာက ဖျော်ဖြေရေးတစ်ခု ဖြစ်ပြီး ပြည်သူတွေကို အပန်းပြေစေတဲ့အပြင် ပြည်သူတွေရဲ့ စိတ်ဓာတ်ပြုပြင်မှုကိုပါ အများကြီး အထောက်အကူဖြစ်စေ နိုင်ပါတယ်။ ဒါကြောင့် ရုပ်ရှင်ရုံဖွံ့ဖြိုးတိုးတက်ဖို့ကလည်း အရေး ကြီးတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီဝင်များ နှင့် ရုပ်ရှင်လုပ်ငန်းရှင်များမှ မိမိတို့၏ အခက်အခဲနှင့် လိုအပ်ချက် များတင်ပြရာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အစိုးရပိုင်ရုပ်ရှင်ရုံ တစ်ရုံနှင့် ပုဂ္ဂလိကပိုင် ၁၁ ရုံရှိကာ ပြည်သူများအတွက် ဖျော်ဖြေမှုပေးရာ တွင် အဆင့်မီကြည့်ရှုနိုင်စေရန် ရုပ်ရှင်ရုံများအား အဆင့်မီ ပြသနိုင်ရေးအတွက် ရည်ရွယ်၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက် ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**



ပဲခူးတိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးကြစဉ်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များကို လွှဲပြောင်းပေးအပ်စဉ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များအားပေးအပ်

**ထားဝယ် သြဂုတ် ၂၈**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များအား တိုင်းရင်း သားစာပေနှင့် ယဉ်ကျေးမှုကော်မတီများထံ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က လက်ရှိတွင် သင်ရိုး ညွှန်းတမ်းရှိပြီးဖြစ်သည့် မွန်၊ စကောကရင်၊ ပိုးကရင်နှင့် ဗမာစသည့် တိုင်းရင်းသား ဘာသာစကားဖြင့် ပြုစုထားသော တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများထံ ပေးအပ် သွားမည့်အပြင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် လည်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုလို တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များ ပေးအပ်ခြင်းအတွက် တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ စာပေများအား လွတ်လပ် စွာသင်ကြားခွင့်၊ ကလေးများ စိတ်ဝင်စားမှုရှိစေရန် ထုတ်ဝေထားသည့် စာအုပ်များ ဖြစ်၍ ကျောင်းနေအရွယ်ကလေးများသည် မိမိတို့၏ ဘာသာစကားများအပေါ် ပိုမိုစိတ်ဝင်စားစွာသင်ယူလာနိုင်ပြီး တိုင်းရင်းသားများ၏ ဘာသာစကားစာပေများ ကို တန်ဖိုးထားလေးစားလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန တာဝန်ခံ နော်မာလေးက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ် မွန်စာအုပ် ၃၂၀ (၁၀ မျိုး) ၃၂၀၀၊ ပိုးကရင် စာအုပ် ၅၆၀ (၁၀ မျိုး) ၅၆၀၀၊ စကောကရင် စာအုပ် ၂၄၀ (၁၀ မျိုး) ၂၄၀၀၊ ဗမာ ၅၆ အုပ် (၈ မျိုး) ၄၄၈ အုပ်တို့ကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများထံ ပေးအပ်သည်။

**ခရိုင် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၈၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၈၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၀ ကျပ် | ၈၉၅/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၀ ကျပ် | ၉၁၀/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၇၉၅ ကျပ် | ၈၁၅/၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၈၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၀ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၅ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၃ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၇ ・ ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၅ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ ・ ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၁၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ ・ ၉၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၆၃၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၅၆၁ | ၆၇၃၂၀၀၀ |
| MTSH | ၄၁၀၀ | ၄၁၀၀ | ၆၈၈၅ | ၂၈၁၆၈၅၀၀ |
| MCB | ၈၂၀၀ | ၈၃၀၀ | ၁၅၀ | ၁၂၃၈၀၀၀ |
| FPB | ၂၅၀၀၀ | ၂၅၀၀၀ | ၁၅၆ | ၃၉၀၀၀၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၂၂၀၇ | ၆၇၃၁၃၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အစဉ်အလာကြီးမားသော လျှပ်စစ်စစ်ဆေးရေးဌာနနှင့် ဘွိုင်လာစစ်ဆေးရေးဌာနများ အပိုင်း(၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်



### လျှပ်စစ်အက်ဥပဒေ

မြန်မာနိုင်ငံတွင် ၂၀ ရာစုမတိုင်မီ ၁၈၇၀ ပြည့်နှစ်လွန်ကာလများကတည်းက ရန်ကုန်မြို့ရှိ ဥရောပတိုက်သားများပိုင် ဆန်စက်ကြီးအချို့၌ မီးထွန်းလင်းရန် လျှပ်စစ်ဓာတ်အားကို စတင်အသုံးပြုလျက်ရှိနေခဲ့ပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို နေအိမ်များ၌ သုံးစွဲနိုင်ရန်အတွက်ကိုမူ Rangoon Electric Tramway and Supply Company က ၁၉၀၅ ခုနှစ်ခန့်တွင် စတင်ဖြန့်ဖြူးခဲ့သည်။ နောက်ပိုင်းတွင် အိမ်သုံးအပြင် ဓာတ်ရထားများ သွားလာရေးအတွက်ပါ အသုံးပြုခဲ့ကြသည်။ လျှပ်စစ်ဓာတ်အားသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အန္တရာယ်ပြုနိုင်သော စွမ်းအင်တစ်ရပ်ဖြစ်သည်နှင့်အညီ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်စတစ်စ တိုးပွားများပြားလာသောအခါ ဗြိတိသျှအစိုးရက ၁၉၁၀ ပြည့်နှစ် အိန္ဒိယ လျှပ်စစ်အက်ဥပဒေ(The Electricity Act and Rules) ကို မြန်မာနိုင်ငံသို့ အာဏာသက်ရောက်စေခဲ့သည်။ ထို့အတူပင် ၁၉၁၁ ခုနှစ်က ဓာတ်ရထားအက်ဥပဒေကိုပါ ပြဋ္ဌာန်းခဲ့သည်။ ၁၉၁၁ ခုနှစ် လျှပ်စစ်အက်ဥပဒေကို ၁၉၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်သို့ပါ အာဏာသက်ရောက်စေခဲ့သည်။ ထိုလျှပ်စစ်အက်ဥပဒေအပေါ် အခြေခံ၍ ရေးဆွဲသော နည်းဥပဒေများကိုလည်း ၁၉၂၂ ခုနှစ်က ချမှတ်ထုတ်ပြန်ခဲ့သည်။

ထိုခေတ်ကာလ၏ ပုဂ္ဂလိကလုပ်ငန်းရှင်များက လျှပ်စစ်ဓာတ်အားကို ရေနွေးငွေ့စွမ်းအားဖြင့်လည်းကောင်း၊ ဒီဇယ်အင်ဂျင်ဖြင့်လည်းကောင်း၊ ရေအားဖြင့်လည်းကောင်း ထုတ်လုပ်ကာ ဖြန့်ဖြူးရောင်းချကြသဖြင့် စက်ရုံ အလုပ်ရုံများ၌လည်း အသုံးပြုခဲ့ကြသည်။ ဘီအိုစီကုမ္ပဏီ၊ နမ္မတူသတ္တုတွင်း၊ ဘားမားကော်ပိုရေးရှင်းနှင့် ဘားမားရူဘီမိုင်း ကုမ္ပဏီတို့တွင်ဗို့အားကြီးမားသော ကိုယ်ပိုင်လျှပ်စစ်စနစ်ကို တည်ဆောက်ကာ ထုတ်လုပ်သုံးစွဲခဲ့သည်။ ထို့ကြောင့်ပင် စက်ရုံများ အက်ဥပဒေအရ အစိုးရက စက်ရုံများကို စစ်ဆေးသကဲ့သို့ လျှပ်စစ်အက်ဥပဒေအရ လျှပ်စစ် စစ်ဆေးရေးကို ဆောင်ရွက်နိုင်ရန်အတွက် ၁၉၁၀ ပြည့်နှစ်က လျှပ်စစ်စစ်ဆေးရေးဌာနကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုစဉ်က လျှပ်စစ်စစ်ဆေးရေးဌာနကို ပြည်ထဲရေးဌာနအောက်တွင် ထားရှိပြီး ဒိုင်အာခီ အုပ်ချုပ်ရေး ရရှိလာသောအခါ သစ်တောရေးဝန်ကြီးဌာန၏ လက်အောက်သို့ ရောက်ရှိသွားခဲ့သည်။ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်ပြီးနောက် ၉၁ ဌာနအုပ်ချုပ်ရေး ရရှိပြီး သီးသန့် မြန်မာနိုင်ငံအစိုးရ ဖြစ်လာသောအခါ ၁၉၃၇ ခုနှစ်မှစ၍ ပြည့်သူ့လမ်းပန်းနှင့် အဆောက်အအုံဝန်ကြီးဌာန လက်အောက်တွင် ထားရှိခဲ့ရာ ဒုတိယကမ္ဘာစစ် ဖြစ်ပွားချိန်အထိ ဖြစ်သည်။

သီးသန့် မြန်မာနိုင်ငံအစိုးရ ဖြစ်လာသောအခါ အိန္ဒိယ လျှပ်စစ်အက်ဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်မွမ်းမံရန် လိုအပ်လာသည်။ ထိုအချိန်တွင် ပြည်တွင်း၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုနှင့် သုံးစွဲမှုပမာဏကလည်း များစွာ တိုးတက်လာနေပြီဖြစ်ရာ ၁၉၂၂ ခုနှစ် လျှပ်စစ် နည်းဥပဒေများကို ဖျက်သိမ်းကာ ၁၉၃၇ ခုနှစ်တွင် လျှပ်စစ် နည်းဥပဒေများကို အသစ်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ၁၉၃၇ လျှပ်စစ်နည်းဥပဒေများကို ၁၉၃၉ ခုနှစ် ဩဂုတ်လမှစ၍ ပဒေသရာဇ် ရှမ်းပြည်နယ်သို့ပါ အာဏာသက်ရောက်စေခဲ့သည်။

လျှပ်စစ် စစ်ဆေးရေးနှင့် စပ်လျဉ်း၍ အကြံပေးနိုင်ရန်အတွက် လျှပ်စစ်အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိခဲ့ရာ ၁၉၃၇ ခုနှစ်မတိုင်မီက ထိုအကြံပေးအဖွဲ့တွင် ဘုရင်ခံက လျာထားသော သို့တည်းမဟုတ် သဘောတူသော ချယ်ယာမင်(Chairman)တစ်ဦးနှင့် အဖွဲ့ဝင်လူကြီး နှစ်ဦးတို့ ပါဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင်မူ ချမှတ်ထားသော နည်းဥပဒေများနှင့်အညီ လျှပ်စစ်ဘုတ်အဖွဲ့ကို ဖွဲ့စည်းရန် သတ်မှတ်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှစ၍ လျှပ်စစ်ဘုတ်အဖွဲ့တွင် အစိုးရ လျှပ်စစ်အင်စပက်တော်(Inspector)များက ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာပြည် မီးရထားဌာနမှ လျှပ်စစ်အင်ဂျင်နီယာ၊ အစိုးရရှေ့နေကြီး၊ အာရ်အီးတီမှ ကိုယ်စားလှယ်တစ်ဦး၊ ဘီအိုစီမှ လျှပ်စစ်အင်ဂျင်နီယာ၊ လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးသူများအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးနှင့် စာတိုက်နှင့် ကြေးနန်းဌာနမှ အင်ဂျင်နီယာအရာရှိတို့က အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြသည်။

### လျှပ်စစ်စစ်ဆေးရေးဌာန

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် ဘေးအန္တရာယ်မဖြစ်စေရန် အလွန်အရေးကြီးလှသောကြောင့် လျှပ်စစ် စစ်ဆေးရေးကို အထူးဂရုစိုက်ရန်လိုအပ်သည့်အားလျော်စွာ လျှပ်စစ်စစ်ဆေးရေးဌာနသည် လျှပ်စစ်အက်ဥပဒေနှင့် ၁၉၃၇ ခုနှစ် လျှပ်စစ်နည်းဥပဒေများအရ လျှပ်စစ်နှင့်ပတ်သက်၍ အထွေထွေစစ်ဆေးခြင်း၊ လျှပ်စစ်ဓာတ်တိုင်းတာသော ကိရိယာများနှင့် လျှပ်စစ်သုံးပစ္စည်းများအား စစ်ဆေးခြင်း၊ စမ်းသပ်ခြင်း၊ မြန်မာနိုင်ငံနှင့်သင့်လျော်မည့် စံချိန်စံညွှန်းများကို ရေးဆွဲခြင်း၊ စံသတ်မှတ်ချက်နှင့် လမ်းညွှန်ဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လျှပ်စစ်အက်ဥပဒေနှင့် လျှပ်စစ်နည်းဥပဒေများသည် စက်ရုံ၊ အလုပ်ရုံများနှင့်လည်း သက်ဆိုင်နေသဖြင့် စက်ရုံများဥပဒေနှင့် ပူးတွဲ၍ လိုက်နာကျင့်သုံးရသော စက်မှုလုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်ဟုလည်း ဆိုနိုင်ပေသည်။

စက်ရုံအလုပ်ရုံများနှင့်စပ်လျဉ်း၍ အရေးကြီးသော စက်မှုလုပ်ငန်းဆိုင်ရာ အက်ဥပဒေတစ်ရပ်မှာ ဘွိုင်လာအက်ဥပဒေဖြစ်သည်။ မြန်မာနိုင်ငံတွင် စတင်တည်ထောင်သော စက်မှုလုပ်ငန်းများက ရေနွေးငွေ့အားကို အသုံးပြုခဲ့ကြပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်မှု တိုးတက်လာသည့် အချိန်တွင် စက်ရုံအများစုက ရေနွေးငွေ့စွမ်းအားကိုပင် အသုံးပြုလျက် စက်လည်ပတ်ခဲ့ကြသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်အချို့ကလည်း ရေနွေးငွေ့အားကိုပင် အသုံးပြုကြရသည်။

ရေနွေးငွေ့စွမ်းအားကို ထုတ်ပေးသော ဘွိုင်လာများသည်လည်း ကြီးမားသည့်အန္တရာယ် ဖြစ်စေနိုင်သော စက်ပစ္စည်းများ ဖြစ်ကြသောကြောင့် အထူးသတိပြုရန် လိုအပ်လှသည်။ ဘွိုင်လာအိုးပြုလုပ်ရာတွင် အသုံးပြုသော သံမဏိပြားနှင့် ပစ္စည်းကိရိယာများ၊ တည်ဆောက်ထုတ်လုပ်မှုပုံစံ စသည်တို့မှာ စံချိန်စံညွှန်းများနှင့်ကိုက်ညီရန် လိုအပ်သလို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ဆောင်ကြရန်လည်း အထူးလိုအပ်သည်။ ထို့ကြောင့်ပင် စက်ရုံဘွိုင်လာများကို အစိုးရထံ၌ မှတ်ပုံတင်ကြရကာ ချမှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသည့် ဘွိုင်လာများကိုသာ အစိုးရက ခွင့်ပြုချက်လက်မှတ် ထုတ်ပေးခဲ့သည်။

### ဘွိုင်လာများ

မြန်မာနိုင်ငံတွင် ဘွိုင်လာစစ်ဆေးရေး၊ မှတ်ပုံတင်ရေးနှင့် ခွင့်ပြုလက်မှတ်ထုတ်ပေးရေးစသော ကိစ္စအဝဝကို ဆောင်ရွက်ရာတွင် အိန္ဒိယအစိုးရက ပြဋ္ဌာန်းထားသော The Burma Steam-Boilers and Prime Movers Act, 1910 ကို လိုက်နာကျင့်သုံးခဲ့ကြရသည်။ ၁၉၁၄ ခုနှစ်တွင် Burma Boiler Commission ကို ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံတွင် အသုံးပြုသည့် ဘွိုင်လာများကို စစ်ဆေးစေခဲ့သည်။ Boiler Commission က စစ်ဆေးပြီးသော ဘွိုင်လာများတွင် စစ်ဆေးပြီးကြောင်းနှင့် မှတ်ပုံတင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီးကြောင်း သိရှိနိုင်စေရန်အတွက် ဘီဘီစီဝမ်း(BBC-1)၊ ဘီဘီစီတူး(BBC-2) စသည်ဖြင့် အမှတ်အသားများကို ရေးသားထားခဲ့ကြသည်။

စက်မှုလုပ်ငန်းများ တိုးတက်လာမှုကြောင့် စက်ရုံဘွိုင်လာများ၏ အရွယ်အစားက ကြီးမားလာပြီး ဘွိုင်လာအရေအတွက်ကလည်း များပြားလာသည့်အခါ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ဘွိုင်လာဥပဒေနှင့် စည်းကမ်းသတ်မှတ်ချက်တို့ကို ပြင်ဆင်ရန် လိုအပ်လာတော့သည်။ ထို့ကြောင့်ပင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ ပြည်နယ်အားလုံးအတွက် The Indian Boilers Act, 1923 ကို ပြဋ္ဌာန်းခဲ့သည်။ အိန္ဒိယဘွိုင်လာအက်ဥပဒေသည် ၁၉၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စတင် အာဏာသက်ရောက်ခဲ့သလို မြန်မာနိုင်ငံ၌လည်း မြန်မာပြည်အစိုးရ နိုင်ငံရေးဌာန၏ ၁၉၂၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက် ရက်စွဲပါ ကြေညာချက်အမှတ်(၇)အရ ပဒေသရာဇ် ရှမ်းပြည်နယ်သို့လည်း အာဏာသက်ရောက်စေခဲ့သည်။

### မြန်မာပြည် ဘွိုင်လာနည်းဥပဒေ

၁၉၂၃ ခုနှစ်တွင် အိန္ဒိယဘွိုင်လာအက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံတွင် Burma Boilers Commission ကိုလည်းကောင်း၊ The Burma Steam-Boilers and Prime Movers Act, 1910 ကိုလည်းကောင်း ဖျက်သိမ်းလိုက်သည်။ ထို့နောက် အိန္ဒိယအစိုးရက ၁၉၂၃ ခုနှစ် အိန္ဒိယဘွိုင်လာအက်ဥပဒေနှင့် ပူးတွဲအသုံးပြုရမည့် The Indian Boiler Regulations, 1924 ကို ရေးဆွဲချမှတ်ကာ အက်ဥပဒေနှင့်အတူ တစ်ပြိုင်တည်း အာဏာသက်ရောက်စေခဲ့သည်။ အဆိုပါ ဘွိုင်လာစည်းမျဉ်း ဥပဒေများအပြင် မြန်မာနိုင်ငံ၌ လိုက်နာကျင့်သုံးရမည့် မြန်မာပြည် ဘွိုင်လာနည်းဥပဒေကို မြန်မာနိုင်ငံအစိုးရက ၁၉၂၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အိန္ဒိယဘွိုင်လာ အက်ဥပဒေ၊ အိန္ဒိယ ဘွိုင်လာစည်းမျဉ်း ဥပဒေနှင့် မြန်မာပြည် ဘွိုင်လာနည်းဥပဒေများသည် မြန်မာနိုင်ငံတွင် လိုက်နာကျင့်သုံးကြရသော မြန်မာပြည် ဘွိုင်လာလက်စွဲဥပဒေပင် ဖြစ်ပေတော့သည်။

စက်ရုံအလုပ်ရုံများတွင် အသုံးပြုသော ဘွိုင်လာတိုင်းကို ဘွိုင်လာအက်ဥပဒေအရ မှတ်ပုံတင်ကြရပြီး သတ်မှတ် စည်းကမ်းနှင့် ညီညွတ်မှုရှိမရှိ အစစ်ဆေးခံကြရသည်။ ပင်လယ်ကူးမီးသင်္ဘောများ၊ မြစ်တွင်းသွားသင်္ဘောများနှင့် ဘုရင့်ရေတပ်မတော် သင်္ဘောများ၏ ဘွိုင်လာများနှင့် ရေနွေးငွေ့ပိုက်များက အဆိုပါအက်ဥပဒေတွင် အကျုံးမဝင်ကြပေ။ အိန္ဒိယ ဘွိုင်လာစည်းမျဉ်းဥပဒေတွင် ဘွိုင်လာအရွယ်အစားနှင့် ပုံစံ၊ အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် တည်ဆောက်ပုံတို့ကို စနစ်တကျ သတ်မှတ်ပေးထားခဲ့သည်။ ထိုသတ်မှတ်ချက်နှင့် ကိုက်ညီသော ဘွိုင်လာများကသာလျှင် မှတ်ပုံတင်ခွင့် ရရှိခဲ့ကြသည်။ မှတ်ပုံတင်ရန် လျှောက်ထားသောအခါ ဘွိုင်လာအရွယ်အစားနှင့် စွမ်းအားအလိုက် မှတ်ပုံတင်ကြေးအဖြစ် ကျပ် ၄၀ မှ ကျပ် ၁၀၀ အထိ ပေးဆောင်ကြရသည်။ မြန်မာနိုင်ငံ၌ ခွင့်ပြုသော ဘွိုင်လာ Rating မှာ အနည်းဆုံး ၁၀၀ နှင့် အများဆုံး ၁၀၀၀ ဖြစ်သည်။ ထပ်မံ၍ အစစ်ဆေးခံရန်အတွက်သော်လည်းကောင်း၊ ခွင့်ပြုချက်လက်မှတ်အသစ်ကို ရယူရန်အတွက်သော်လည်းကောင်း မူလမှတ်ပုံတင်ကြေးအတိုင်း ထပ်မံပေးဆောင်ခဲ့ကြရသည်။

### ဘွိုင်လာစစ်ဆေးရေး အရာရှိများ

ဘွိုင်လာများကိုစစ်ဆေးရန် ဘွိုင်လာစစ်ဆေးရေးအရာရှိချုပ်နှင့် လက်ထောက် စစ်ဆေးရေးအရာရှိများကို ခန့်ထားခဲ့သည်။ ထိုစစ်ဆေးရေးအရာရှိ ကြီးငယ်တို့မှာ နိုင်ငံခြားသားများသာ ဖြစ်ကြသည်။ ဘွိုင်လာအက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက် ၁၉၂၄ ခုနှစ်မှစ၍ စစ်ဆေး မှတ်ပုံတင်ပြီးသော လက်မှတ်ရ ဘွိုင်လာများတွင် ဘီဘီစီ(BBC)ဟူသော အမှတ်အသားအစား ဘီအေ(BA)ဟူသော အမှတ်အသားကို ပြောင်းလဲရေးထိုးခဲ့သည်။ ဘွိုင်လာများ၌ စစ်ဆေးရေးအရာရှိက ရေးထိုးခဲ့သော ထိုအမှတ်အသားများကို ဖျက်သည်ဖြစ်စေ၊ ပြင်သည်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် စည်းကမ်းချိုးဖောက်သည်ဖြစ်စေ ပိုင်ရှင်ကို ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ် ၂ နှစ်ကိုသော်လည်းကောင်း သို့တည်းမဟုတ် ပြစ်ဒဏ် နှစ်မျိုးစလုံးကိုသော်လည်းကောင်း ကျခံစေရန် အက်ဥပဒေ၌ ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတွင် ဘွိုင်လာစစ်ဆေးရန်အတွက် အင်စပက်တော်ချုပ်(Chief Inspector)နှင့် လက်ထောက် အင်စပက်တော်(Inspector) ခြောက်ဦး ရှိခဲ့ရာမှ ၁၉၂၈ ခုနှစ်တွင် အင်အားထပ်ဖြည့်ကာ အင်စပက်တော်ချုပ်နှင့် လက်ထောက်အင်စပက်တော် ကိုးဦးအထိ ခန့်ထားခဲ့သည်။ အင်စပက်တော်များမှာ ရန်ကုန်၌ပင် ရုံးစိုက်နေထိုင်ကြ၍ လုပ်ငန်းမတွင်ကျယ်သဖြင့် ၁၉၂၇ ခုနှစ်တွင် အင်စပက်တော်များကို မန္တလေး၊ မော်လမြိုင်၊ ရေနံချောင်းတို့တွင် ရုံးစိုက်စေရန် အစိုးရက စီစဉ်ခဲ့သည်။ သို့ရာတွင် ထိုနှစ်က မန္တလေး၌သာ ရုံးစိုက်နိုင်ခဲ့သည်။ ရေနံချောင်း ရေနံမြေတွင် ဘီအိုစီက လျှပ်စစ်ဓာတ်အားပေးစက် တည်ထောင်အသုံးပြုကာ ဘွိုင်လာအများစုကို အသုံးပြုခြင်းမှ ရပ်ဆိုင်းခဲ့သဖြင့် ရေနံချောင်းတွင် အင်စပက်တော်နှစ်ဦး ရုံးစိုက်စေမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတော့သည်။

မြန်မာနိုင်ငံတွင် ၁၉၂၇ ခုနှစ်က မှတ်ပုံတင်ဘွိုင်လာ ၂၁၅၄ လုံး ရှိခဲ့သည်။ စစ်ဆေးမည့် အင်စပက်တော်များ မလုံလောက်၍ ဘွိုင်လာများကို စေ့စေ့အောင် မစစ်ဆေးနိုင်ခဲ့ပေ။ ဘွိုင်လာများကို အဓိကအားဖြင့် ဂျာမနီနှင့် အမေရိကန်တို့ထံမှ ဝယ်ယူသုံးစွဲကြရာ အိန္ဒိယဘွိုင်လာစည်းမျဉ်းဥပဒေနှင့် မကိုက်ညီဘဲဖြစ်နေခဲ့သည်။ အင်္ဂလန် ဘွိုင်လာထုတ်လုပ်သူအချို့၏ ဘွိုင်လာများကလည်း အလိုရှိသောပုံစံနှင့် သတ်မှတ်စွမ်းအားအတိုင်း မဟုတ်ဘဲ စွမ်းအားပိုနေသဖြင့် ပြန်လည်ပြုပြင်ရန် ထောက်ညွှန်ပြရခြင်းများရှိပြီး ထိုသို့ ပြန်လည်ပြုပြင်စေခဲ့ရသော ဘွိုင်လာစုစုပေါင်းမှာ ၁၉၂၈ ခုနှစ်က ၁၇ လုံးအထိ ရှိခဲ့သည်။ အထိုင်မမှန်သော ဘွိုင်လာများ၊ သံမဏိသုံးရမည့်နေရာတွင် ရိုးရိုးသံများကိုသာ အသုံးပြု တည်ဆောက်ထားသော ဂျာမနီနှင့် အမေရိကန်လုပ် ဘွိုင်လာများအပြင် အခြား စည်းကမ်းချက်များနှင့် မညီညွတ်သော နိုင်ငံခြားလုပ် ဘွိုင်လာများလည်း ရှိခဲ့သည်။

ဘွိုင်လာများကို ၁၉၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ အိန္ဒိယဘွိုင်လာအက်ဥပဒေ၊ အိန္ဒိယ ဘွိုင်လာ စည်းမျဉ်းဥပဒေ၊ မြန်မာပြည် ဘွိုင်လာနည်းဥပဒေများဖြင့် ကြီးကြပ်စစ်ဆေး ထိန်းသိမ်းခဲ့သည်။ ၁၉၃၇-၁၉၃၈ ခုနှစ်က မြန်မာနိုင်ငံတွင် ဘွိုင်လာကြီးငယ် ၂၅၀၀ ခန့်ရှိခဲ့သည်။ စစ်ဆေးမှုပေါ့လျော့ခြင်း၊ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာမှုမရှိခြင်းတို့ကြောင့် အန္တရာယ်ဖြစ်မှုများလည်း ရှိခဲ့သည်။

စစ်ပြီးစ ၁၉၄၅ ခုနှစ်တွင် မှတ်ပုံတင်ထားသော ဘွိုင်လာပေါင်း ၁၇၉၃ လုံးရှိသည်။ စက်မှုလက်မှုလုပ်ငန်း ကြီးငယ်များ တိုးတက်များပြားလာသဖြင့် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် မှတ်ပုံတင်ပြီးသော ဘွိုင်လာများမှာ ၁၉၆၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၉၆၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ စုစုပေါင်း အလုံး ၂၂၂၀ ရှိခဲ့သည်။ သို့ရာတွင် ဘွိုင်လာအသစ် ၁၅ လုံးကို မှတ်ပုံတင်ပေးခြင်း၊ အသုံးမပြုဘဲထားသည့် ဘွိုင်လာ ၂၂ လုံးကို ပြန်လည်အသုံးပြုသဖြင့် မှတ်ပုံတင်စာရင်း၌ ပြန်ဝင်လာခြင်း၊ ဘွိုင်လာ ၂၁ လုံးကို ပယ်ဖျက်လိုက်ခြင်း၊ ဘွိုင်လာ ၄၆ လုံးမှာ ငါးနှစ်ကျော် အသုံးမပြုဘဲထားသဖြင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ခြင်း စသည်တို့ကြောင့် လည်ပတ်အသုံးပြုနေသော မှတ်ပုံတင်ဘွိုင်လာ စုစုပေါင်းမှာ အလုံးရေ ၂၁၉၀ ရှိခဲ့သည်။ ။ **(ဆက်လက်ဖော်ပြပါမည်)**

---

## သင်္ဃန်းကျွန်းမြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် သင်္ဃန်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း ဆင့်ပွားသင်တန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က မှန်ကန်ပြည့်စုံသော မဲစာရင်းများရရှိရေး အလေးထားဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဌေးမြင့်က လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးရဲထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထိန်လင်းနှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မြစန္ဒာတို့က မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ကာ အဆိုပါသင်တန်းသို့ သင်္ဃန်းကျွန်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**ဗထူး**

# စက်တင်ဘာလနောက်ဆုံးပတ်တွင် အိမ်ရာမဲနှိုက်ခွင့်ရရှိသူများစာရင်း ကြေညာမည်

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အိမ်ရာစီမံကိန်းများရောင်းချရေးကြီးကြပ်မှုကော်မတီမှ ရောင်းချပေးသည့် ပြည်သူ့အရောင်းအိမ်ရာများကို ဝယ်ယူခွင့်လျှောက်ထားသူများအား ပထမအုပ်စု၊ ဒုတိယအုပ်စု အနေဖြင့် မိသားစုလစဉ်ဝင်ငွေကျပ်ငါးသိန်းအောက် တန်ဖိုးနည်းအိမ်ရာ၊ မိသားစုလစဉ်ဝင်ငွေ ကျပ်ငါးသိန်း အထက်တန်ဖိုးသင့်အိမ်ရာတို့ကို ဝယ်ယူခွင့်ပြုခဲ့ရာ တတိယအသုတ်တွင် အိမ်ခန်းမဲနှိုက်ခွင့်ရရှိသူများ စာရင်းကို စက်တင်ဘာနောက်ဆုံးပတ်၌ ကြေညာသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

တတိယအသုတ် ရောင်းချပေးမည့် တန်ဖိုးနည်းအိမ်ခန်း ၂၂၇ ခန်းအား ဒဂုံမြို့သစ်(ဆိပ်ကမ်း) ရှိ ယုဇနတန်ဖိုးနည်းအိမ်ရာအပိုင်း(၁)တွင် အိမ်ခန်း ၅၃ ခန်းနှင့် ကနောင်တန်ဖိုးနည်းအိမ်ရာတွင် အိမ်ခန်း ၁၂၈ ခန်း၊ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၃)တွင် အိမ်ခန်း ၇၉ ခန်းနှင့် အပိုင်း(၁)တွင် အိမ်ခန်း နှစ်ခန်း၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရွှေပေါက်ကံ(၁၄)တန်ဖိုးနည်းအိမ်ရာတွင် အိမ်ခန်း ၁၅ ခန်းတို့ကို ရောင်းချပေးမည့်အပြင် တန်ဖိုးသင့်အိမ်ခန်းများဖြစ်သော လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းစက်မှုဇုန်တွင် အိမ်ခန်း ၁၉ ခန်းနှင့် ထီးလှိုင်ရှင် အိမ်ရာတွင် ၅၉ ခန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) Town Center အိမ်ရာတွင် သုံးခန်းနှင့် အင်းဝအိမ်ရာတွင် အိမ်ခန်း ၂၈ ခန်းတို့ဖြင့် စုစုပေါင်း အိမ်ခန်း ၁၀၉ ခန်းကို ရောင်းချပေးမည် ဖြစ်သည်။

"ဩဂုတ် ၂၀ ရက်ကနေ စက်တင်ဘာ ၁၉ ရက်အထိ ဆက်သွယ်ဆောင်ရွက်ရမယ့်ကာလဆိုတော့ ဘယ်အိမ်ရာကို ယူမလဲ။ ဘဏ်ချေးငွေနဲ့ဝယ်မှာလား။ ဒါမှမဟုတ် အကျေပေးပြီးယူမှာလားဆိုတာ အဲဒီကာလမှာ သတ်မှတ်တာပါ။ စက်တင်ဘာ ၂၀ ရက်အထိ ဆန္ဒပြုပြီးတော့ ၂၀ ရက်ကနေ လကုန်ကြားမှာ မဲနှိုက်ရမယ့်စာရင်းကို ကပ်ပေးထားမယ်။ စက်တင်ဘာလကုန် ဆိုတာကအကြမ်းဖျင်း ပြောတာ။ ဒါမှမဟုတ် အောက်တိုဘာလ ပထမပတ်မှာ လုပ်ဖြစ်မယ်။ တတိယအသုတ် အိမ်ခန်း မဲနှိုက်မယ့်သူတွေဟာ ဩဂုတ် ၂၀ ရက်က နေ စက်တင်ဘာ ၁၉ ရက်ကြားမှာ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနကို လာရမယ်။ အဲဒီရက်မှာ မလာတဲ့သူဟာ ပယ်ဖျက်ခံရမယ်။ ခရိုင်လေးခုကလျှောက်ထားဦးရေ ၄၈၈၀ ခေါ်ထားပါတယ်" ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပထမအုပ်စု မိသားစုလစဉ်ဝင်ငွေကျပ် ငါးသိန်းအောက်ရရှိသော လျှောက်ထားသူ ၂၅၃၆ ဦးတွင် ပထမ၊ ဒုတိယအသုတ် ဝယ်ယူခွင့်ပြုပြီးသူ ၈၈၇ ဦးနှင့် ယခုတတိယအသုတ်အတွက် ဝယ်ယူခွင့်ပြုပြီးသူ ၁၆၄၉ ဦးရှိကြောင်း၊ ဒုတိယအုပ်စုမိသားစုလစဉ်ဝင်ငွေကျပ် ငါးသိန်းအထက်ရရှိသော လျှောက်ထားသူ ၃၄၉၁ ဦးတွင် ပထမ၊ ဒုတိယအသုတ် ဝယ်ယူခွင့်ပြုပြီးသူ ၂၆၆ ဦးရှိကာ ယခုတတိယအသုတ် ဝယ်ယူခွင့်ရရှိသူ ၃၂၂၅ ဦးရှိရာ ယခုတတိယအသုတ်တွင် ဝယ်ယူခွင့်ရရှိသူများကို အိမ်ခန်းဝယ်ယူခွင့် တန်းစီဇယားအမှတ်စဉ်အလိုက် ဦးစားပေးရောင်းချသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ရာစီမံကိန်းများ ရောင်းချရေးကြီးကြပ်မှုကော်မတီမှ ပြည်သူ့အရောင်းအိမ်ရာများ ဝယ်ယူခွင့်လျှောက်ထားသူများဖြစ်သော အများပြည်သူ၊ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကို တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ခန်းများ အဖြစ်ရောင်းချပေးခြင်းဖြစ်ရာ တတိယအသုတ်အိမ်ရာ မဲနှိုက်ခွင့်ရရှိသူများ စာရင်းကို စက်တင်ဘာလနောက်ဆုံးပတ်တွင် ကြေညာသွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင်လည်း ကြေညာထားသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



စက်တင်ဘာလတွင် မဲနှိုက်ရောင်းချပေးမည့် အိမ်ရာများကို တွေ့ရစဉ်။

# မြို့နယ်ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများတွေ့ဆုံ၍ ရဲလုပ်ငန်းစနစ် ချပြရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများတွေ့ဆုံ၍ ရဲလုပ်ငန်းစနစ် ချပြရှင်းလင်းခြင်းကို ဩဂုတ် ၂၅ ရက်က မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်မိုးက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများအား ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များ၊ ရဲတပ်ဖွဲ့သည် ပြည်သူလူထုအတွက် ၂၄ နာရီ အချိန်ပြည့်ရှိကြောင်း၊ နယ်မြေအတွင်း ထူးခြားဖြစ်စဉ်များရှိက ရဲတပ်ဖွဲ့သို့ ဆက်သွယ်ရန် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များပေးခဲ့ကာ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ**



# ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် လမုတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ယမန်နေ့က ကျောင်းရှေ့၌ လာရောက်ပြသသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပညာပေးယာဉ်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ယာဉ်ပေါ်တွင်ပြသထားသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကိုသက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူတို့ကို အသိပညာပေး ပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက ကျောင်းခန်းမတွင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ထပ်ဆင့်အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရသည်။

**၁၆၄**



လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဒေါက်တာဖြိုးမြတ်ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများက HIV ရောဂါပိုးတားဆီးကာကွယ်ရေးအတွက် အကာအကွယ် သုံးပစ္စည်းများ ဝေငှခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို လမ်းမတော်မြို့နယ် မော်တင်မှတ်တိုင်၌ ဆောင်ရွက်နေစဉ်။ ထိန်လင်း

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အား ရမှတ် ၄၄၀ နှင့်အထက် ရရှိသူများ ထပ်မံလျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဝင်ခွင့်အား တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်း ရမှတ် ၄၄၀ နှင့်အထက် ရရှိသူများအနေဖြင့် ထပ်မံလျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်အား တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၄၇၀ နှင့်အထက်ရရှိသူများကို ခေါ်ယူခဲ့ရာမှ ယခုအခါ စုစုပေါင်းရမှတ် ၄၄၀ နှင့်အထက် ရရှိသူများလည်း ထပ်မံလျှောက်ထားခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာသည့်အတွက် ကျောင်းသားဦးရေတိုး၍ ခေါ်ယူလိုခြင်း၊ တက္ကသိုလ်သို့ ကျောင်းသား လျှောက်ထားမှုနည်းပါးသွားခြင်းတို့ကြောင့် ယခုကဲ့သို့ ထပ်မံခေါ်ယူခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ထူးခြားမှုအနေနဲ့ ဆယ်တန်းအောင်တဲ့ ကလေးအများစုက စုစုပေါင်းရမှတ်တွေ နည်းနည်းကျသွားတယ်။ ကျွန်တော်တို့ မှန်းသလောက်ဦးရေကျောင်းကို ရောက်မလာဘူး။ ဒီနှစ်ကလည်း ပြီးခဲ့တဲ့နှစ်ကထက်စာရင် လူအင်အား တိုးခေါ်ထားတယ်။ အရင်နှစ်တွေက ဦးရေ ၃၂၀ နဲ့ ပုံမှန်ခေါ်လာခဲ့တာပေါ့။ ဒီနှစ်မှာတော့ ၄၀၀ လောက်ခေါ်ရအောင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပွင့်လင်းလာတာပေါ့။ နောက် ၁၁ တန်း၊ ၁၂ တန်းဖြစ်လာရင် လူများလျော့သွားမလားပေါ့။ ဒါမျိုးလေးတွေ တိုင်ပင်ပြီးတော့ ဒီနှစ်ကျမှ လူ ၄၀၀ လက်ခံဖို့ခေါ်လိုက်တာပါ" ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်က ပြောသည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမှုများကို စက်တင်ဘာ ၁၃ ရက်အထိ လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ကျောင်းသားလျှောက်ထားမှုများတွင် မိန်းကလေးများ လျှောက်ထားမှုကို ၂၀ ရာခိုင်နှုန်းလျှောက်ထားခွင့်ရှိရာ ယခုနှစ်တွင် ကျောင်းသူ ဦးရေ ၈၀ ခန့်အထိ လက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်တွင် ဘွဲ့ပေးဌာန ခုနစ်ခုရှိသည့်အနက် ဌာန သုံးခုမှာ သင်္ဘောသားအဖြစ် တိုက်ရိုက်လျှောက်ထားနိုင်ပြီး ဘွဲ့ကြိုသင်တန်းအားလုံးမှာ ငါးနှစ်သင်တန်းဖြစ်ကြောင်း သိရသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအနေဖြင့် သင်္ဘောလုပ်ငန်းစီမံခန့်ခွဲရေး၊ ဆိပ်ကမ်းလုပ်ငန်းစီမံခန့်ခွဲရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဟူသော သင်တန်းများ ဖွင့်လှစ်ထားပြီး ရေယာဉ်တည်ဆောက်မှု၊ ဆိပ်ကမ်းအင်ဂျင်နီယာ၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာ ဘာသာရပ်သုံးခုကို မဟာဘွဲ့အထိ အပ်နှင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ လက်ရှိတွင် ကျောင်းသားဦးရေ ၁၅၀၀ နီးပါး ပညာသင်ကြားလျက်ရှိကာ ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်အတွက် လျှောက်ထားသူဦးရေ ၁၆၀ ခန့်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# စလင်း၌ ဒို့မေတ္တာလူမှုရေးအသင်းက အခမဲ့ဆေးကုသပေး

**စလင်း ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြင်တင်ရပ် ဒေါက်တာစိုးမြင့်အောင် ကိုယ်ပိုင်ဆေးခန်း၌ ယမန်နေ့ကစတင်ကာ အခမဲ့တစ်ရက်တာ ဆေးကုသပေးခဲ့သည်။

အဆိုပါ အခမဲ့ဆေးဝါးကုသပေးရာတွင် ဒေါက်တာစိုးမြင့်အောင်က လူနာများကို စမ်းသပ်ကုသခမယူဘဲ ကျသင့်သည့်ဆေးဖိုးကို ဒို့မေတ္တာလူမှုကူညီရေး ပရဟိတအသင်းမှ ကျခံပေးသည်။ တုပ်ကွေးရာသီဖြစ်နေ၍ လူနာ ၁၂၀ ကျော်အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

# ကံမမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းနှင့် ဝေးကွာ၍ မီးမရနိုင်သေးသည့် ကျေးရွာများအား တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

**ကံမ ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဓာတ်အားလိုင်းနှင့် (၁၀)မိုင်အထက် ဝေးကွာပြီး နောင် ၁၀ နှစ် သို့မဟုတ် ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းပြင်ပ မီးမရနိုင်သေးသည့် ဒေသများရှိ ကျေးရွာများကို တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားလိုင်းစနစ်ဟူ၍ စနစ် နှစ်မျိုးဖြင့် မီးရရှိစေရန် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာတွင် တစ်အိမ်သုံး ဆိုလာစနစ်ကို ဩဂုတ်လတတိယပတ်မှစတင်၍ တပ်ဆင်ပေးလျက်ရှိသည်ဟု သိရသည်။

မဟာဓာတ်အားလိုင်း မရောက်ရှိသေးခင် ကျေးလက်ပြည်သူများ တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် အကြိုမီးရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကံမမြို့နယ်အတွင်း တစ်အိမ်သုံးဆိုလာစနစ်ကို ကျောက်စောင်း၊ သီးကုန်း၊ ကျောက်ပဒေါင်း၊ လင်းစသည့် ကျေးရွာလေးရွာ၌ Earth Renewable Energy ကုမ္ပဏီက တာဝန်ယူ၍ တပ်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်အိမ်သုံး ဆိုလာစနစ် ဝပ် ၆၀ အားကို ငွေကျပ် ၅၀၀၀၀၊ ဝပ် ၁၀၀ အားကို ငွေကျပ် ၁၅၀၀၀၀



ဆိုလာစနစ် မီးလင်းရေးဆောင်ရွက်မှုကို တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြစဉ်။

အနေဖြင့် ပြည်သူ့ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရပြီး ကျေးရွာအိမ်ခြေ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းအထက် အဆိုပါဆိုလာ စနစ်ကို တပ်ဆပ်အသုံးပြုပါက အများပြည်သူပိုင် နေရာများဖြစ်သည့် လမ်းမီး၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ဘာသာရေးအဆောက်အအုံများကို အခမဲ့တပ်ဆင်ပေးမည်ဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်ထံမှ သိရသည်။

ထိုသို့ တပ်ဆင်နေမှုများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြတ်ကျော်နှင့် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးတို့က ယမန်နေ့က ကျောက်ပဒေါင်းကျေးရွာနှင့် လင်းကျေးရွာများတွင် ဆိုလာတပ်ဆင်ရေး တာဝန်ခံများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ နေအိမ်များ၊ အများပြည်သူပိုင်ပစ္စည်းများဖြစ်သည့် လမ်းမီးတိုင်များ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ ကျေးလက်ဆေးပေးခန်းများတွင် ဆိုလာတပ်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆိုလာပြား၊ ဘက်ထရီနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

အားလုံးတပ်ဆင်ပြီးစီးပါက ကျေးရွာလေးရွာရှိ စုစုပေါင်း အိမ်ခြေ ၂၄၈ အိမ်၊ လမ်းမီး ၃၈ တိုင်၊ မူလတန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း၊ ကျေးလက်ဆေး ပေးခန်း နှစ်ခု၊ ဘာသာရေး အဆောက်အအုံ ခြောက်ခုမှာ မီးများ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**မြကျော်ဇင်သန်း (ကံမ)**

# ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးမှာ ငွေကျပ် ၁၂၄၀၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်

**ရန်ကုန် ဩဂုတ် ၂၈**

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၄၀၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်နေကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

လက်ရှိပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၄၀၀၀၀ ကျော်ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၃၀ ကျော်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"လက်ရှိရွှေဈေးက မနက်က စဖွင့်တုန်းကတော့ ငွေကျပ် ၁၂၃၈၂၀၀ စဖွင့်တယ်။ အခုနေ့လယ်ကျတော့ ငွေကျပ် ၁၂၄၂၀၀၀ လောက် ဖြစ်သွားတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းရွှေဈေးအတက်အကျသည် ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်တွင် မူတည်နေပြီး လက်ရှိကမ္ဘာ့ရွှေဈေးမှာ မငြိမ်ဘဲ အတက်အကျ ကြမ်းနေကြောင်း သိရသည်။

"ရွှေဈေးဆက်တက်ဖို့အနေအထားက လက်ရှိ အတိုင်းအတာနဲ့တော့ ဈေးက ဆက်တက်စရာအကြောင်း တော့ သိပ်မရှိပါဘူး။ ဒီအတန်းမှာတော့ ခဏတစ်ဖြုတ်ပဲ ငြိမ်မယ်ထင်တယ်။ ကမ္ဘာ့ရွှေဈေး ပြန်အေးရင်တော့ ပြန်ကျသွားမှာပေါ့။ အခုကတော့ ကမ္ဘာ့ရွှေဈေးက ဒီနေ့ ပြန်တက်သွားတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေလုပ်ငန်းရှင်များက ရွှေကို ရောင်း/ဝယ်ရာတွင် လက်ငင်း ငွေချေ ရောင်းဝယ်ကြရန်ဖြစ်ပြီး နှုတ်ဖြင့် အရောင်းအဝယ် မပြုလုပ်ကြရန်နှင့် ဈေးနှုန်းမြင့်တင် ရောင်းချခြင်းကို လည်း မပြုလုပ်ကြရန် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းမှ အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေး မြင့်တက်နေသော်လည်း ဈေးကွက် အတွင်း အရောင်းအဝယ်ပါးနေကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ကတော့ ပါးပါတယ်။ မှန်မှန်လေးပဲဖြစ်တယ်။ ငွေလိုတဲ့သူ ရောင်း တယ်။ ငွေပိုတဲ့သူ ဝယ်တယ်။ ဒီလောက်ပဲ။ ခါတိုင်းလို အင်နဲ့အားနဲ့တော့ မဖြစ်ဘူး" ဟု ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေး မှာ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်သစ်များ ထပ်ခါထပ်ခါချိုးလာခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ၂၉ ရက်အတွင်း တစ်ကျပ်သားလျှင် ငွေကျပ် ၁၀၅၀၀၀၀ ကျော်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ငွေကျပ် ၁၀၆၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ငွေကျပ် ၁၀၇၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၁၉ မှ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၈၀၀၀၀ ကျော်၊ ဇွန် ၂၁ ရက်မှစ၍ ငွေကျပ် ၁၁၁၀၀၀၀ ကျော်အထိ စံချိန်သစ်များဖြစ်ပေါ်ခဲ့ပြီး တဖြည်းဖြည်းမြင့်တက်လာရာ ဩဂုတ် ၇ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ ငွေကျပ် ၁၂၀၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။

ပြီးခဲ့သည့် သုံးလက ရွှေဈေးကို ပြန်ကြည့်ပါက မေတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၀၃၅၂၀၀ (မေ ၂ ရက်) နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၀၅၉၂၀၀ (မေ ၁၄ ရက်)၊ ဇွန်လတွင် ပြည်တွင်းရွှေဈေး မှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၀၅၅၀၀၀ (ဇွန် ၁ ရက်)နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၁၂၅၅၀၀ (ဇွန် ၂၅ ရက်)၊ ဇူလိုင်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၀၉၉၀၀၀ (ဇူလိုင် ၁ ရက်)နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၁၄၉၄၀၀ (ဇူလိုင်၃၁ ရက်) တို့ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

**ငြိမ်းငြိမ်း**

# ညောင်ရွှေရှိ တည်ဆောက်ဆဲတံတား လမ်းလွှဲနေရာ တောင်ကျရေတိုက်စားမှု ပြင်ဆင်

**ညောင်ရွှေ ဩဂုတ် ၂၈**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယမန်နေ့က ညောင်ရွှေမြို့နယ် ဘုရားနီကျေးရွာ အထွက် (ခေါင်တိုင်-အင်းတိုင်)သွား အင်းလေးကန်ပတ်လမ်းပေါ်ရှိ တည်ဆောက်ဆဲ တံတား လမ်းလွှဲနေရာ တောင်ကျရေတိုက်စားပြီး မော်တော်ယာဉ်များ ဖြတ်သန်း သွားလာမရသောကြောင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင် မျိုးမြတ်နှင့် လမ်းလုပ်သားများ၊ နယ်မြေခံတပ်များက ပြည်သူများသွားလာ အသုံးပြု နိုင်ရေးအတွက် လမ်းလွှဲနေရာ၌ ကျောက်ချခြင်း၊ ပြွန်ပိုက်များချခြင်း၊ မြေသားဖို့ခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



ညောင်ရွှေမြို့နယ်ရှိ လမ်းလွှဲနေရာ တောင်ကျရေတိုက်စားမှုကို ပြင်ဆင်ပေးနေစဉ်။

# ပုလောမြို့နယ်အတွင်းရှိ ကျေးရွာများ၌ တစ်အိမ်သုံးဆိုလာစနစ်များ တပ်ဆင်လျက်ရှိ

**ပုလော ဩဂုတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် တစ်အိမ်သုံးဆိုလာစနစ်များကို Earth Renewable Energy ကုမ္ပဏီမှ အိမ်တိုင်ရာရောက်တပ်ဆင် လျက်ရှိသည်။



ပုလောမြို့နယ်၌ တစ်အိမ်သုံးဆိုလာများ တပ်ဆင်ပေးနေမှုကို တွေ့ရစဉ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ပုလောမြို့နယ် ရှမ်းဒွတ်ကျေးရွာအုပ်စုအတွင်းရှိ ရှမ်းဒွတ်၊ မင်းဝင်း၊ အင်းမဝ၊ ချောင်းလှ၊ ကျောက်လိပ်ကျေးရွာ ငါးရွာအတွက် ၁၂၄ စုံ၊ တောင်ယာကမ်းကျေးရွာအုပ်စုရှိ ဖော့ကျေးရွာ၊ ချောင်းဖြ ကျေးရွာ နှစ်ရွာအတွက် ၆၆ စုံ၊ မီးကျောင်းသိုက်ကျေးရွာတွင် ၇၂ စုံ လိပ်သောင်ကျေးရွာတွင် ၄၃ စုံနှင့် ဇရပ်ဆိပ်ကျေးရွာအုပ်စု ကျောက်ကမ်းဖဲ့ကျေးရွာတွင် ၂၆ စုံကိုစက်တင်ဘာလ လအလယ် လောက်တွင် အပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှသိရသည်။

အဆိုပါ တစ်အိမ်သုံးဆိုလာစနစ်တပ်ဆင်ရာတွင် 60 W နှင့် 100 W ဟူ၍ နှစ်မျိုးရှိပြီး LED မီးသီး လေးလုံးနှင့် ငါးဝပ် ရှိသော မီးချောင်းတစ်ချောင်းပါဝင်သည်။ တစ်အိမ်သုံးဆိုလာ စနစ်များ ပျက်စီးယိုယွင်းမှုများဖြစ်ပွားပါက အချိန်မီဆက်သွယ် အကြောင်းကြားနိုင်ရန် ကုမ္ပဏီဖုန်းနံပါတ်များ၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဖုန်းနံပါတ်များလည်း ပါဝင် ကြောင်း သိရသည်။ **ထူးဝေယံ (ပြန်/ဆက်)**

# မိုင်းယုမြို့ရှိ အသက်ငါးနှစ်အောက် ကလေးငယ် ၃၆၅ ဦးကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး

**မိုင်းယု ဩဂုတ် ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့ရှိ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ် များအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ စတင်တိုက်ကျွေးခဲ့ရာ မြို့ပေါ်နှင့် ကျေးရွာအုပ်စုများရှိ သတ်မှတ်စုရပ် များတွင် တိုက်ကျွေးခဲ့သည်။

အဆိုပါ တိုက်ကျွေးခြင်းကို ဝမ်တာကြန့်ကျေးရွာနှင့် ဒွန်းနွဲ့ကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းနှင့် ဒေါ်ဝေဝေလွင်တို့က မြို့ပေါ်ရပ်ကွက်နှင့် တာကြန့်အုပ်စုအတွင်းရှိ ကလေးငယ် ၂၈၃ ဦးနှင့် ဒွန်းနွဲ့၊ မိုင်းလွေ ကျေးရွာအုပ်စုများမှ ကလေးငယ် ၈၂ ဦးတို့အား သူငယ်နာအကြောသေရောဂါ (ပိုလီယို) ကာကွယ်ဆေး တိုက်ကျွေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင် (မိုင်းယု)**



မိုင်းယုမြို့နယ်၌ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးပေးနေစဉ်။

# မိတ္ထီလာ၌ ရေဘေးကူညီကယ်ဆယ်ရေးရန်ပုံငွေ ဓာတ်ပုံရောင်းပွဲတော် ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၈**

ရေဘေးဒဏ်ခံရသည့် ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လှူဒါန်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဓာတ်ပုံအနုပညာရှင် မြတ်နိုးသူများစုပေါင်း၍ မိတ္ထီလာတွင် ရေဘေးကူညီကယ်ဆယ်ရေး ရန်ပုံငွေ ဓာတ်ပုံရောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်း က မြို့မရပ်ကွက် မိတ္ထီလာကန်ပတ်လမ်း ၌ ကျင်းပသည်။

"နိုင်ငံအတွင်းမှာ သဘာဝဘေးဒဏ် ဖြစ်တဲ့ ရေဘေးဒဏ်ခံရတဲ့ဒေသတွေ အတွက် ထောက်ပံ့မှုနဲ့ ပြန်လည်ထူထောင် ရေးလုပ်ငန်းတွေမှာ လှူဒါန်းနိုင်ဖို့ ရည်ရွယ်ပြီးတော့ အခုလို ဓာတ်ပုံရောင်းပွဲတော် ကျင်းပတာပါ။ ဓာတ်ပုံအနုပညာ ချစ်မြတ်နိုးတဲ့၊ ဓာတ်ပုံအနုပညာဝါသနာကြီးတဲ့ သူတွေရဲ့ ဓာတ်ပုံတွေနဲ့ ဖိတ်ခေါ်ထားတဲ့ ဓာတ်ပုံပညာရှင်တချို့ရဲ့ ဓာတ်ပုံလက်ရာ တွေ ပါဝင်ပါတယ်။ ဓာတ်ပုံအများစုက မိတ္ထီလာမြို့ပတ်ဝန်းကျင်က သဘာဝရှုခင်း အလှဓာတ်ပုံတွေဖြစ်ပြီး ပြင်ဦးလွင်၊ အောင်ပန်း၊ ပင်းတယ၊ အင်းလေးဒေသ က ရှုခင်းဓာတ်ပုံတွေလည်း ပါဝင်ပါတယ်။ မိတ္ထီလာမှာ ပရဟိတအတွက် ပထမဆုံး ဓာတ်ပုံပြပွဲရောင်းပွဲလည်းဖြစ်ပြီး နောက် ကျရင် အများအကျိုးအတွက် လိုအပ်တဲ့ နေရာတွေမှာ လှူဒါန်းထောက်ပံ့နိုင်ဖို့ အခု လိုပွဲမျိုးတွေ လုပ်ဖြစ်ဖို့လည်း ဒီပွဲက ပထမ ဆုံးခြေလှမ်းဖြစ်ပါတယ်။ လာရောက် အားပေးဝယ်ယူပြီး ကုသိုလ်ယူကြဖို့ မိတ္ထီ လာက လုပ်ငန်းရှင်တွေ၊ မြို့မိမြို့ဖတွေ၊ ဓာတ်ပုံချစ်မြတ်နိုးသူတွေကို ဖိတ်ခေါ်ပါ တယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြော သည်။




ရေဘေးကူညီရေးရန်ပုံငွေအတွက် မိတ္ထီလာကန်ပတ်လမ်း၌ ဓာတ်ပုံရောင်းပွဲတော် ကျင်းပနေစဉ်။

အဆိုပါဓာတ်ပုံရောင်းပွဲတော်တွင် ဓာတ်ပုံပေါင်း ၆၀ ကျော်ကို ခင်းကျင်းပြသ ထားပြီး ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရ သည်။

**ချမ်းသာ (မိတ္ထီလာ)**

# ပန်းတနော်မြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ပန်းတနော် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်စပါးခင်း များအတွင်း ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပန်းတနော်မြို့နယ် ဇီးဖြူစုကျေးရွာရှိ တောင်သူများ၏ စပါးခင်းများအတွင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲ စိုက်ထည့်ပေးခဲ့သည်။

တောင်သူများ စပါးစိုက်ပျိုးခြင်းတစ်မျိုးတည်းမဟုတ်ဘဲ ငါး၊ စပါးစိုက်ပျိုး မွေးမြူ ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေများရရှိလာစေရန် ရည်ရွယ်၍ နှစ်စဉ်စပါးခင်း များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း ငါးလုပ်ငန်း ဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မာမာဆွေက ပြောသည်။ အခမ်းအနား၌ ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးလုပ်ငန်းအစုအဖွဲ့များ တက်ရောက်၍ ငါးခုံးမ ကောင်ရေ ငါးသောင်း၊ တီလားပီးယားကောင်ရေ ငါးသောင်း၊ ရွှေဝါငါးကြင်း ကောင်ရေ ငါးသောင်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော် (ပြန်/ဆက်)**

# ပုဏ္ဏားကျွန်းမြို့နယ် မကျည်းချောင်းကျေးရွာ အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်

**ပုဏ္ဏားကျွန်း ဩဂုတ် ၂၈**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၂ သန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းအနက် ရေပိုက်သွယ်တန်းခြင်း ဆောင်ရွက်လျက်ရှိပြီး မကျည်းချောင်းကျေးရွာ အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းမှာ ၁၇၅၈၄ ပေ ပြီးစီးနေပြီဖြစ် ကြောင်း သိရသည်။

ထိုလုပ်ငန်းပြီးစီးပါက မကျည်းချောင်းကျေးရွာတွင် အိမ်ခြေ ၁၄၀ ရှိကာ အိမ်တိုင်ရာရောက် သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ် ကြောင်း သိရသည်။ **အောင်လှဖြူ (ရမ်းဗြဲ)**

# မိုးရွာသွန်းမှုနှင့်အညီ သီးနှံမျိုးစုံ စိုက်ပျိုးရေး

**— — ဆင်းသီဟ — —**

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ စပါးသာမက သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းသည့် ရေမြေရာသီဥတု သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ သီးနှံ၊ ပြောင်းဖူး၊ အခြားနှံစားသီးနှံနှင့် စက်မှုကုန်ကြမ်းဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစသည့် သီးနှံမျိုးစုံကို အောင်မြင်စွာစိုက်ပျိုးနိုင်သည်။ မိုးရွာသွန်းမှုနှင့် ဒေသရေမြေအခြေအနေပေါ်မူတည်ပြီး စတင်စိုက်ပျိုးသည်မှာ စပါးသီးနှံ ဖြစ်ချင်ဖြစ်မည်။ နှမ်းလျှင်၊ မြေပဲ၊ ပြောင်း၊ ပဲမျိုးစုံစသည့် ယာသီးနှံတစ်မျိုးမျိုးဖြစ်ချင်ဖြစ်မည်။ စပါးစိုက်ပျိုးရာတွင်လည်း ရေရှိမှု၊ လုပ်သားလုပ်အား ရရှိနိုင်မှုအပေါ် မူတည်ပြီး တိုက်ရိုက်မျိုးစေ့ချချင်ချမည်၊ ပျိုးထောင်ကောက်စိုက်ချင် စိုက်မည်။ မေလမိုးဦးကျသည်နှင့် စိုက်ပျိုးရေးလုပ်ငန်းကို စတင်သည်။ ဒေသအလိုက် မိုးရွာသွန်းမှုအပေါ် မူတည်ပါသည်။**

မြန်မာနိုင်ငံမှာ မိုးရွာတာက အဓိကအားဖြင့် မုတ်သုံလေကြောင့်ဟု သိရသည်။ မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများမှသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများသို့ တိုက်ခတ်သည်ကို တွေ့ရသည်။ တိုက်ခတ်ရာ လမ်းကြောင်းတစ်လျှောက်၌ သစ်တောသစ်ပင်၊ တောင်ကုန်း တောင်တန်းတည်ရှိမှု သဘာဝအခြေအနေအရ ပင်လယ်ပြင်မှ သယ်ဆောင်လာသော ရေခိုးရေငွေ့များကို မိုးအဖြစ်ရွာချခြင်းဖြစ်သည်ဟု သိထားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းကဲ့သို့ မြေပြန့်လွင်ပြင်ဒေသများ၌ မိုးနည်းပါး စွာရွာချ၍ မုတ်သုံလေဖြင့် ရေခိုးရေငွေ့များ စတင်သယ်ဆောင်လာရာ ကမ်းရိုးတန်းဒေသများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ မိုးများစွာ ရွာချသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသည် သဘာဝအခြေအနေအရ မိုးကွယ်ရာအရပ်ဖြစ်သဖြင့် သယ်ဆောင်ရာမှ ကျန်ရှိသည့် ရေခိုးရေငွေ့ကိုသာ ရွာချရခြင်းဖြစ်၍ မုတ်သုံမိုးကို နည်းပါးစွာ ရရှိရခြင်းဖြစ်သည်။ ဤသို့ ငယ်စဉ်ကတည်းက နားလည်ခဲ့ရပါသည်။

**မိုးရေချိန်နှင့်သီးနှံပင်အောင်မြင်မှု**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် တစ်လလျှင် မိုးရေချိန်အနည်းဆုံး ၈ လက်မ ရွာသွန်းသော်လည်း အလယ်ပိုင်းဒေသများမှာမူ တစ်လလျှင် မိုးရေချိန် ၄ လက်မ ပြည့်အောင် ၄ လ ဆက်တိုက် ရွာသွန်းခြင်းမရှိသဖြင့် ဆည်ရေသွင်းရေသာမရရှိပါက မိုးစပါးအောင်မြင်ရန်ကိုပင် လုံလောက်သော မိုးရေချိန်မရသည့်ဒေသများ ရှိလာနေသည်ကို တွေ့ရပါသည်။

ဤသို့ မြန်မာနိုင်ငံ တစ်နံတစ်လျား မတူညီသော မိုးရွာသွန်းမှု အခြေအနေများရှိသည်ဖြစ်ရာ စိုက်ပျိုးသည့် သီးနှံအမျိုးအစားသည် မိုးရွာသွန်းမှုနှင့် ကိုက်ညီဖို့ လိုပါသည်။ ရွေးချယ်သည့် မျိုး၊ စိုက်ပျိုးသည့်အချိန်၊ စိုက်ပျိုးသည့် နည်းစနစ်၊ ပြုစုစောင့်ရှောက်မှုတို့သည် မိုးရွာသွန်းမှုနှင့် လိုက်လျောညီသင့်ပါသည်။ ဥပမာအားဖြင့် မိုးရွာသွန်းမှုနည်းပါးပါက ယာသီးနှံများမှ မိုးခေါင်ခံမျိုးကို မိုးခေါင်ခံနည်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ မိုးများပါက ယာသီးနှံများမှ စိုစွတ်မှုဒဏ်ခံနိုင်သည့်မျိုးကို စိုက်ပျိုးခြင်း၊ ပေါင်စနစ်ဖြင့် စိုက်ပျိုးခြင်းစသည်တို့ကို ဆောင်ရွက်ရန်လိုပါသည်။

သီးနှံစိုက်ပျိုး အောင်မြင်ဖြစ်ထွန်း သီးပွင့်နိုင်ရန် ရေမရှိ၍မဖြစ်၊ အမှန်ပင် ရေလိုသည်။ သို့သော် သီးနှံပင်သက်တမ်းတစ်လျှောက် ရေလိုအပ်မှုသည် သီးနှံအမျိုးအစားပေါ် မူတည်သည်။ စပါးသီးနှံသည် ၇၀၀ မှ ၁၄၀၀ မီလီမီတာ ရေလိုအပ်သည်။ ပြောင်းဖူးသည် ၅၀၀ မှ ၉၀၀ မီလီမီတာ၊ နှမ်းသည် ၃၅၀ မှ ၆၀၀ မီလီမီတာ၊ မြေပဲသည် ၃၅၀ မှ ၆၀၀ မီလီမီတာ၊ ပဲမျိုးစုံသည် ၃၀၀ မှ ၅၀၀ မီလီမီတာ စသည်ဖြင့် သီးနှံပေါ်မူတည်၍ ရေလိုအပ်ချက် ကွဲပြားခြားနားသည်ဟု သိရပါသည်။

စပါးသီးနှံသည် ရေလိုအပ်ချက် ၇၀၀ မှ ၁၄၀၀ မီလီမီတာ ဖြစ်သော်လည်း စိုက်နည်းစနစ်အပေါ် မူတည်သည်။ တိုက်ရိုက်မျိုးစေ့ချစနစ်သည် ရေလိုအပ်ချက်နည်းသည်။ တိုက်ရိုက်မျိုးစေ့ချစနစ်တွင်လည်း အစိုတမန်းပြင် မျိုးစေ့ချစနစ်နှင့် အခြောက်ထယ်ရေးမျိုးစေ့ချစနစ်တို့သည် ခြားနားသည်။ အခြောက်ထယ်ရေးမျိုးစေ့ချစနစ်သည် ရေလိုအပ်ချက် အနည်းဆုံးဖြစ်သည်ဟု ဆိုပါသည်။



ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေစဉ်။ ဓာတ်ပုံ-ဇေမိုး

သီးနှံအလိုက် အပင်သက်တမ်းတစ်လျှောက် ရေလိုအပ်ချက် အမျိုးမျိုးအဖုံဖုံ ဖြစ်နေသော်လည်း ပြောင်းဖူး၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံ စသည့်ယာသီးနှံများအတွက် ရေလိုအပ်ချက်သည် စပါးသီးနှံထက် ထက်ဝက်ခန့်နည်းကြောင်း သိရသည်။ သို့သော် လယ်မြေဖြစ်ပါက စပါးသီးနှံကိုသာ စိုက်ပျိုးသင့်သည်။ မိုးရာသီဖြစ်၍ စပါးအစား အခြားသီးနှံကို အစားထိုးစိုက်ပျိုးခြင်း မပြုသင့်ပါ။ ယာသီးနှံကို ပြောင်းလဲစိုက်ပျိုးပါက အပင်အခြေ ရေဝပ်မခံနိုင်သဖြင့် ဆုံးရှုံးနိုင်ပါသည်။

**စပါးစိုက်ပျိုးမှု**

မိုးစပါးသည် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပိုလျှံသည်ကို ပြည်ပသို့ တင်ပို့ရောင်းချရေးအတွက် အရေးပါသော သီးနှံဖြစ်သည်။ ဆန်စားသုံးသည့် နိုင်ငံဖြစ်ပေရာ ဝမ်းစာအတွက်လည်း အရေးကြီးပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စပါးမစိုက်သည့်ဒေသဟူ၍ မရှိပေ။ မိုးစပါးစိုက်ပျိုးရေးအတွက် ရေလိုသည်။ ပျိုးထောင်ရာတွင် ရေမရှိ၍ မဖြစ်သကဲ့သို့ စိုက်ခင်းပြုပြင် ကောက်စိုက်ရာတွင်လည်း ရေမရှိ၍ မဖြစ်ချေ။ သို့သော် မိုးရွာသွန်းမှုနည်းပါးပါက ရေလိုအပ်မှုနည်းပါးသော တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးသင့်က စိုက်ပျိုးရန် ဖြစ်ပါသည်။

ရှေးယခင်က မြန်မာတောင်သူလယ်သမားများသည် လယ်မြေတွင် စပါးတစ်သီးသာ စိုက်သည်။ ယခုအခါ စပါးတစ်သီးသာမက သီးထပ်အဖြစ် အခြားယာသီးနှံများကိုပါ တစ်သီးပြီး တစ်သီး စိုက်ပျိုးလျက်ရှိပြီ။ နွေအခါ ရေရရှိနိုင်သည့် အခြေအနေရှိပါက နွေစပါးကိုပါ စိုက်ပျိုးလျက်ရှိသည်။ ဤကဲ့သို့ စပါးတစ်သီးကို ပင်မသီးနှံအဖြစ် အခြေခံပြီး စပါးသာမက ယာသီးနှံများကို သီးနှံပုံစံချမှတ်ဆောင်ရွက်သည့်အခါ မိုးရေကိုသာ အားကိုးစိုက်ပျိုးရသည့် ဒေသများ၌ မိုးရွာသွန်းမှုပမာဏနှင့် မိုးရွာသွန်းမှုပုံစံကို ဦးစွာဆန်းစစ်သင့်သည်။ မိုးရွာသွန်းရရှိသည့် ပမာဏနှင့် ကိုက်ညီသည့်သီးနှံ သို့မဟုတ် သီးနှံပုံစံကိုသာ ချမှတ်ဆောင်ရွက်သင့်ပါသည်။

သီးနှံပင်သက်တမ်းတစ်လျှောက် ရရှိနိုင်မည့် မိုးရေချိန် ပမာဏသာမက လစဉ်မိုးရွာသွန်းနိုင်မှုသည် ဒေသတစ်ခုတွင် သီးနှံရွေးချယ်စိုက်ပျိုးရေး ထည့်သွင်းစဉ်းစားရာ၌ ပို၍ အရေးကြီးသည်။ သီးနှံပင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးအတွက် သီးနှံအလိုက် သက်တမ်းတစ်လျှောက်လုံး ရေလိုအပ်ချက်ကို လအလိုက် ခွဲခြားကာ တွက်ချက်ကြည့်ပါက ပြောင်းဖူး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံကဲ့သို့ ယာသီးနှံများသည် ယေဘုယျအားဖြင့် လစဉ်ပျမ်းမျှမိုးရေချိန် ၄ လက်မခန့် ရွာသွန်းလျှင် အောင်မြင်အောင် စိုက်ပျိုးနိုင်သည်ဟု သိရပါသည်။

အလားတူ ရေသိုလှောင်စိုက်ပျိုးသည့် လယ်စပါးအတွက် လအလိုက် လိုအပ်သည့် မိုးရေချိန်ကို ခန့်မှန်းပါက စိုက်ပျိုးသည့် စပါးမျိုး၏ သက်တမ်းအပေါ်မူတည်ပြီး သက်တမ်းကာလအတွင်း လစဉ်ပျမ်းမျှ မိုးရေချိန် ၈ လက်မခန့် ရွာသွန်းရန်လိုအပ်သည်။ ထို့ကြောင့် သက်တမ်းလေးလခန့်ရှိသည့် စပါးမျိုးကို စိုက်ပျိုးမည်ဆိုပါက တစ်လလျှင် မိုးရွာသွန်းမှုအနည်းဆုံး ၈ လက်မခန့်ဖြင့် လေးလဆက်တိုက် မိုးရွာသွန်းရန် လိုအပ်မည်ဖြစ်ပါသည်။

ကမ္ဘာနှင့်အဝန်း ယခုအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲနေသည်။ မိုးရွာသွန်းမှု ပုံမမှန်ဘဲ အလွန်နည်းချင်နည်းသည်။ တစ်လလုံး မိုးရွာသွန်းမှု နည်းပါးမှုများ ရှိလာသကဲ့သို့ တစ်နေ့တည်းဖြင့် တစ်လလုံးစာ မိုးရွာသွန်းသည်ကိုလည်း ကြုံတွေ့နေရပြီ။ ယာသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးရန်သော်လည်းကောင်း၊ မိုးစပါးသီးနှံကို စိုက်ပျိုးအောင်မြင်ရန်သော်လည်းကောင်း လိုအပ်သည့် မိုးရေချိန်ပမာဏကို မရရှိသည့် ဒေသများ ရှိလာသည်ကို သတိထားမိသည်။ မည်သို့ဖြစ်စေ လစဉ်မိုးရွာသွန်းမှုကို ယခင့် ယခင်နှစ်များ၏ အခြေအနေကို သုံးသပ်၍ ယခုနှစ်အတွက် ခန့်မှန်းကာ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး လူ့စွမ်းအားဖြင့် ကြိုးစားရမည်သာ ဖြစ်ပါသည်။

**သီးနှံမျိုးစုံ စိုက်ပျိုးရေး**

သီးနှံအလိုက် ရေလိုအပ်ချက်ကို ပြည့်မီအောင် မိုးရွာသွန်းခြင်းမရှိသော်လည်း စပါးအပါအဝင် သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ရေးအတွက် မိုးခေါင်ခံစပါး၊ ရေအနည်းလိုစပါး၊ ယာစပါး၊ ရေကြီးရေလွှမ်းဒဏ်ခံစပါးမျိုးများကို စိုက်ပျိုးခြင်း၊ ရေငတ်ဒဏ်ခံ ဆီထွက်သီးနှံ၊ ပဲမျိုးစုံမျိုးများကို စိုက်ပျိုးခြင်းတို့ဖြင့် ရာသီဥတုအခြေအနေနှင့် လိုက်လျောညီအောင် လုပ်ကိုင်ရန်လိုအပ်ပါသည်။

ထို့ပြင် ရေထိန်းသိမ်းနိုင်သည့် ထွန်ယက်မြေ ပြုပြင်နည်းစနစ်၊ ရေချွေတာနိုင်သည့် စိုက်ပျိုးနည်းစနစ်၊ တစ်သီးတည်း စိုက်ပျိုးခြင်းဖြင့် ဆုံးရှုံးမှုဖြစ်ပေါ်နိုင်မှုကို သီးနှံမျိုးစုံ စိုက်ပျိုးခြင်းမှ အကျိုးအမြတ်ဝင်ငွေကောင်းစေသည့် သီးထပ်သီးညှပ် စိုက်စနစ်များကို ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တားဆီးကာကွယ်ရေးသာမက ပြောင်းလဲသည့် ရာသီဥတုကို ကျော်လွှားနိုင်ရေးကိုပါ ကြိုးစားလျက်ရှိသည်။ မြန်မာ့ရေမြေသည် စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများ ရှိပြီဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကို အန်တုပြီး မိုးရွာသွန်းမှုနှင့်အညီ သင့်တော်သည့်သီးနှံ၊ မျိုးနှင့် နည်းစနစ်တို့ကို ပြောင်းလဲကာ သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ရေး အစွမ်းကုန် ကြိုးစားကြရမည်သာ ဖြစ်ပါသည်။ ။

**"သီးနှံပင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးအတွက် သီးနှံအလိုက် သက်တမ်းတစ်လျှောက်လုံး ရေလိုအပ်ချက်ကို လအလိုက် ခွဲခြားကာ တွက်ချက်ကြည့်ပါက ပြောင်းဖူး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံကဲ့သို့ ယာသီးနှံများသည် ယေဘုယျအားဖြင့် လစဉ်ပျမ်းမျှမိုးရေချိန် ၄ လက်မခန့် ရွာသွန်းလျှင် အောင်မြင်အောင်စိုက်ပျိုးနိုင်သည်ဟု သိရပါသည်။ အလားတူ ရေသိုလှောင်စိုက်ပျိုးသည့် လယ်စပါးအတွက် လအလိုက် လိုအပ်သည့် မိုးရေချိန်ကို ခန့်မှန်းပါက စိုက်ပျိုးသည့် စပါးမျိုး၏ သက်တမ်းအပေါ် မူတည်ပြီး သက်တမ်းကာလအတွင်း လစဉ်ပျမ်းမျှ မိုးရေချိန် ၈ လက်မခန့် ရွာသွန်းရန်လိုအပ်"**

## ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုလုပ်ငန်း အစီအစဉ်ရေးဆွဲရေး အကြံဉာဏ်တောင်းခံခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ထားဝယ် ဩဂုတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုလုပ်ငန်း အစီအစဉ်ရေးဆွဲရေး အကြံဉာဏ်တောင်းခံခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလှထွေးက သဘာဝပတ်ဝန်းကျင်ထိခိုက်စေသော အကြောင်းအရာများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲကဏ္ဍ၊ မြေအသုံးချမှုနှင့် မြေနေရာသတ်မှတ်ခြင်းဆိုင်ရာကဏ္ဍ၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်း ဂေဟစနစ်များကဏ္ဍ၊ ရေအရင်းအမြစ်နှင့် မြစ်ဝှမ်းဒေသများ သန့်ရှင်းကောင်းမွန်စွာ လည်ပတ်ရေးကဏ္ဍ၊ လေအရည်အသွေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေးနှင့် လိုက်လျောညီထွေ နေထိုင်ရေးကဏ္ဍ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးကဏ္ဍ၊ အစားအစာ ဘေးကင်းစေရေးကဏ္ဍ၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုကဏ္ဍ၊ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကဏ္ဍနှင့် သက်ဆိုင်သော ကိစ္စရပ်များကို အဓိကဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကို တက်ရောက်လာကြသော ပြည်သူလူထုများ၊ သက်ဆိုင်ရာ အကျိုးစီးပွား ပါဝင်ပတ်သက်သူများနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆွေးနွေး၍ အကြံပြုချက်များနှင့် အကြံဉာဏ်များ ပေးစေလိုကြောင်း ပြောကြားသည်။

ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးဖုန်းနိုင်က လူထုအကြံပြုချက်ရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မဟာဗျူဟာအကြောင်း ရှင်းလင်းတင်ပြသည်။

တက်ရောက်လာကြသူများက ခရိုင်အတွင်းရှိ သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များအား အုပ်စုဖွဲ့ဆွေးနွေးကြပြီး ၎င်းတို့၏ဆွေးနွေးချက်များကို ပြန်လည်တင်ပြကြကာ သဘာဝပတ်ဝန်းကျင်ရေးရာ မူဝါဒပါ ခေါင်းစဉ်များနှင့် ကိုက်ညီသော ကိစ္စရပ်များကိုလည်း အုပ်စုများခွဲ၍ ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ကုလသမဂ္ဂ အရပ်ဘက်အဖွဲ့အစည်းများညီလာခံသို့ IBEC ဆရာတော် တက်ရောက်

စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတသည် အမေရိကန်ပြည်ထောင်စု Utah ပြည်နယ် အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ တို့က ကြီးမှူး၍ ဆော့လိတ်မြို့ရှိ Salt Palace Convention Center ၌ ကျင်းပ သော (၆၈)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အရပ်ဘက်အဖွဲ့အစည်းများ ညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၁၈၀ နှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေသော ကမ္ဘာ့အရပ်ရပ်ရှိ အရပ်ဘက်အဖွဲ့အစည်းပေါင်း ၁၀၀၀ ကျော်တို့မှ ပုဂ္ဂိုလ်စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြပြီး နိုင်ငံတကာမှပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများက ကမ္ဘာကြီးငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ ကျားမ ခွဲခြားဆက်ဆံမှုမရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်တို့အနာဂတ်အရေးပါပုံစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

IBEC ဆရာတော်အနေဖြင့်လည်း ဆော့လိတ်မြို့တော်ဝန် မဒမ်ဂျက်ကီဘစ်ကုစကီ၊ အစည်းအဝေးကျင်းပရေးကော်မတီဥက္ကဋ္ဌ မဒမ် Maruxa Cardama နှင့် ကမ္ဘာ့ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သီးသန့်တွေ့ဆုံစဉ် အရပ်ဘက် အဖွဲ့အစည်းကဏ္ဍ၊ လူငယ်ကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ ဆိုရှယ်မီဒီယာကဏ္ဍများနှင့် ကမ္ဘာ့အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် Civil Society အားကောင်းလာအောင် ကူညီကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ညီလာခံတွင် ကုလသမဂ္ဂ အဖွဲ့ကြီးက မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးအနေဖြင့် ထူးထူးခြားခြား တက်ရောက်သည်ကိုတွေ့ရသဖြင့် ဝမ်းမြောက်ကြောင်း၊ မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းများကို ညီလာခံသို့ ပူးပေါင်းပါဝင်စေရေး အထူးတိုက်တွန်းလိုကြောင်းနှင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကမ္ဘာကြီးက အထင်အမြင်လွဲမှားနေမှုများကို ဖြေရှင်းရန် ကုလသမဂ္ဂနှင့် ပူးပေါင်းပြီး ဂလိုဘယ်မီဒီယာဖြင့် တင်ပြသင့်ကြောင်း အကြံပြုခဲ့သည်။

ညီလာခံသို့တက်ရောက်သည့် မြန်မာနိုင်ငံမှ စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတသည် ကုလသမဂ္ဂ ကမ္ဘာ့ငြိမ်းချမ်းရေးအသင်း၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲတစ်ဦးလည်းဖြစ်ကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မကွေးတိုင်းဒေသကြီး၌ နှစ်နှစ်အတွင်း ငါးသားပေါက် ကောင်ရေ သိန်းတစ်ရာကျော် ထည့်သွင်းမွေးမြူနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေ

**မကွေး ဩဂုတ် ၂၈**

၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီး အတွင်းရှိ မြစ်၊ ဆည်တမံ၊ ကျေးရွာရေကန်နှင့် စပါးစိုက်ခင်းများအတွင်း၌ ငါးသားပေါက် ကောင်ရေ သိန်း ၁၀၀ ကျော်အထိ ဖြည့်စွက်ထည့်သွင်းမွေးမြူနိုင်ရန် လုပ်ဆောင်နေကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။


ပွင့်ဖြူမြို့နယ်ကြီးအုံကြီးဝ ရေလှောင်တမံအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်နေစဉ်။

မကွေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတ ပေါကြွယ်ဝစေရန်၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်နိုင်ရန်၊ သဘာဝရေပြင်များမှ တိုးတက်ထုတ်လုပ်နိုင်ရန်၊ နေ့စဉ် ဖမ်းဆီးစားသုံးနေမှုကြောင့် သဘာဝရေပြင်များတွင် လျော့ပါးသွားသော ငါးများကို ပြန်လည်ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် ငါးမျိုးစိုက်ထည့်ခြင်းများကို ငါးလုပ်ငန်းဦးစီးဌာနက နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

"ငါးမြစ်ချင်းနဲ့ ငါးခုံးမ သားပေါက်တွေကို မြစ်၊ ဆည်တမံ၊ ကျေးရွာရေကန်တွေနဲ့ စပါးစိုက်ခင်းတွေမှာ ထည့်သွင်းပေးနေတာပါ။ မနှစ်က ၂၀၁၈ မှာ သားပေါက်ကောင်ရေ ၄၅ သိန်း ထည့်ပြီးပါပြီ၊ ဒီနှစ် ၂၀၁၉ မှာ ကောင်ရေ သိန်း ၆၀ ခန့်ကိုလည်း ငါးသားပေါက်ရာသီကာလဖြစ်တဲ့ ဇူလိုင်လကနေ စက်တင်ဘာလအထိ သုံးလအတွင်း အပြီးထည့်သွင်းသွားမှာပါ"ဟု မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းကိုကိုထွန်းက ပြောသည်။

၂၀၁၉ ခုနှစ်တွင် ထည့်သွင်းမွေးမြူမည့် ငါးသားပေါက်များကို ဆည်တမံ ၃၆ ခုအတွင်းသို့ ကောင်ရေ ၂၇ သိန်း၊ ကျေးရွာရေကန် ၄၁၈ ကန်သို့ ကောင်ရေ ၁၇ သိန်း၊ ဧရာဝတီမြစ်အတွင်း နေရာလေးခုတွင် ကောင်ရေ ၁၅ သိန်းနှင့် စပါးစိုက်ခင်း ၁၃၃ ဧကတွင် ကောင်ရေ ၆၆၅၀၀ တို့ကို စိုက်ထည့်မွေးမြူသွားမည်ဖြစ်ကြောင်း သိရသည်။

ဂေဟစနစ်နှင့် အစာကွင်းဆက်များအဖြစ် လူသားတို့အား အကျိုးပြုနေသော ငါးသယံဇာတများကို ထိန်းသိမ်းနိုင်ရန်အတွက် ဒေသ ရေချိုငါးများဖြစ်သည့် ငါးရစ်ငါးသန်များကို မေလမှ ဇူလိုင်လကုန်အထိ၊ ကကတစ်ငါးများကို ဇန်နဝါရီလမှ ဩဂုတ်လအထိ၊ ကျောက်ပုစွန်နှင့် ကင်းပုစွန်များကို ဧပြီလမှ ဇွန်လကုန်အထိ ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်ထားပြီး ငါးအမျိုးအစားအလိုက် ငါးများပေါက်ဖွားသည့်အချိန်များတွင် ဖမ်းဆီးခြင်းမပြုရန် တားမြစ်မှုများ လုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ဇေယျာတု (မကွေး)**

# ပူတာအိုရှိ တိုင်းရင်းသား စည်းလုံးညီညွတ်မှုတည်ဆောက်ခြင်း မွမ်းမံသင်တန်းဖွင့်

**ပူတာအို ဩဂုတ် ၂၈**

ကချင်ပြည်နယ် ပူတာအိုမြို့၌ နမ့်ကျိုပရဟိတ ဖောင်ဒေးရှင်းက ကြီးမှူး၍ လူမျိုး၊ဘာသာမရွေး ပါဝင်သော တိုင်းရင်းသားအချင်းချင်း တွေ့ဆုံဆွေးနွေးနှီးနှောခြင်းဖြင့် စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်း မွမ်းမံသင်တန်းကို ဩဂုတ် ၂၇ ရက်က ပူတာအိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။


တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ခြင်း သင်တန်းမှ သင်တန်းသားများ

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းယုမော်က အမှာစကားပြောကြားပြီး နမ့်ကျိုပရဟိတ ဖောင်ဒေးရှင်းမှ စီမံကိန်းတာဝန်ခံ ဦးစောနွဲ့ထွန်းနိုင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သင်တန်းတွင် ဆွေးနွေးပို့ချသောအကြောင်းအရာများကို လက်တွေ့အသုံးချ၍ မိမိတို့ကျေးရွာနှင့် လူမှုအသိုင်းအဝိုင်း ငြိမ်းချမ်းရေးအတွက် ထိရောက်စွာ ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူမျိုး၊ ဘာသာ၊ ဓလေ့ထုံးတမ်း မတူညီသော သင်တန်းသားများအနေဖြင့် မိမိတို့ဒေသတွင် လူမျိုးဘာသာမရွေး ပူးပေါင်းပါဝင်သော ငြိမ်းချမ်းသည့် လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရင်းနှီးမှုတည်ဆောက်ခြင်း၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို မျှဝေခြင်း၊ ဆန်းစစ်ခြင်း၊ ဘက်မလိုက်သောစိတ်ဓာတ် တည်ဆောက်ခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ပံ့ပိုးကူညီသူအဖြစ် မိမိကိုယ်ကို သေချာစေခြင်း စသော ဘာသာရပ်ခေါင်းစဉ်များဖြင့် ဆွေးနွေးပို့ချကာ သင်တန်းသို့ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှ ကိုယ်စားလှယ်များ၊ CSO အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ လေ့လာသူများ စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ဩဂုတ် ၃၀ ရက်အထိ လေးရက်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

## သတင်းတိုများ

### အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားမင်းတပ်မြို့နယ်၌ကျင်းပ

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို မင်းတပ်မြို့နယ် မွိတ္တီကျေးရွာဘက်စုံသုံးခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကီးခွီအွမ်နှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်စောကလျာတို့က အမှာစကားပြောကြားပြီး လူသာရမ် ဝေါလ်ဖက်ဒရေးရှင်းမြန်မာ(မင်းတပ်)မှ စီမံကိန်းရေးဆွဲရေးမှူး ဦးမာန်ကီးက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ မိန့်ခွန်းကို ဖတ်ကြားသည်။ ထို့နောက် လူငယ်များက လူငယ်ရေးရာမူဝါဒများနှင့် ပတ်သက်၍လည်းကောင်း၊ သက်ကြီးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပေးနေမှု၊ မသန်စွမ်းလူငယ်များ၏ ကိစ္စရပ်များနှင့် မီဒီယာသုံးစွဲမှုနည်းလမ်းများနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းကြပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကာ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသော လူငယ်ကစားသမားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

### တနိုင်းမြို့နယ်၌ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်၌ ဒေသအလိုက် ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၆ ရက်က ဆောင်ရွက်ခဲ့ပြီး မွေးကင်းစမှ အသက် ငါးနှစ်အောက် ကလေးငယ်တိုင်းအား ကာကွယ်ဆေးများ တိုက်ကျွေးခဲ့သည်။ အဆိုပါ ဒေသအလိုက် ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို တနိုင်းမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာအားလုံးတွင် ဆောင်ရွက်သွားမည်ဟု သိရသည်။

**ဝါဝါ(တနိုင်း)**

### ဖလမ်းမြို့၌မြေအက်ကွဲမှုကြောင့်မိသားစုနှစ်စု ပြောင်းရွှေ့ခဲ့ရ

ဖလမ်းမြို့တလန်လိုရပ်ကွက် ဗိုလ်ချုပ်လမ်းအပေါ်ဘက် တောင်စောင်း၌ ဩဂုတ် ၂၆ ရက်က မြေအက်ကွဲကြောင်းများ ပေါ်လာခြင်းကြောင့် ထိုနေရာရှိ အိမ်တစ်လုံးမှာ ပြိုကျနိုင်သည့်အခြေအနေ ဖြစ်လာသဖြင့် ရဲနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဆိုပါအိမ်တွင် နေထိုင်သော အိမ်ထောင်စုနှစ်စုမှ ပြည်သူ ၁၇ ဦးအား နီးစပ်ရာ ဆွေမျိုးများ၏နေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ **ဂျွန်**



### လူကုန်ကူးမှုဆိုင်ရာများပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့ရာ ရေစကြိုမြို့မရဲစခန်းမှူး ဒုရဲမှူးစန်းဦးက လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာများ၊ မကွေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အလုပ်အမှုဆောင် ဒေါက်တာ အောင်မြင့်ဦးနှင့် ရေစကြိုမြို့နယ်အသင်း အတွင်းရေးမှူး ကိုကျော်သူသူတို့က သက်ငယ်မုဒိမ်းမှုဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့သည်။ ထို့နောက် အလှူရှင် ကိုမျိုးထွန်းကျော်က ကြက်ဆူကျင်းကျေးရွာ အထကကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်အား စာရေးကိရိယာများ ပေးဝေပြီး မျှဝေခြင်းနှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**ကိုဇော်(ခတု)**


**မိုင်းရယ်မြို့နယ်အတွင်း သဘာဝဘေးများ ဖြစ်ပွားပါက ပြည်သူများအနေဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်နိုင်ရန်နှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် သဘာဝဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေဖြိုးလွင်နှင့် တပ်ဖွဲ့ဝင်များက မိုင်းရယ် အထက ကျောင်း၌ ထိုကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်း၍ ဩဂုတ် ၂၇ ရက်က ဆောင်ရွက်နေစဉ်။** မြို့နယ် (ပြန်/ဆက်)




## Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုတို့က အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်းနှင့် တတိယအပတ်ပြသခြင်းတွင် ပရိသတ်အား ကျေးဇူးတုံ့ပြန်မည့် အစီအစဉ်ကြေညာခြင်း

မြန်မာနိုင်ငံ Forever Group နှင့် ကိုရီးယားနိုင်ငံ EBS (Education Broadcast System) တို့မှ ပူးပေါင်းရိုက်ကူးခဲ့သည့် ကြီးမြတ်သောမြန်မာ (The Great Myanmar) 3D Docu-Fiction ရုပ်ရှင် ဇာတ်ကားကြီးကို (၁၅.၈.၂၀၁၉) ရက်မှ (၂၁.၈.၂၀၁၉) ရက်အထိ ရုံတင်ပထမအပတ် ကိုလည်းကောင်း၊ (၂၂.၈.၂၀၁၉) ရက်မှ (၂၈.၈.၂၀၁၉) ရက် အထိ ရုံတင်ဒုတိယအပတ်ကို လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြသခွင့်ရရှိသော ရုံနှင့် ပွဲချိန်များတွင် ပြသခဲ့ရာ၌ အထူး စိတ်ဝင်စားစွာဖြင့် လာရောက်ကြည့်ရှုအားပေးကြသော ပရိသတ်များကိုလည်းကောင်း၊ ရုံတင်ပြသ နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါသော ရုပ်ရှင်ရုံအသီးသီးမှ တာဝန်ရှိသူများ ရုံရက်ချိတ် မန်နေဂျာနှင့် ဒေသဆိုင်ရာ တာဝန်ခံမန်နေဂျာများကိုလည်းကောင်း၊ ရုပ်ရှင်ကို ကြည့်ရှုပြီးနောက် ဝေဖန် ထောက်ပြရေးသားပြောဆို အကြံပြုပေးပါသော ပရိသတ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုတို့က အထူး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မကြည့်ရှုရသေးသော ပရိသတ်များနှင့် ထပ်မံကြည့်ရှုလိုသော ပရိသတ်များအတွက် (၂၉.၈.၂၀၁၉) ရက်မှ (၄.၉.၂၀၁၉) ရက်အထိ တတိယအပတ်အဖြစ် ဆက်လက်၍ အောက်ဖော်ပြပါ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဖြစ်ရာ အားပေးကြသော ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် **ပြသမည့်ရုပ်ရှင်ရုံများနှင့် ပွဲချိန်များအလိုက် လာရောက်ကြည့်ရှုသော လက်ရှိကျောင်းတက်နေဆဲ မည်သည့် ကျောင်းသူ/ ကျောင်းသားမဆို ကျောင်းသားကဒ်ဖြင့် ကိုယ်တိုင်ဝယ်ယူပါက ရုံဝင်ခ၏ (၃၀%) ကို လျှော့ပေါ့၍ ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ပါကြောင်း** ရုံတင်ပြသမည့် ရုံစာရင်း ပွဲချိန်များနှင့်အတူ သတင်းကောင်းပါးအပ်ပါသည်။

## ၂၉.၈.၂၀၁၉ ရက်မှ စတင်၍ တတိယအပတ်အဖြစ် ဆက်လက်ပြသသွားမည့် ရုပ်ရှင်ရုံများ

### ရန်ကုန်

**JCGV**

| | |
|---|---|
| Junction City | 3D |
| Junction Square | 3D |

**မင်္ဂလာ**

| | |
|---|---|
| မင်္ဂလာ (တောင်ဒဂုံ) | 3D |
| မင်္ဂလာ (ဂမုန်းပွင့်) | 3D |
| ရွှေဆောင် | 3D |

**Mega Ace**

| | |
|---|---|
| မြရတနာ (သာကေတ) | 2D |
| ကန်သာယာ (မြောက်ဥက္ကလာ) | 3D |
| Capital ဒေါပုံ | 3D |
| Super One လှိုင်သာယာ | 2D |

### မန္တလေး

**JCGV**

| | |
|---|---|
| မန္တလေး | 2D |

**Mega Ace**

| | |
|---|---|
| မြို့ဂုဏ်ရောင် | 2D |

### နေပြည်တော်

**JCGV**

| | |
|---|---|
| နေပြည်တော် | 2D |

### မုံရွာ

**Red Radiance**

| | |
|---|---|
| Power | 3D |

### ပြည်

**မင်္ဂလာ**

| | |
|---|---|
| မင်္ဂလာထွန်းသီရိ | 3D |

### ပဲခူး

**မင်္ဂလာ**

| | |
|---|---|
| Mingalar (Icon Shopping Mall) | 3D |

JCGV · Mega Ace Cinemas · Mingalar Cinemas · Red Radiance Digital Cinema Solutions

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနမှ တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော သကြား၊ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း/သုံးဘီးဆိုင်ကယ်နှင့် အပိုပစ္စည်းများ၊ စက်ပစ္စည်း/စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ စလောင်းနှင့်ဆက်စပ်ပစ္စည်း /ဖုန်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

(က) နေ့ရက်/အချိန် - ၁၃-၉-၂၀၁၉ရက် နံနက် ၁၀ နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) ပစ္စည်းအမျိုးအမည် - သကြား၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း/သုံးဘီးဆိုင်ကယ်နှင့်အပိုပစ္စည်းများ၊ စက်ပစ္စည်း/စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ စလောင်းနှင့် ဆက်စပ်ပစ္စည်း/လက်ကိုင်ဖုန်းအမျိုးမျိုး

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းပူးတွဲလျက်)တစ်စုံလျှင် ကျပ်(၅၀၀၀ိ/-)(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၉-၉-၂၀၁၉ရက်မှ ၁၀-၉-၂၀၁၉ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား ၉-၉- ၂၀၁၉ ရက်နှင့် ၁၁-၉-၂၀၁၉ရက် နံနက်၁၀နာရီမှ ညနေ ၄ နာရီအထိ (၃)ရက်ပြသပါမည်။

အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ အကောက်ခွန်(ကုန်လှောင်ရုံ)အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း(၀၁-၂၂၇၅၃၁၊ ၀၉-၇၉၅၃၁၂၁၅၉၊ ၀၉-၇၇၅၂၆၈၅၄၈)တို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

### ဖခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ အထက (ချောင်းကောက်) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇင်မျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်နိုင် ၈/မထန (နိုင်) ၀၉၇၉၀၁ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်နိုင်**

### ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဆုံရွာ ကွေ့ကြီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းကိုအောင်၏ဖခင် ဦးမှူး၏ အမည်မှန်မှာ ဦးမြင့်နိုင် ၉/မခန(နိုင်) ၁၂၇၂၉၂ ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်**

### ဖခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ အထက (ချောင်းကောက်) တက္ကသိုလ်ဝင်တန်း(D)မှ မခိုင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကြီး ၈/အလန (နိုင်)၂၁၉၆၂၈ ဖြစ်ပါကြောင်း။ **ဦးကျော်ကြီး**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မောင်အိုက်ကြာ၏ဖခင် ဦးအိုက်ဆမ်၏အမည်မှန်မှာ ဦးမောင်ဆမ် ၁၃/မဆတ (နိုင်) ၀၃၅၃၁၈ ဖြစ်ပါကြောင်း။ **ဦးမောင်ဆမ်**

### ဖခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ အထက (ကျောက်ဆောင်စမ်း) ဆဌမတန်းမှ မခင်ကြိုးကြာဟန်၏ ဖခင်အမည်မှန်မှာ ဦးဟန်သိန်း ၈/ဆပဝ(နိုင်) ၀၀၀၄၅၅ဖြစ်ပါကြောင်း။ **ဦးဟန်သိန်း**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(D)မှ မဝေဝေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၅/ကဘလ(နိုင်)၂၇၀၈၅၈ ဖြစ်ပါကြောင်း။ **ဦးမောင်ဇော်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အထက (ပုဂံ) တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မင်းထွန်းနှင့် ဆဌမတန်းမှ မဇင်မာထွန်းတို့၏ဖခင် အမည်မှန်မှာ ဦးထွန်းကျော် ၈/ပခက (နိုင်) ၁၉၈၅၈၆ ဖြစ်ပါကြောင်း။ **ဦးထွန်းကျော်**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း (E) မှ မောင်ကျော်ဇင်သန့်၏ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၅/ကဘလ (နိုင်) ၁၁၇၁၄၄ ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)ဟုမ္မလင်း တက္ကသိုလ်ဝင်တန်းမှ မနင်းဆီ (ကျောင်းဝင်အမှတ်-၁၄၀၁၀)၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဝင်း (ခ)ဦးအောင်အောင် ၅/ဟမလ(နိုင်) ၀၉၉၇၇၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်ဝင်း(ခ)ဦးအောင်အောင်**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မဂျူလိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းလတ် ၁/မကန(နိုင်) ၁၆၇၃၆၂ ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်းလတ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)ဟုမ္မလင်း တက္ကသိုလ်ဝင်တန်း(C)မှ မအိမ်သူဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေလင်း (ခ)ဦးဖြိုးဝေဝင်း ၅/ဟမလ (နိုင်) ၀၆၉၁၅၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးဖြိုးဝေလင်း(ခ)ဦးဖြိုးဝေဝင်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ဒိုဇရစ်မြို့ အထက(ခွဲ) အဌမတန်းမှ မသန္တာဖြူ၏ ဖခင်အမည်မှန်မှာ ဦးသန်းစိန် ၇/ရကန(နိုင်) ၀၀၈၆၀၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ နောင်ပိုအောင် (အထက) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သန်း၊ တောင်ခြေရင်း (မူလွန်) ဆဌမတန်းမှ မောင်အောင်မျိုးသူနှင့် G-2မှ မောင်သိန်းဆွေတို့၏ဖခင်အမည်မှန်မှာ ဦးကျန်ရောင်း ၅/ဟမလ(နိုင်)၀၉၇၁၄၈ ဖြစ်ပါကြောင်း။ **ဦးကျန်ရောင်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဒိုဇရစ်မြို့ အထက(ခွဲ)အဌမတန်းမှ မမိုးမိုးစန်း၏ဖခင်အမည်မှန်မှာ ဦးဖိုးစူး ၇/ရကန (နိုင်) ၀၈၀၂၉၃ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းသင်းမော် ၉/စကန (နိုင်)၀၀၀၃၇၉ ၏နိုင်ငံကူးလက်မှတ် (M-611037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၉၆၃၇၁၄**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်လှ ၁၁/ပဏတ(နိုင်)၁၀၂၀၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၂၆၆၅၆၈**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်း(E)မှ မောင်ကျော်ဖြူ၏ဖခင် ဦးအိုက်လူ၏အမည်မှန်မှာ ဦးဆွဲ့ငင်းယီ MSE-၀၄၇၄၅၆ ဖြစ်ပါကြောင်း။ **ဦးဆွဲ့ငင်းယီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်နိုင်သန်း ၁၁/ပဏတ(နိုင်) ၀၄၉၅၈၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၉၀၀၈၃၅၅**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## မုံရွာမြို့
## ဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉ခုနှစ် အောက်တိုဘာလ ၁ရက်မှ ၂၀၂၀ခုနှစ် စက်တင်ဘာလ ၃၀ရက်အထိ (၁)နှစ်တာ ကာလအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါနေရာများတွင် ဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot-1 စစ်ကိုင်း-မင်းကွန်းဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်း

(ခ) Lot-2 ဖိုလ်ဝင်တောင်ဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်း

(ဂ) Lot-3 ရွှေဘတောင်ဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်း

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၈-၈-၂၀၁၉ရက် နံနက် ၁၀ နာရီ

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်(အချိန်)** - ၉-၉-၂၀၁၉ရက် ညနေ ၄နာရီ

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၀-၉-၂၀၁၉ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၀၃၂၇၆၉သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၂၀၁၉ခုနှစ် ဩဂုတ် ၂၉ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာန (Gem Trading Center-GTC)များတွင် ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများကို ရေတွက်၊ ချိန်တွယ်၊ စစ်ဆေး၊ မှတ်တမ်းတင်ရန်အတွက် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးပစ္စည်းများကို နိုင်ငံခြားငွေဒေါ်လာဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) Lot(1)။ အဏုကြည့်မှန်ဘီလူး (၅)ခု၊ လက်ကိုင်မှန်ဘီလူး (၁၅)ခု။

(ခ) Lot(2)။ ခရမ်းလွန်ရောင်ခြည်မီး (၅)ခု၊ စိန်စစ်ဆေးစက် (၅)ခု။

(ဂ) Lot(3)။ ချိန်ခွင် (Digital) (၅)ခု။

(ဃ) Lot(4)။ ချိန်ခွင် (၅)ခု၊ ကျောက်ညှပ်ကိရိယာ (၁၀)ခု၊ ကျောက်ကြည့်ဓာတ်မီး (၁၀)ခု၊ ကျောက်တိုင်းကိရိယာ(၅)ခု၊ ကျောက်သုတ်ဝတ် (၁၀)ခု။

(င) Lot(5)။ ကင်မရာ (၅)ခု။

(စ) Lot(6)။ ကွန်ပျူတာ Hardisk (၅)ခု။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၉-၈-၂၀၁၉ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၃၀-၉-၂၀၁၉ရက် ညနေ ၄ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ ဖုန်း(၀၆၇-၄၁၄၇၉၁၊ ၀၆၇-၄၁၄၈၁၈)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ ၃၀-၉-၂၀၁၉ရက် ညနေ ၄ နာရီ နောက်ဆုံးထားအရောက် ပေးပို့ရပါမည်။

၅။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့် အချိန်ကို ထပ်မံအကြောင်းကြားပေးသွားပါမည်။ အိတ်ဖွင့်တင်ဒါပုံစံထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါစာရွက်စာတမ်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website.mge.gov.mm တွင် အခမဲ့ရယူနိုင်ပါသည်-

(က) တင်ဒါလမ်းညွှန်နှင့်စည်းကမ်းသတ်မှတ်ချက်များ

(ခ) တင်ဒါတင်သွင်းခြင်းစာမူပုံစံ

(ဂ) စံချိန်၊ စံညွှန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်(ပြည်ဌာနခွဲ)
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ပညာသင်နှစ် ၂၀၁၈ခုနှစ် အောက်တိုဘာလ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ပြည်ဌာနခွဲ)၏ စတုတ္ထနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ပဥ္စမနှစ် ဥပဒေပညာ(ဘွဲ့) စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား/သူများသည် (၁၇၃)ကြိမ်မြောက် ဘွဲ့နှင်း သဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

